
www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com

**ပုံနှိပ်မှတ်တမ်း**

ထုတ်ဝေသူ – ဦးဝင်းသူရလွင်(အိပ်မက်အသစ်စာပေ)
မျက်နှာဖုံးနှင့်အတွင်းပုံနှိပ် – ဦးဇော်မြင့်ဝင်း(ကာလာရုန်ပုံနှိပ်တိုက်)
မျက်နှာဖုံးဒီဇိုင်း – Aung Pyae
ပုံနှိပ်ခြင်း – ပထမအကြိမ်(၂၀၁၂ ခုနှစ်၊ အောက်တိုဘာလ)
အုပ်ရေ – ၁၀၀၀
တန်ဖိုး – ၁၂၀၀ ကျပ်

ညေး ၈၉၅.၈၃
ဂျစ်ပစီမြို့ကြာသရဲ့ပမ်းပွဲတော်/ညေး။ – ရန်ကုန်
အိပ်မက်အသစ်၊ ၂၀၁၂။
၂၀၄ – စာ၊ ၁၂ × ၁၈.၅ စင်တီ။
(၁) ဂျစ်ပစီမြို့ကြာသရဲ့ပမ်းပွဲတော်။

www.burmeseclassic.com

www.burmeseclassic.com

# ဧည့် အတွက် စကားများ .....

"သွေးရဲ့ ဂျစ်ပစီမြို့က သရဲဖမ်းပွဲတော် ...
ကလောင်နာမည်ရော၊ ခေါင်းစဉ်ပါဆန်းသလို
ဝတ္ထုကလည်း ရေ မီး အစုံပါပဲ၊ ကောင်းပါတယ် ..."

မိုးစက်ဝိုင်း

"ဝတ္ထုတစ်ပုဒ်ကိုဖတ်ပြီးရင် ကောင်းရင် ကောင်းတယ် ပြောလို့ရသလို
မကောင်းရင် မကောင်းဘူး ပြောလို့ရတယ် ...
ဒီ ... ဝတ္ထုကတော့ ကောင်းတယ် ..."

မြေမှုန့်လွင်

BURMESE CLASSIC .com

" ယှဉ်ပစ်ရမယ့် အားကြားထိုးတာမဟုတ်ဘူး၊
အိပ်မက်အသစ်ရဲ့ နောက်တစ်ဆားဘူး ... "

မျှားသူ

" ဂျစ်ပစီမြို့က သရဲဖမ်းပွဲတော် ... တဲ့၊
နာမည်ဆန်းသလို ဝတ္ထုကလည်း အမိုက်စားပဲ ...
'ညီရင်သတ်နဲ့ တွက်တတ်တော်တဲ့သူ' ဆိုတဲ့ ဝတ္ထုလည်းကောင်းတယ် ...
ကျွန်တော်ကတော့ ဒီလိုအသစ်အဆန်းတွေဖတ်ရရင် ကြိုက်တယ်ဗျ ... "

ဓနဝင်း (Snare)

# ဧည့် အတွက် စကားများ .....

"ကျွန်တော်ကြိုက်ပါတယ်၊ ဝတ္ထုကလည်းဆန်းတယ်"

လူနေ

"ကိုယ်ကလဲ ဘာကောင်မှတော့မဟုတ်၊
သူကလဲ 'သွေး' တဲ့ ၊ ဘာမှတော့မဟုတ်သေးဘူး၊
ဘာမှမဟုတ်သေးတဲ့လူတစ်ယောက်ကို
ဘာမှမဟုတ်တဲ့လူတစ်ယောက်က ထောက်ခံရမှာဘဲ၊
ပေးထားတဲ့နာမည်တွေနဲ့တင်ဘိတယ်၊
အဲ့ကောင်မလေး 'သစ်' ပါတယ်၊
ကျန်တာကတော့ သူ့သမိုင်းသူဆက်ရေးရမှာပေါ့"

သည်ခေတ်နေ

"အသစ်အဆန်းကြိုက်တဲ့ပရိသတ်အတွက်တော့ Good Taste ပဲဗျ၊
ဒီစာအုပ်အပြင် နောက်ထွက်လာမယ့် 'မတော်တဆနတ်ခမ်းရာ' နဲ့
'ညီရင်ဘတ်နဲ့တွက်တတ်တော်တဲ့သူ' စာအုပ်တွေကလည်း အရမ်းမိုက်တယ်၊
စာဖတ်ပရိသတ်တစ်ယောက်အနေနဲ့ပဲပြောရင်တော့ လုံးဝအသစ်ပဲဗျာ"

မြိုးဇလား (Snare)

"ဒီစာအုပ်လေးကို စာမူသဘောမှာကတည်းက ကိုဝင်းသူရလှမ်းပေးဖတ်လို့ ဦးဦးဖတ်လိုက်ရတာပါ၊
အရမ်းကောင်းပါတယ်၊ နာမည်လေးလည်း ချစ်ဖို့ကောင်းသလို
ရသအသစ်တွေပါ ပေးတဲ့ ဝတ္ထုပါ"

နန်းမြင့်လွင်

www.burmeseclassic.com

www.burmeseclassic.com

Eainmakathit presents

Eainmakathit
38, 3rd Fl., 153 Lane,
Tamwe Tsp., Ygn.
Ph : 551403,09 730 53 703

# ညး

## ဂျစ်ပစီမြို့ကာသရဲဖမ်းပွဲတော်

(လုံးချင်းဝတ္ထုသစ်)

BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com



တကယ်တော့ ကိုယ်ဟာ
ကောသလမင်းကြီး မမက်ခဲ့ရတဲ့
၁၇ ပုဒ်မြောက် အိပ်မက်ပါ ပက်ဗီယို

www.burmeseclassic.com

www.burmeseclassic.com



သူကား ကိုလံဘတ်(စ်)တော့ မဟုတ်။ သို့သော် အသက်ဆယ့်နှစ်နှစ်နှင့်ပင် ကုန်းမြေသစ်တစ်ခုကို ရှာဖွေမိလေပြီ။

ထပ်ပြောချင်ပါသေးသည်။ သူကား ဟဲမင်းဝေးတော့ မဟုတ်။ သို့သော် စွန့်လွှတ်လိုစိတ်နှင့် နေရာတကာ စပ်စပ်ဆော့ဆော့ရှိလှသည်။

သူ ဘယ်သူလဲ?

သူ့နာမည် မောင်ထင်ကို။

ဂုဏ်ပုဒ်တွေကတော့ တစ်ဆိတ်ကြီးကျယ်လွန်းလေပြီ။

ထောင်ထွက်၊ အိမ်ပြေး၊ ပေါက်တတ်ကရ လူငယ်တစ်ယောက်။

❖ ❖ ❖

၁။

'စုပေါင်း'အမျိုးသားအဆောင်။

နှစ်သက်တမ်းအတော်ကြာပြီဖြစ်တဲ့အတွက် ကြီးမားသန့်စွမ်းလွန်းလှသော ဆူးခက်ပင်စည်ကားကား၊ အစိမ်းရင့်ရောင်၊ အရွက်ဖားဖား၊ အပွင့်ရဲရဲ ကစ်(စ်)မီကွစ်အပင်ကြီးများ လှလှပပရိုက်ထားတဲ့ ခြံဝင်းထဲမှာ မခမ်းနားသော်ငြား သပ်ရပ်ပြီး ချစ်စဖွယ်ကောင်းလှတဲ့ ရေနံချေးဝဝနဲ့ ပျဉ်ထောင်နှစ်ထပ်အိမ်တစ်လုံး တိတ်ဆိတ်စွာရှိနေသည်။

အဆောင်ရဲ့ ညာဘက် အရှေ့မျက်နှာစာမှာတော့ စွယ်တော်ပွင့်တွေ ဝေလို့။

ငှက်တစ်အုပ် လန့်ပြီးပျံသွားသလို ဖျတ်ခနဲတိုက်ခတ်လာတဲ့ လေကြောင့် သူ့နဖူးမှ ဆံစတချို့ နောက်သို့ဝဲသွားသည်။

ကျောပိုးအိတ်ကို လွယ်ပြီး စကိတ်ဘုတ်ပြားတစ်ချပ်ကို ကိုင်ထားတဲ့ လူငယ်လေးတစ်ယောက်၊ ပီကောကို ပူဖောင်း

www.burmeseclassic.com

www.burmeseclassic.com



အကြီးကြီးလုပ်ကာ ဖောက်ခနဲဝါးလိုက်ရင်း အဆောင်ထဲဝင်လာခဲ့သည်။

အဆောင်ပိုင်ရှင် ဖြစ်ဟန်တူသော အန်တီကြီးနှင့် စကားပြောကြည့်သည်။

မဆိုး။

သူ့မှာ ပါလာတဲ့ ငွေကြေးနဲ့ အဆောင်စရိတ်က ချွေချွေတာတာသုံးမည်ဆိုလျှင် လောက်ငှသည်။

အိမ်ပြေးတစ်ယောက်ရဲ့ ရင်ထဲမှာ ပတ်ဝန်းကျင် အပြောင်းအလဲရဲ့ အထားအသို အခင်းအကျင်းက သစ်နေသည်။

သူ စိတ်ကို ဒုန်းဒုန်းချလိုက်သည်။

'ကျွန်တော် နေမယ် အန်တီ'

'အေး… အေး… မင်းအခန်းနံပါတ်က (၈)။ အဆောင်ဆိုတော့ ကိုယ့်ပစ္စည်းကိုယ် မပျောက်ရအောင်တော့ ဂရုစိုက်ပေါ့ကွယ်၊ အန်တီ့အဆောင်က တစ်ယောက်ခန်းသီးသန့်တွေချည်းဆိုတော့ လုံခြုံရေးက စိတ်ချရသလောက်ပါပဲ။ အဲ…'

အန်တီကြီးက ပြောမယ့်ဆဲဆဲမှာတင် ပြောရကောင်းနိုး မကောင်းနိုး ချင့်ချိန်လိုက်ပြီးမှ…

'ဟို မင်းအခန်းနဲ့ ဘေးချင်းကပ်မှာ နေတဲ့သူတွေကတော့ နည်းနည်းဇရိတ်ကျတယ်၊ လူငယ်စာရေးဆရာဆိုလား၊ ဖလော်ဆော်ဖာ ကဗျာဆရာဆိုလား၊ ဗျူးဆရာဆိုလား၊ အေး… အေး… အဲလိုဟာတွေနဲ့ ကပ်နေရမှာ၊ သင့်မြတ်အောင်တော့ ကြည့်ပေါင်းပေါ့၊ လျှပ်စစ်သုံးတဲ့အခါမှာလည်း ဂရုစိုက်'



သူ ခေါင်းတစ်ချက်ဆတ်ပြလိုက်ပြီး အန်တီကြီးထံမှ သော့ကို လှမ်းယူလိုက်သည်။

အားပါးပါး။

ဘုရားစောင်းတန်းက ဗေဒင်ဆရာတွေရဲ့ ဆိုင်းဘုတ်တွေလိုမျိုးပဲ။ သူ့အခန်းဝန်းကျင်ရဲ့ အခန်းတံခါးသုံးခုမှာ မိတ္တူစာရွက်နဲ့ ကပ်ထားတဲ့ စာရွက်တွေ။

ဒေတာ

ဉာဏ်စမ်း၊ ပဟေဠိ၊ အချစ်၊ ဟာသ၊ ဒဿန

လူငယ်စာရေးဆရာ

ဖတ်ပြီး ထင်ကို မျက်ခုံးတစ်ချက်တွန့်မိသွားပြီး ရပ်ကွက်ထဲက ကြောင်စီကွေးရဲ့ မျက်နှာကို ပြေးမြင်ယောင်မိသည်။

ဩော်… ခေတ်… ခေတ်။

အခုခေတ်က ပရိသတ်ကို ဒီလိုဦးနှောက်စားစေမယ့် လုံးချင်းဝတ္ထုတွေနဲ့ ဖလန်းဖလန်းထနေတဲ့ခေတ်။ ခေတ်လူငယ်တွေဆိုတာကလည်း သမားရိုးကျ ချစ်၊ လွမ်း၊ ကွဲ၊ ညည်းမဲပြာပုဆိုးတွေလို ထုံအီနေကြပြီ။ စာရေးဆရာက သူတို့ကို တစ်ခုခုခိုင်းမှ စာဖတ်ရတာ အာသာပြေသလား မသိ။

www.burmeseclassic.com

www.burmeseclassic.com



ပဟေဠိတွေ၊ ဉာဏ်စမ်းတွေ၊ ပုစ္ဆာတွေနဲ့ မြားတွေ ဟိုထိုး၊ ဒီထိုး၊ အရုပ်တွေနဲ့ ဟိုလိုစဉ်းစားခိုင်း၊ ဒီလိုစဉ်းစားခိုင်း၊ အဲသလို ရှုပ်ယှက်ခတ်နေမှ စာအုပ်တွေ ဈေးကွက်မှာ ရောင်းတန်းဝင်မယ်လို့ ထင်နေကြလား မသိ။ ယနေ့ခေတ် စာအုပ်လောကကို ထင်ကို စိတ်ညစ်ညစ်နှင့် တွေးနေမိသည်။

ဒါပေမဲ့ အဲဒီဉာဏ်စမ်းပဟေဠိတွေရဲ့ ဂယက်က ဘယ်သူတွေကို သွားရိုက်ခတ်သလဲဆိုတော့ မြီးကောင်ပေါက်မလေးတွေဆီကို။

ဩော်… ဒီတော့ ယောက်ျားလေးတွေ အုံးစားရပြီ။

တစ်နေ့က ဦးလေးရဲ့ စာအုပ်အငှားဆိုင်မှ လူမရှိလို့ ခဏသွားထိုင်ပေးလိုက်မိပါတယ်။ ပြဿနာက စတော့တာပဲ။

ဆပ်ကော့လပ်ကော့ထဲက ကောင်မလေးတစ်ယောက်ပါပဲ။

လူငယ်စာရေးဆရာတစ်ယောက်ရဲ့ ဉာဏ်စမ်းပဟေဠိ အချစ်ဒဿန လုံးချင်းဝတ္ထုတစ်အုပ်ကို ဆွဲလိုက်ပြီး ကောင်တာထိုင်နေတဲ့ ထင်ကို့ဆီ ပေးလိုက်တော့ သူလည်း စာရင်းမှတ်ဖို့ နာမည်မေးရတော့တာပေါ့။

'နာမည်လေး တစ်ဆိတ်လောက်'

ကောင်မလေးက ခပ်ညစ်ညစ်ကလေး ပြုံးလိုက်ပြီး…



'ကျွန်မနာမည်က တနင်္လာနံ နှစ်လုံးဆင့်ကြားမှာ အင်္ဂါနံတစ်လုံး ဖောက်ထားတာ'

'ဘာ… ဘာတုံးဟင်'

'နာမည်လေ၊ ဉာဏ်စမ်းကြည့်တာ၊ အဖြေညှိမယ်ပေါ့'

မြတ်စွာဘုရား…

အချစ်ဝတ္ထုတွေထဲက ဉာဏ်စမ်းပဟေဠိက ငါ့ဘက်တည့်တည့်လှည့်ကာပါရောလားဟဲ့။ ဂြိုဟ်တော့ ဝင်ပြီ။

ထင်ကိုလည်း ရယ်ချင်ချင်နဲ့ ခေါင်းကို အသာကုတ်လိုက်ပြီး (မလိုအပ်ဘဲ ခေါင်းမစားလိုတာကြောင့်) လေပြေကလေးနဲ့…

'တစ်ဆိတ်လောက် ရိုးရိုးရှင်းရှင်းပြောလို့ မရဘူးလား၊ အဟီး…'

သူက အဲဒီလိုချော့လိုက်တော့မှ ငတိမက ပိုရောင့်တက်သွားပြီး ဆေးတက္ကသိုလ်က စာရေးဆရာမတစ်ယောက်ရဲ့ ခပ်ရှုရှုလေသံအတိုင်း နှင်းလိုက်ပြီး…

'ဟင့်အင်း… တွေးယူလေ၊ ကျွန်မ သဲလွန်စချန်ထားခဲ့ပြီပဲ၊ ရှင့်ကြည့်ရတာ အတွေးအခေါ်ခပ်ညံ့ညံ့ထဲက ခပ်ထိုင်းထိုင်းယောက်ျားတစ်ယောက်တော့ ဟုတ်မယ့်ပုံမပေါ်ပါဘူး'

'အမ်…'

'သေဟ'လို့ ပြောပြီး ကိုယ့်နဖူးကိုယ်ပဲ ဆယ်ပေါင်

www.burmeseclassic.com

www.burmeseclassic.com



တူနဲ့ ထုသတ်ပစ်ချင်တော့တယ်။ ဘယ့်နှယ်ဟာတုံး။ ဒီလိုဟာမျိုးလေးများ ကြိုက်မိရင်တော့ မလွယ်ဘူး။ ထစ်ခနဲဆို သူဖတ်ဖူးထားတဲ့ ဝတ္ထုတွေထဲက မင်းသားရဲ့ မဟာ့မဟာရွှေဉာဏ်တော်ကြီးနဲ့ စံထားပြီး ကျပ်နေမှာတော့ သေချာတယ်။

ခက်တော့တာပဲ သွပ်ချာချာမလေးရယ်။

'ဘယ်လိုလဲ၊ ရှင် အရှုံးပေးပြီမဟုတ်လား'

အောင်မာ… မေးပုံက ရိသဲ့သဲ့။

ကဲ… ဒီလောက်တောင် လှိုက်လှိုက်ဖိုဖိုနဲ့ ရှိမန့်တစ်ဖြစ်ချင်တဲ့ ပဟေဠိမ။ တွေ့ကြသေးတာပေါ့။

ထင်ကိုက သူမကို မော့မကြည့်တော့ဘဲ ဘောပင်ကိုလက်ထဲမှာတင် သုံး၊ လေးချက် လှည့်ကစားလိုက်ရင်း သိပ်မကြီးကျယ်တဲ့ကိစ္စတစ်ခုကို ဖြေရှင်းလိုက်သည့် လေသံခပ်အေးအေးနှင့်…

'ဒီလောက်လည်း ပညာမပါပါဘူးဗျာ၊ လှုပုံကို ကြည့်လိုက်တာရယ်၊ ခင်ဗျားပြောတဲ့ တနင်္လာနဲ့နှစ်လုံးကြားမှာ အင်္ဂါနဲ့ညှပ်ထားတယ်ဆိုတဲ့ သဲလွန်စရယ် ပေါင်းပြီး ခင်ဗျားနာမည်ဘယ်သူဘယ်ဝါဆိုတာ သိပြီးသားပါ။ မှတ်လိုက်မယ်နော်'

'နေဦးလေ… ရှင် ဘယ်လိုမှတ်မှာလဲ'

'ကြောင်စီကွေးလို့'

သူက ပြောလည်း ပြောရင်း စာအုပ်ထဲမှာ ကြောင်စီ



ကွေးလို့ အပီအပြင်မှတ်လေတော့ ကောင်မလေးက ဆွေ့ဆွေ့ခုန်လို့။

'ဘာရှင့်… ဘာရှင့်'

'ဟောဗျာ… ကြောင်စီကွေးပါလို့ဆို'

'အို… ဘုရားရေ၊ ရှင်သွားလဲသေလိုက်၊ ရှင်သွားလဲသေလိုက်'

'ချိုးချိုးဖွဲဖွဲကြီးပါလား၊ လူကို ဘယ့်နှယ်သေခိုင်းနေရတာတုံး'

'ဒီမှာ မသေမချင်းမှတ်ထား၊ ကျွန်မနာမည် ကြယ်စင်ကို၊ ဒေါ်ရွှေစင် ဦးကိုကိုတို့ရဲ့ တစ်ဦးတည်းသောသမီးကြယ်စင်ကို၊ ကြောင်စီကွေး မဟုတ်ဘူး'

'အစောကတည်းက အဲလို ရှင်းရှင်းလင်းလင်းပြောလိုက်လည်း ပြီးနေတဲ့ဥစ္စာ၊ အခုတော့ ရှုပ်ကုန်ပြီ၊ စိတ်သာညစ်တော့တာပဲ၊ ကဲ… ဒီမှာကလည်း ကြောင်စီကွေးလို့ကမှတ်ပြီးသွားပြီ၊ ခင်ဗျားပြောသလို တနင်္လာနဲ့နှစ်လုံးကြားမှာအင်္ဂါနဲ့ညှပ်ပါတယ်ဗျာ၊ ကျွန်တော့်ဦးလေးက စည်းကမ်းသိပ်ကြီးတာ၊ သူ့အငှားမှတ်တမ်းစာအုပ်မှာ ဖျက်ရာ၊ ပြင်ရာပါတာသိပ်ကြိုက်တာမဟုတ်ဘူး၊ ဒီတော့ ကြယ်စင်လည်း ကိုမနေပါနဲ့တော့၊ ကြောင်စီပဲ ကွေးလိုက်ရအောင်ပါ၊ အဟီး…'

'ရှင်… ရှင်… ကျွန်မကို သက်သက်ညစ်တာ၊ ညစ်တာ'

www.burmeseclassic.com

www.burmeseclassic.com



'မညစ်ရပါဘူးဗျာ၊ ဘုရားစူးပါရစေရဲ့'

'ပညာ… ပညာပြတာ၊ ကဲ… ကဲဟယ်'

ကြောင်စီကွေးက သူ့မျက်နှာကို စာအုပ်နဲ့ပစ်ပေါက်လိုက်ပြီး (သူ မနည်းခုန်ရှောင်လိုက်ရသည်။) ဆိုင်ထဲကနေ ဆောင့်ဆောင့် ဆောင့်ဆောင့်နှင့် ထွက်သွားပါလေတော့သည်။

'ဟား… ဟား… ဟား… ဟား…'

သွပ်ချာချာမလေးတွေနဲ့ ရန်ဖြစ်ရတာ တစ်ခါတလေကျတော့လည်း ပျော်စရာအကောင်းသား။

နောက်တော့ ကြောင်စီကွေးနဲ့ လမ်းမှာတွေ့ရင် သူက ဘာကိုမှနားမလည်တဲ့ ရုပ်ကလေးနဲ့ အသံမထွက်ဘဲ ကြောင်စီကွေးကို ပါးစပ်လှုပ်ရုံကလေး လှုပ်လှုပ်ပြတတ်တာမို့ ကြယ်စင်ကိုတစ်ယောက်တည်း ကမူးရှူးထိုးနဲ့ လက်သီးထောင်ပြလိုက်၊ လက်ဝါးရွယ်ပြလိုက်၊ လက်ခမောင်းခတ်ပြလိုက်၊ အင်္ကျီဆွဲမပြီး စာကလေးဥလောက်ရှိတဲ့ မဟာဗလကို ထုတ်ပြလိုက်၊ အခုပဲ ကုန်းကိုက်တော့မယ့်ပုံ လုပ်ပြလိုက်နဲ့ နောက်ဆုံးတော့ အဲဒီအမှုက သူ့အဖေဆီ ရောက်သွားပါရော။

သူ့အဖေ ဦးကိုကိုဆိုတာက အဲဒီရုပ်ကွက်က ရပ်ကွက်လူကြီး။

သိပ်မကြာ။ ထင်ကိုဦးလေးကို ရပ်ကွက်ရုံးက အမည်နာမတပ်ရန် ခက်ခဲသော ပုဒ်မနဲ့ ဆင့်ခေါ်တော့တာပဲ။

ဦးလေး ရပ်ကွက်ရုံးကနေ ပြန်ရောက်လာတော့ မျက်နှာက မှုန်ကုတ်ကုတ်နဲ့။



'ကဲ… ထင်ကို၊ အရှုပ်ထုပ်၊ ငါ့ဆိုင်ကို လာကူတာမှ တစ်ပတ်မပြည့်သေးဘူး၊ ဖောက်သည်တစ်ယောက်လည်း လျော့ပြီ၊ ငါလည်း ရပ်ကွက်ရုံးရောက်ပြီ၊ နော်၊ ဘယ့်နှယ်… စစရာရှားလို့ ရပ်ကွက်လူကြီးသမီးမှ သွားစရတယ်လို့ ထင်ကိုရာ၊ မင်းဟာလေ ကဲ… ရှော့… ရှော့… မုန့်ဖိုး၊ နည်းတယ်များတယ် မအောက်မေ့နဲ့၊ ဟုတ်လား၊ ပြန်တော့၊ ငါ တက္ကစီငှားပေးလိုက်ရမလား'

'ဟင့်အင်း'

သူကတော့ ဘာကိုမှ နားမလည်မသိတဲ့ မျက်နှာသေကလေးနဲ့ ကျောပိုးအိတ်ကို ပြင်လိုက်ပြီး ရပ်ကွက်ထဲကနေ အောင်မြင်စွာပဲ တပ်ဆုတ်လာခဲ့ပါတယ်။

ဩော်… ဒီအဆောင်မှာ လူငယ်စာရေးဆရာ ဒေတာနေတယ်လို့များ သွားသတင်းပေးလိုက်လို့ကတော့ ကြောင်စီကွေး ငါ့များ အာဘွားကြီးပေးနေဦးမလား မသိ။

## ကိုဖြူရှပ် (Cophyuscius)
## ခေတ်သစ်ဖလော်ဆော်ဖာ ကဗျာဆရာ

အောင်မာ…

ကိုဖြူရှပ်ဆိုပဲ။ လာ လာချည်သေး။ ရေးထားတဲ့ အင်္ဂလိပ်စာလုံးကိုလည်း ကြည့်ဦး။ Ko Phyu Shat လို့ ရေးရင် လက်ခံနိုင်သေးတယ်။ အခုတော့ Cophyucius တဲ့။ တရုတ် အတွေးအခေါ်ပညာရှင်ကြီး ကွန်ဖြူးရှပ် Confucius နဲ့ ဘာလိုလို ညာလိုလို။

www.burmeseclassic.com

www.burmeseclassic.com



ဟာဟာ… ရယ်တော့ ရယ်ရမယ့်ပုံကြီး။ တွေ့မှ ကလိပြီး မေးကြည့်ဦးမယ်။ တွေ့ခဲ့ဖူးတဲ့ လူတွေထဲက လူတွေလိုပဲ စည်းမျဉ်းတွေ၊ ဘောင်တွေ၊ နီတိနဲ့ သီအိုရီတွေ၊ ဒဿန နဲ့ ism တွေအောက်မှာ မွန်းကျပ်နေတဲ့ လူလိုလား ဒါမှမဟုတ် လွတ်ထွက်နေတဲ့ လူလား။

မွန်းကျပ်မှုနဲ့ လွတ်ထွက်မှု။

အင်း… အဲဒါကြီးက နည်းနည်းကျယ်ပြန့်တော့ အိပ်ချင်တယ်။ အသာထားလိုက်ဦး။ ဟိုဘက်က ဘာတဲ့။

မောင်မောင်ချွန်
စာနယ်ဇင်းဆရာ (မီးဝင်းဝင်းတောက်ဂျာနယ်)

သြော်… အကုန်လုံး ဆရာတွေချည်းပါလား။ ချွန်ထည့်လိုက်လို့ ဘယ်နှယောက်လောက် ကားသွားလဲ မသိဘူး။

ထင်ကိုက လေတစ်ချက်ချွန်ရင်း သူနေရမယ့်အခန်းထဲ ဝင်သွားလိုက်တယ်။

ဆော့ပန်နှင့် တစ်စုံတစ်ရာရေးသားထားသော စာရွက်တစ်ရွက်ကို ယူလာခဲ့ပြီး သူ့အခန်းရှေ့တံခါးမှာ ဘတ်ခနဲ ကပ်ပစ်လိုက်တော့တယ်။

မောင်ထင်ကို
ဆရာများ၏ ဦးသျှောင်။

❖ ❖ ❖

၂။

ညနေခင်းက အရောင်မမှိန်သေး။ နတ်သမီးတစ်ပါးရဲ့ ဝတ်ရုံပုဝါစလို အလင်းနှင့် တောက်ပနေသည်။ သွဲ့သွဲ့ညင်းညင်းတိုက်ခတ်နေသော လေပြည်ထဲတွင် မှတ်သုံ၏ ကိုယ်ငွေ့က လတ်ဆတ်စွတ်စိုနေသည်။

မိုးရေဝနေကြသော အလေ့ကျပိန်းပင်အရိုင်းများ၏ စိမ်းမှောင်ပြည့်ကားသော အရွက်ဖားဖားတချို့ပေါ်တွင် မိုးရေစက်ကလေးများ ကတ်သီးကတ်သတ် တင်နေကြပုံမှာ ချစ်စရာကောင်းနေသေးတော့သည်။

အနည်းငယ်ကွေ့ကောက်သော်လည်း ပြန့်ပြန့်ပြူးပြူးရှိလှသည့် ကတ္တရာလမ်းထက်တွင် ထင်ကို အရှိန်ပြင်းပြင်းနှင့် စက်ဘီးစီးနေ၏။

သူသွားနေသည်ကား လူတွေ ပြောပြောနေတဲ့ အနောက်ကမ္ဘာက ဒီမိုကရေစီအကြောင်း၊ ကားဈေးကွက်နဲ့ ရွှေဂယက်၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနဲ့ ကမ်းလှမ်းရေနံလုပ်

www.burmeseclassic.com

www.burmeseclassic.com



ကွက်၊ Facebook ရဲ့ နောက်ဆုံးပေါ်နည်းပညာ ဝန်ဆောင်မှုနဲ့ Window 8 တို့ရဲ့ ဝေးရာဆီကိုလား။

လူတွေနဲ့ အဝေးဆုံးကိုရောက်တဲ့အခါမှာ လေကို ရှူရှိုက်ရတာ ပိုသန့်လာသလို ထင်မိ၏။ စိတ်ရဲ့အခင်းအကျင်းကို ဖော်ပြခွင့်ရှိမည်ဆိုလျှင် သူ အခု အစိမ်းရောင်ဖြစ်နေသည်။

စကိတ်ရဲ့အရှိန်ကို သူ ထပ်မံမြှင့်တင်ပေးလိုက်သည်။

အဝေးဆုံး။

ညနေခင်း ပိန်းပင်ရိုင်းတို့ရဲ့ အစိမ်းရောင်ဗေဒ။ လမ်းရဲ့ ခေါ်ဆောင်ရာ။ လူငယ်ကလေးတစ်ယောက်ရဲ့ အရိုင်းဆန်တဲ့ သိစိတ်ကင်းလွတ်မှု။

အလင်း၊ အခင်းအကျင်း၊ အရှိန်၊ အရွေ့။

သို့နှင့် အကွေ့တစ်ကွေ့သို့ အရှိန်နှင့် အရောက်မှာတော့…

'ဟာ… ဟော့'

'အမေ့'

'အင့်…'

လမ်းမပေါ်သို့ အရှိန်နှင့်ထွက်လာသူ တစ်စုံတစ်ယောက်နှင့် သူ အရှိန်ပြင်းပြင်းတိုက်မိသွားကြပြီး လွင့်စဉ်ကာ ရူပါမင်းလို ဟိုးဝေးဝေးရောက်သွားသည်။

အား… နာလိုက်တာ။

ကတ္တရာလမ်းပေါ် အရှိန်ပြင်းပြင်းကျသွားသည်မို့



အတော်လေးနာကျင်သွားရင်း ဒီလောက် နမော်နမဲ့ဆန်စွာ ထွက်လာသူကိုလည်း ကျိန်ဆဲပစ်လိုက်မိသည်။

'အား… ကျွတ်… ကျွတ်…'

ဟင်… မိန်းကလေးတစ်ယောက်ရဲ့ ညည်းညူသံ။

သြော်… မိန်းကလေးတစ်ယောက်ပါလား။

သူ့ကို ဝင်တိုက်သွားတဲ့သူဟာ သူ့အသက်မတိမ်းမယိမ်းထဲက လှတပတ ကောင်မလေးတစ်ယောက်မှန်း သိလိုက်ချိန်မှာတော့ စွတ်ဆက်ထွက်လာတဲ့ ဒေါသတွေအကုန်လုံး ကြက်ပျောက် ငှက်ပျောက် ပျောက်ကုန်ကြတော့သည်။

သြော်… လူ့စိတ်ဆိုတာ ရယ်စရာတော့ အကောင်းသား။

'ဟေး… မင်း ထနိုင်လို့လား'

နာကျင်နေရင်းကြားမှ လူးလဲထနေသော ကောင်မလေးကို အော်ပြောလိုက်သည်။

'တ… တစ္ဆေ'

'ဟင်… ကျွန်တော်လား'

'မဟုတ်ဘူး၊ တစ္ဆေလိုက်လာလို့'

ဟုတ်တော့ ဟုတ်မယ့်ပုံ။ မျက်နှာက လုံးဝသွေးမရှိတော့သလို ဖြူဖပ်ဖြူရော်နဲ့။

'တစ္ဆေဆိုတာ သရဲကို ပြောတာလား'

'ဟုတ်… ဟုတ်တယ်'

www.burmeseclassic.com

www.burmeseclassic.com



'နာနာဘာဝတွေနော်'

'ဟုတ်ပါတယ်လို့ဆို ရှင်ကလည်း'

'သေချာအောင် မေးရတာ၊ လိုက်မယ့်လိုက် ကောင်မလေးနောက်ကို ကောင်လေးတွေပဲ လိုက်မှာပေါ့၊ ဘယ့်နှယ်တစ္ဆေလိုက်ရတယ်လို့၊ ဘယ်မှာ မျက်ခြည်ပြတ်ကျန်နေခဲ့တာလဲ'

'နောက်မှာ… ဟိုးအနောက်မှာ'

ထင်ကို အနောက်သို့ လှည့်ကြည့်လိုက်သည်။

မရှိ။ မရှိတာမှ ဘာမှကို မရှိ။

'မဟုတ်ပါဘူး၊ မရှိပါဘူး'

'ရှင်မသိပါဘူး၊ ကျွန်မပဲ မြင်ရတာ'

ကောင်မလေးက ပြောလည်း ပြောရင်း အဝေးသို့ လွင့်စဉ်သွားသော သူ့စကိတ်ကို ပြေးကောက်ပါသည်။

'ဟာ… ဟေး…'

'ကျွန်မ ရှင့်စကိတ် ခဏငှားမယ်နော်'

'ဟ… နောက်က တစ္ဆေလိုက်လာတာ စကိတ်စီးပြေးတော့ လွတ်ကရောလား'

'ခြေလျင်ပြေးတာထက်စာရင်တော့ မြန်တယ်'

ကောင်မလေးက ပြောပြောဆိုဆိုနဲ့ စကိတ်ပေါ်တက်ပြီး အရှိန်နှင့် ပြေးစပြုနေလေပြီ။

'ဒါနဲ့ မင်းနာမည်'



သူ အကျယ်ကြီးအော်မေးလိုက်ရသည်။ ကောင်မလေးက လှည့်ပင်မကြည့်။

သူ့စကိတ်ကို ပိုင်စိုးပိုင်နင်းလုပ်စီးပြီး ခပ်ဝေးဝေးရောက်တော့မှ အော်ပြောသွားသည်။

'သစ်… ခွ… နက်'

❖ ❖ ❖

www.burmeseclassic.com

www.burmeseclassic.com

"အချစ်"လို့ ခေါ်းစဉ်တပ်ဖို့ တော်လွန်းသေးတဲ့ (ထိုသို့ယူဆရသော) ငြိတွယ်မှုလေးနဲ့ စတင်ခဲ့ပါတယ် ပက်ဖီယို။ ဒီည ကောင်းကင်ကြီးမှာ ကြယ်တွေစုံသတဲ့လား။ ငါ့ရင်ဘတ် တစ်ခုလုံး လက်ဖြာနေခဲ့ရတာကတော့ ပက်ဖီယိုရဲ့ မျက်နှာတစ်ခုတည်းကြောင့်ပါ။

သစ်ခွနက်တဲ့။ ဝေးလံသီခေါင်ပြီး နိုက်နိုက်တုန်အောင် ချမ်းတဲ့ တောင်ထိပ်ဖျားမှာ အလှေ့ကျပွင့်တဲ့ ရှားပါးသစ်ခွရိုင်းကလေး မင်းရယ်ပေါ့။ သစ်ခွနက်ဆိုတာ ရုက္ခဗေဒ နာမည်အရ Paphiopedilum (ပက်ဖီယို ပန်ဒီလန်) ဆိုတဲ့ မျိုးနွယ်စုထဲမှာ ပါတယ်ဆိုတာရော မင်းကိုယ်မင်း သိရဲ့လား။

မင်းကို ပက်ဖီယိုလို့ ခေါ်ခွင့်ပြုပါ။ (မင်းကို ဒီလို နာမည်မျိုး ဘယ်ငနဲသားကမှ မခေါ်ဖူးပါစေနဲ့လို့ ဆုတောင်းရင်း)

ကိုယ့်ရင်ဘတ်ပေါ် ပန်းလေးတစ်ပွင့်လောက် ပွင့်လှည့်စမ်းပါ ပက်ဖီယို။

❖ ❖ ❖

## ၃။

အခန်းတံခါးကို ပိတ်လိုက်သည်နှင့် လူဟုယူဆရသော လူတစ်ယောက် သူ့အနားသို့ ဗိုသီဘတ်သီ ပြေးလာသည်။

နဂိုကောက်လား၊ တမင်စတန့်ထွင်ပြီး ကောက်ထားတာလားမသိတဲ့ ဖွာလန်ကျဲနေတဲ့ ဆံပင်အကြေကောက်တွေကို ဖြစ်သလို စုချည်ထားပြီး မုတ်ဆိတ်မွေးကိုပါ (လက်ကမြင်းတာလား ဘာလားတော့ မသိ) ကျစ်ဆံမြီးတစ်ချောင်း ကျစ်ထားသော (မြန်မာနိုင်ငံမှာ ထိုသို့ ပြုလုပ်သည့် အနုပညာရှင်တစ်ယောက်စ၊ နှစ်ယောက်စတော့ ထင်ကို မြင်ဖူးပါသည်) အသားမည်းမည်း၊ အရုပ်ပုပု ထိုသူကို မြင်တော့ ပက်ဖီယို နောက် လိုက်တဲ့ သရဲများလားလို့ ထင်ကို တွေးလိုက်မိသေးသည်။ အင်း… ကြည့်ရတာ လူတော့ လူပုံပါ။

ပက်ဖီယို မပြောနဲ့။ ထင်ကိုတောင် လန့်ပြီးထခုန်မိမတတ် ဖြစ်သွားလိုက်သေး၏။ သူ့ဒုက္ခကျတော့ တစ်မျိုး။

www.burmeseclassic.com

www.burmeseclassic.com

'ကြား… ကြားလိုက်လား'

'ဟင်… ဘယ်မလဲ ကျား'

'ကြားလိုက်လားဆိုမှကွာ'

'ကျားမလိုက်ပါဘူး'

ဟာ… ဘာတွေတုံးဗျာ။ မနေ့ကလည်း ကောင်မလေးတစ်ယောက် သူ့နောက် တချွေလိုက်လို့ဆိုပြီး ကိုယ့်မှာ ယောင်တိယောင်ကန်းနဲ့ အဆစ်ချစ်မိသွားသေးသည်။

အခုလည်း လူလိုလို ဘာလိုလိုကြီးက ကျားလိုက်လို့တဲ့။ (ဒီလိုဟာမျိုးကြီးတော့ ထင်ကိုတို့ မိန်းကလေးဖြစ်ခဲ့ရင်တောင် ကြိုက်မိဖို့ ဝေး။ တော်ကြာ သူ့မုတ်ဆိတ်ကျစ်ဆံမြီးကြီးနဲ့ လူကလိနေမှ ဟုတ်ပေ့ဖြစ်နေဦးမယ်။)

'မကြားလိုက်ဘူး လုပ်စမ်းပါကွာ၊ မင်းကလည်း'

'ဩော်… အဲ… ကြားတယ်ဗျ၊ ကြက်ဖကြီးတစ်ကောင် တွန်နေတာ'

ဟုတ်၏။ မှန်၏။

အဆောင်နဲ့ အနီးတစ်ပိုက်မှာ ကြက်ဖတစ်ကောင် တွန်နေပုံဟာ အိမ်ထောင်ဦးစီးတစ်ယောက်က အိမ်ရှင်မကို ဈေးဖိုးငွေ ထုတ်ပေးနေသလိုမျိုး ဩဇာကောင်းကောင်းနှင့် စီးစီးပိုင်ပိုင်ရှိလှသည်။

'ဘာတဲ့လဲ'

'အိုဗျာ… ခင်ဗျားကလည်း… အောက်အီးအီးအွတ်



ပေါ့'

'မဟုတ်ဘူး ငါ့ညီရ'

'ဟင်… ဒါဖြင့် ဘယ်လိုတဲ့တုံး'

'ဥကြီးကြီးဥတဲ့'

တိန်။

ထင်ကို မျက်လုံးကလေး ပေကလပ် ပေကလပ် ဖြစ်သွားသည်။

'သူ့မိန်းမ ကြက်မကို မှာနေတာ'

ဟာ… ဘယ့်နှယ့်ဟာကြီးတုံး။ ထင်ကို တကယ် သေချင်စော်နံသွားသည်။

'ဟော… အဲဒီအသံကရော'

'ကတော့ ကတော့ ကတော့ တဲ့၊ ကြက်မအသံ'

'မဟုတ်ဘူး ငါ့ညီရ'

'လုပ်ပြန်ပြီ'

'တော်ကလည်း တော်၊ တော်ကလည်း တော်တဲ့၊ သူ့ယောကျ်ားကြက်ဖကြီးကို ပြန်ပြောနေတာ၊ ဆိုလိုတာက ကွာ၊ ဒီလို… ဒီလောက် ဥကြီးကြီးဥနေပါရက်နဲ့ ဘာကြောင့် မိန်းမကို အပြစ်တင်နေရတာလဲပေါ့ကွာ'

'ဟင်း…'

ထင်ကို ခေါင်းကို တစ်ချက်ကုတ်ကာ သက်ပြင်း အရှည်ကြီးကို ချလိုက်မိပါသည်။

www.burmeseclassic.com

www.burmeseclassic.com



'ညီ နားထောင်စမ်း၊ နားထောင်စမ်း၊ ဒီအသံကျတော့ ရော'

'ကြက်ပေါက်ကလေးတွေ အော်တာဗျာ၊ ပကျို ပကျို ပကျိုနဲ့'

'မဟုတ်ဘူး ငါ့ညီရ'

ထင်ကို အဲဒီလူကြီးကို မျက်စောင်းထိုးပစ်လိုက်သည်။ ရစ်စရာရှားလို့ အထီးအထီးချင်းများ လာရစ်နေသေးတယ်။ အာဘွားပေးလွှတ်လိုက်ရအောင်ကလည်း နှုတ်ခမ်းမွေးစူးမှာ ကြောက်ရသေးတယ်။

'ဒါဖြင့် ဘာတုံး'

'ပစိ ပစပ် ပစိ ပစပ်တဲ့၊ ဆိုလိုတာကကွာ၊ ဒီလို၊ မိဘတွေ နှစ်ယောက်စလုံး ဖေကြီးရော မေကြီးရောပေါ့နော်၊ ပစိပစပ်သိပ်များတယ်တဲ့၊ အဲလို၊ အဲလို'

ထင်ကိုက ခေါင်းကို တစ်ချက်ခါလိုက်ရင်း…

'ဘာတွေပြောနေတာတုံး၊ ဟိုပြဇာတ်ထဲက လူရွှင်တော်တွေ ပြက်တဲ့ ပြက်လုံးလား'

'နိုး… လုံးဝမဟုတ်ဘူး၊ ကိုယ် အခု ပါဠိတစ်ခု ရထားတယ်'

'ဘာပါဠိတုံးဟင်'

'တိရစ္ဆာန်တွေပြောတဲ့ ဘာသာဗေဒကို လူလို တိုက်ရိုက်နားလည်တဲ့ ပါဠိ'



'ဩော်…'

ထင်ကို မေးတစ်ချက် ဆက်လိုက်သည်။

'ဒါဖြင့် ခွေးတွေဟောင်တဲ့ 'ဝုတ်… ဝုတ်' ဆိုတာကရောဗျာ'

'တကယ်တော့ ညီတို့ နားကြားလွဲနေတာပါ၊ မဟုတ်ဘူး ငါ့ညီရ၊ တကယ်ပြောတာက 'တုတ် တုတ်' တဲ့။ သူဆိုလိုချင်တာက ဒီလိုကွ၊ ခင်ဗျားကို တုတ်နဲ့ရိုက်ချင်ပါတယ်တဲ့။ တုတ်ကို ကိုင်နိုင်လောက်တဲ့ လက်မရှိလို့ သွားနဲ့ပဲ ကိုက်ရပါတော့မယ်ဆိုတာကို 'တုတ်၊ တုတ်' ဆိုပြီး ပြောတာကွ'

သူပြောတော့လည်း ဟုတ်သလိုအရှိသား။

'တကယ်တော့ ငါ့ညီရာ၊ မင်းသည် မင်းပဲဖြစ်ပါစေ၊ မှူးမတ်တို့သည် မှူးမတ်ပဲ ဖြစ်ပါစေ၊ ဖခင်သည်လည်း ဖခင်သာဖြစ်၍ သားသည် သားပဲဖြစ်ပါစေဆိုသလိုပေါ့၊ ကိုယ်လည်း ဘုရားမှာ အကြိမ်ကြိမ်တိုင်တည်ဖူးတယ်၊ အရက်သည် အရက်သမားများအတွက်သာ ဖြစ်ပါစေလို့။ ဒီမှန်ကန်တဲ့ သစ္စာတရားတွေကြောင့် အစ်ကိုဟာ နယ်စည်းမခြားတဲ့ အရာရာကို ထိုးထွင်းမြင်နိုင်၊ သိနိုင်သူတစ်ယောက် ဖြစ်လာတာပေါ့'

အိမ်… ထင်ကို ချက်ချင်းပင် သဘောပေါက်လိုက်သည်။

'ခင်… ခင်ဗျား ကိုဖြူရှပ်ဆိုတာလား'

www.burmeseclassic.com

www.burmeseclassic.com



'အို… အို… ညီ ကိုယ့်နာမည် ဘယ်လိုလုပ်သိလဲ'

လူစင်စစ်ကနေ သရဲရုပ်ပေါက်နေတဲ့ ကိုဖြူရုပ်ကြီးက မျက်လုံးကလေး ပေကလပ် ပေကလပ်နှင့် သနားစဖွယ် ချစ်စဖွယ် မှင်စာကရုပ်ကလေးလုပ်ကာ မေးပါသည်။

'ခင်ဗျား စောစောက ရွတ်သွားတာ ကွန်ဖြူးရှပ်(စ်)ရဲ့ ကထာကျမ်းတွေပဲ'

'ဟုတ်လိုက်လေ ညီ၊ တကယ့်ပညာရှိပဲ၊ ကိုယ်လွှတ်ပေးလိုက်တဲ့အလုံးကို ညီဖမ်းတတ်တယ်၊ ညီက ညီ့တံခါးရှေ့မှာ ထင်ကို ဆရာများရဲ့ ဦးသျှောင်လို့ ရေးထားလို့ ကိုယ်နည်းနည်းဖုပြီး ပညာစမ်းကြည့်တာ၊ အဟီး'

'ပညာတော့ မရှိပါဘူးဗျာ၊ လူတောင် နည်းနည်းချောင်တောင်တောင်ဖြစ်သွားတယ်၊ မသိပါဘူး၊ ကျွန်တော်က ခင်ဗျား မူးနေတယ်အောက်မေ့လို့'

'မူးပါဘူး၊ အခုမှ သွားမှာ'

'ဘယ်ကိုလဲ'

ကိုဖြူရုပ်ကြီးက မျက်နှာကြီး စပ်ဖြဲဖြဲလုပ်ပြီး…

'ဘုံဆိုင်ကို'

ထင်ကို ခေါင်းခါယမ်းမိပါသည်။

နာရီကြည့်တော့ မနက်ကိုးနာရီခွဲ။ မလွယ်ကြောပဲ။

❖ ❖ ❖

# ၄။

အလန်တော့ အလန်ထဲကပဲ။

အင်္ကျီအပျော့သား ခပ်ကျပ်ကျပ်အမည်းနဲ့ အကွက်တွေပါတဲ့ ခပ်ကျပ်ကျပ်စကင်နီဘောင်းဘီကို ကျပ်ကျပ်ထုပ်ထုပ်ဝတ်ဆင်ပြီး ခါးမှာ အိတ်ပျော့တစ်လုံးပါတဲ့ ခါးပတ်ကိုပတ်ကာ မျက်မှန်အနက်တပ်ဆင်ထားတဲ့ လူရွယ်တစ်ယောက်။

မသိရင် အယ်လ်အေဂလက်ဆီအသင်းကနေ စာချုပ်သက်တမ်း ကုန်ဆုံးတော့မယ့် ဒေးဗစ်ဘက်ခမ်းတစ်ယောက် စပါးပဲသွားရမလား၊ ကျူပီအာပဲ သွားရမလား၊ ပြင်သစ်ကလပ်ပီအက်(စ်)ဂျီပဲ သွားရမလား စသဖြင့် အထက်တန်းကျကျ ဗျာများနေတဲ့ပုံ။

ထောင်ထားတဲ့ဆံပင်ဆိုတာတော့ ပြောမနေနဲ့တော့။ သူ့ခများ အညောင်းပြေ အညာပြေ လွဲချင် ရှာရင်တောင် ခေါင်းကို လေထဲမှာကြွထားရမယ့်ပုံလို့ ထင်ကို သုံးသပ်ရင်း ရယ်ကျဲကျဲလုပ်မိတော့ ဆရာက အရင်စမိတ်ဆက်ပါလေတော့သည်။

www.burmeseclassic.com

www.burmeseclassic.com



'ဒီက ညီလေးက'

'ထင်ကိုပါ ခင်ဗျ'

'ကိုယ့်နာမည်လည်း မှတ်ထား၊ ဒေတာတဲ့'

အားပါး။ အနားကပ်လိုက်တော့ အနံ့တွေကလည်း မွှေးလိုက်တာ။ ယောကျ်ားချင်းတောင် ရင်ခုန်ယူရတယ်။ ဘုရားစူး။

'ဩော်... ဉာဏ်စမ်းပဟေဠိ အချစ်ဟာသဒဿန မောလိုက်တာ၊ လူငယ်စာရေးဆရာဆိုတာလား'

'ဟုတ်၏၊ မှန်၏'

'လန်းတယ်နော်'

'အခုခေတ် စာရေးဆရာတွေက ဒီလိုတန်းတွေထဲက ကွ၊ ကိုယ်လည်း သိပ်နောက်ကျကျန်ရစ်ခဲ့လို့ မဖြစ်ဘူး'

'မှန်တာပေါ့၊ ဒါနဲ့ ဘယ်ကိုသွားမလို့လဲ'

မေးလိုက်တော့မှ ဆရာက အထာပြုံး ပြုံးလိုက်ပြီး...

'ဟသ်ာယာဉ် နွဲ့နွဲ့နှောင်းမှာ စောင်း၊ ကြာပန်းပိုက်ပါလို့ ရှစ်မျိုးခိုက်ကြဲအင်လက္ခဏာ နတ်မိမယ်လေးပျော်စံရာ'

အလဲ့။

ထင်ကို ဒီအဆောင်မှာ နေရတာ ပျော်လည်း ပျော်သည်။ စိတ်လည်း လေပါသည်။ ဒါကြောင့် ခေါင်းကို အသာကုတ်ရင်း ငေါ့တော့တော့နှင့်...



'အမေဂျမ်းရဲ့ နတ်ကွန်းကိုသွားမယ်လို့ ပြောတာလား ဟင်'

သို့မှ ဆရာက အကွက်ကောင်းကို ရောက်ပြီအထင်နှင့် လက်ကလေးကာကာ မျက်လုံးလေးပြူးရင်း ငမိုက်သားကို ချွတ်တော့မယ့် ပညာရှိသုခမိန်ပေါက်စရုပ်ကလေး ဖမ်းလိုက်ပြီး...

'ဟာ... ဟာ... ဟော့... မင်း အဲလောက် စာနဲ့ပေနဲ့ ဝေးရသလားကွ၊ တို့ ဒီ ဘယ်လိုခေါ်မလဲ၊ ဟသ်ာယာဉ်တို့၊ ဒေါင်းယာဉ်တို့မှာ စောင်းတို့ ကြာပန်းတို့ ပိုက်ပြီး နွဲ့နွဲ့နှောင်းနှောင်းထိုင်တာတို့၊ ဒီ ဘယ်လိုခေါ်မလဲ။ သူ့ရသသတိမယ်တော်ပေါ့ကွာ၊ နောက်ပြီးတော့ တို့ ဒီ ဘယ်လိုခေါ်မလဲ၊ ပိဋကတ်သုံးပုံပေါ့၊ တို့ ဒီ ဘယ်လိုခေါ်မလဲ၊ လွယ်လွယ်ပြောရရင်တော့ ပိဋကတ်သုံးပုံကို တို့ ဒီ ဘယ်လိုခေါ်မလဲ၊ သူ့ရသသတိမယ်တော်ပေါ့၊ အင်း... မင်းနားလည်အောင် ပြောရမယ်ဆိုရင်တော့ အဲလိုပဲ ပြောရမှာပဲ'

အောင်မလေးဟဲ့... ပြောသွားတာက အတောင့်လိုက်ကြီးကို သောက်မြင်ကတ်စရာ။ ဩော်... သိပါဘူး။ မယ်တော်စောင့်တာက ဆင်ဖြူရှင်တရဖျားနဲ့ တလိုင်းမင်းတို့များလားလို့။ အဟီး...။

ထင်ကိုက ထိုသို့ ပြောင်တိပြောင်စပ် ဝင်ထောက်ပေးလိုက်တော့ မဟာသုခမိန်ပညာရှိကလေးခမျာ မျက်လုံးလေး ပေကလပ် ပေကလပ်ဖြစ်သွားပြီး...

www.burmeseclassic.com

www.burmeseclassic.com



‘အမ်… မယ်တော်က စောင့်ပြီး ဘာလုပ်တာတုံး’

‘မျိုးကြီးမပေါ်ခင်ကတည်းက ဒီက စောင့်နေသူ လုပ်ခဲ့တယ်လို့တော့ ယူဆရတာပဲ၊ ရယူခြင်းမဟုတ်ရင် အချစ်က ဘာလဲလို့ ပြောခဲ့ မပြောခဲ့ကိုတော့ မှန်နန်းရာဇဝင်ထဲမှာ ရေး။ သားထားတာ မတွေ့ရဘူးဗျ’

‘ဟမ်… ဟုတ်လား၊ ငါ အဲလိုတော့ မကြားမိဘူးကွ’

‘တိုးတိုးပြောမယ်’

ဒေတာ့ခမျာ ပုံပြင်အသစ် နားထောင်ရတော့မယ့် ကလေးတစ်ယောက်လို မျက်လုံးပြူးပြူးကလေးနဲ့။

‘ရှေ့တိုး’

‘အင်း’

‘တောထဲမှာ ဆင်ဖြူရှင်တရဖျားကြီးက ဟန်တင် hunting ထွက်ရင်း အဖော်ကွဲသွားတုန်းကပေါ့ဗျာ။ ဇော်ဂျီ တစ်ကောင် ကောင်းကင်ပေါ်ကနေ ကျလာပြီး တရဖျားကြီးကို အချွန်နဲ့ မသွားတာ’

‘ဟိုဘက်ခန်းက မောင်မောင်ချွန်လို နေမှာပေါ့၊ အင်း… အင်း… ဆက်ပြော’

‘မင်းကြီးလက်က ခရုသင်းကို လက်ယာရစ်ပေးပါတဲ့၊ မင်းကြီးလိုချင်တဲ့ အထပ်ကို ပေးပါ့မယ်တဲ့’

‘ဟင်… အဲတော့ မင်းကြီးက ဘာဆုတောင်းလိုက်လဲ’



‘ဘွင်းဘွင်းပဲ ပြောမယ်၊ ဘာမှမလိုချင်ဘူး၊ နတ်သမီးပဲ ပေးတဲ့’

‘အို’

‘အဲဒါနဲ့ ဇော်ဂျီလည်း မန္တန်စုတ် လက်ဖျစ်တီးလိုက်ကာ ကောင်းကင်ပေါ်ကနေ သူရဿတီနတ်သမီး ရောက်လာပြီး…

‘အင်း’

‘မင်းကြီးနဲ့’

‘အို…’

‘ဟိုလေ’

‘… … …’

(ဒေတာ၏ အသက်ရှူသံသဲ့သဲ့)

‘တစ်ခါတည်းပေါ့နော်’

‘အာ… မင်းဟာက ဟုတ်ရော ဟုတ်ရဲ့လား၊ ပေါက်တီးပေါက်ရှာနဲ့’

‘ဟွန်… မင်းက ပိုသိမှာပေါ့၊ မင်းပဲ မယ်တော်ဆီသွားမလို့ဆို’

‘ဟိတ်ကောင်… စာအုပ်တိုက်ကို သွားမယ်လို့ မင်းကို စကားထာနဲ့ ပြောတာ၊ ငါ့လခွေး၊ မင်းကွာ၊ တော်တော်ပေါက်တတ်ကရ ပြောတာပဲ၊ ဆရာများရဲ့ဦးသျှောင်ဆိုနို့ ဘယ်လိုကောင်လဲမှတ်တာ၊ ရှူးပေါပေါကောင်ကိုး၊ အဟက်… အဟက်’

www.burmeseclassic.com

www.burmeseclassic.com



ဒေတာက ပွစိပွစိပြောရင်း ရိတိတိရယ်ကာ မြောက်ကြွကြွထွက်သွားပါလေတော့သည်။

စကင်နီဘောင်းဘီကျပ်ကျပ်နဲ့ဆိုတော့ ဖင်ကလေးပါ ပွရှုံ့ပွရှုံ့ဖြစ်နေတာတောင် တွေ့လိုက်ရသေး။

❖ ❖ ❖

ကိုယ့်ရင်ဘတ်တစ်ခုလုံးကို အလွမ်းတွေပြဲဗြာန်းထားခဲ့တဲ့ ညနေခင်း ကောင်မလေးရေ။

မိုးရွာအစို နေပူအခြောက် ကိုယ့်နေ့စွဲတွေကို မင်း နှုတ်ခမ်းတွေနဲ့ နွေးထွေးအောင် သွန်သင်လှည့်ပါဦးကွယ်။

သိဂ် သိဂ် လွမ်းတယ် ပက်ဗီယိုရယ်။

www.burmeseclassic.com

www.burmeseclassic.com

အရိုင်းဆန်တဲ့ လူငယ်လေးတွေ လမ်းဘေးမှာ လက်တည့်စမ်းကြတဲ့ လမ်းဘေးအနုပညာယဉ်ကျေးမှုကလေးတစ်ခုပါ။

တစ်ညနေခင်းမှာတော့ ပက်ဖီယိုနဲ့ ဆုံတွေ့ခဲ့တဲ့ လမ်းဖြတ်ကလေးနား သူရောက်ရှိလာခဲ့သည်။ လမ်းရဲ့ တစ်ဖက်ခြမ်းမှာတော့ မြေကွက်လပ်ကျယ်ကျယ်တစ်ခုကို ကာရံထားတဲ့ အုတ်နံရံရှည်ရှည်တစ်ချပ် တွေ့သည်မို့ စပရေးဘူးနှင့် ရင်တွင်းအဓိပ္ပာယ်ကို မော်ကွန်းကမ္ပည်းတင်လိုက်သည်။

ပုံက ခက်ခက်ခဲခဲ တွေ့စရာမလိုဘဲ ရိုးရှင်းလွန်းပါသည်။



|O|



အချစ်ကိုနားမလည်သေးတဲ့ နှလုံးသားဟာ ထိတ်ထိတ်လန့်လန့် ပန်းပွင့်ကလေးနဲ့ အတွေ့မှာ တောက်ပလင်းလက်လာခဲ့ပြီလို့ ကိုယ့်ဘာသာ နားလည်လိုက်ရင်း ထိုပုံကို စပရေးနှင့် နံရံမှာ သူရေးဆွဲလိုက်သည်။

ကံကောင်းထောက်မစွာ ပက်ဖီယို မြင်တွေ့ခဲ့မည်ဆိုလျှင်လည်း (သူမသည်လည်း ကန့်သတ်ချက်ဘောင်တွေကို ကျော်လွန်တွေးတတ်မည်ဆိုပါလျှင်မူ) ထိုစပရေးပန်းချီသည် သူမကို ရည်ရွယ်၍ ရေးဆွဲခဲ့ကြောင်း သိစေလိုပါသည်။

သို့သော် နောက်ပိုင်းမှာတော့ ထိုစပရေးပန်းချီကို တကယ့်တကယ်တွေ့ခဲ့သူမှာ ပက်ဖီယိုမဟုတ်ဘဲ . . .

❖ ❖ ❖

www.burmeseclassic.com

www.burmeseclassic.com

'ပက်ဖီယို'

ခပ်တိုးတိုးလေး ရေရွတ်လိုက်ရုံနဲ့ ကောင်မလေးက သူ့ကိုခေါ်မှန်း သိပါသည်။ ဟော… လှည့်ကြည့်ပြီ။

ကောင်မလေး ရိပ်မိသွားစေရန် ရုပ်ရှင်တွေ၊ ဗီဒီယိုတွေထဲကလို အလွမ်းမျက်လုံး၊ အဆွေးမျက်နှာတွေ ဘာတွေ လုပ်မပြမိတော့ဘဲ ခေါင်းတစ်ချက်ညိတ်ရင်းသာ ပြုံးပြလိုက်ပါသည်။ ကောင်မလေး အနားရောက်လာ၏။

'ရှင် ကျွန်မကို ဘယ်လိုခေါ်လိုက်တယ်'

'ပက်ဖီယိုလို့'

သူမကိုယ်သူမလည်း သစ်ခွနက်ရဲ့ နာမည်နောက်တစ်မျိုးဟာ 'ပက်ဖီယို'မှန်း သိထားပုံပေါ်ပါသည်။ နှုတ်ခမ်းထောင့်စွန်းမှာ အပြုံးတစ်ပွင့် တွဲလဲခိုကျလာပါ၏။

'ကျွန်မကို ဘယ်သူမှ အဲလိုမခေါ်ဖူးသေးဘူး'

သူ နည်းနည်းတော့ ပျော်သွားသည်။ 'ဟိုလေ ကိုယ်



သိပ်ပျော်တာပဲ ပက်ဖီယိုရယ်၊ ဒီကမ္ဘာပေါ်မှာ ကိုယ်ဟာ ဒီနာမည်ကို ပထမဆုံးခေါ်ခွင့်ရတဲ့ လူတစ်ယောက်ပေါ့နော်'လို့တော့ မပြောလိုက်ဖြစ်။ ဒီလို တော်ကီမျိုးကို အနည်းဆုံး ဒေတာရေးသည့် ဝတ္ထုတွေထဲမှာတော့ ရှာဖတ်ကြည့်နိုင်သည် ထင်ပါသည်။

'ကျွန်မ ရှင့်ကိုရှာနေတာ'

ပိုက်ဆံချေးဖို့တော့ မဖြစ်နိုင်ဟု စိတ်က ဒက်ခနဲပြောလိုက်မိပေမယ့် ပါးစပ်ကတော့ 'ဘာလုပ်ဖို့လဲ'လို့သာ ဣန္ဒြေတစ်ခွဲသားနှင့် မေးရသည်။

'ဩော်… ရှင့်စကိတ် ပြန်ပေးရဦးမယ်လေ'

'အနောက်က လိုက်နေတဲ့ တစ္ဆေကရော'

ကြည်လင်ဝင်းပနေတဲ့ ကောင်မလေးမျက်နှာမှာ သူ့စကားကြောင့် ဖြူဖတ်ဖြူရော်ဖြစ်သွားပြီး…

'ကျွန်မတို့ အဲဒီကိစ္စ ခဏမေ့ထားရအောင်'

'တစ်သက်လုံးမေ့ထားနိုင်ရင်တော့ အကောင်းဆုံးပေါ့'

'ဒါက ကျွန်မကိစ္စပါ၊ ဒါထက် ရှင့်နာမည် ကျွန်မကို မပြောရသေးဘူး'

'ထင်ကိုပါ'

'ကျွန်မ ရှင့်ကို အများကြီးကျေးဇူးတင်ပါတယ်၊ ရှင့်အချိန်ရလား'

သို့နှင့် သူတို့ ကော်ဖီဆိုင်တစ်ဆိုင်သို့ ရောက်ခဲ့ကြ

www.burmeseclassic.com

www.burmeseclassic.com



သည်။ ကော်ဖီအမျိုးအစားပေါင်း စုံလင်လှသည့် နာမည်ကြီး ကော်ဖီဆိုင်တစ်ဆိုင်ဖြစ်ပါသည်။

စားပွဲထိုးလေးက ကော်ဖီမီနူးကတ်ကို လာချပေးပြီး ကော်ဖီအမျိုးအစားပေါင်း မြောက်မြားစွာနှင့် ၎င်းတို့၏ အရသာများအကြောင်း ကျိုးကျိုးနွံနွံရှင်းပြနေသဖြင့် သူ ခေါင်း နည်းနည်းရှုပ်သွားပြီး လက်အသာကာပြလိုက်ကာ…

'ဈေးအပေါဆုံးထဲက ခပ်ရိုးရိုးဖျော်ထားတဲ့ ကော်ဖီ တစ်ခွက်ပဲ ချပေးပါ'

သစ်ခွနက် အနည်းငယ်ရယ်ချင်သွားသလို ဝိတ်တာ လည်း အနည်းငယ်ခေါင်းကုတ်လိုက်ရသည်။

'ဟို… ကော်ဖီမှုန့် ခပ်များများပေါ့၊ ဟုတ်လား'

'မလိုပါဘူး၊ ပါသင့်ပါထိုက်တဲ့ ပမာဏနဲ့ ကော်ဖီ တစ်ခွက်ဖြစ်ရင် လုံလောက်ပါပြီ၊ ဈေးတော့ ပေါပါစေ၊ ကိုယ် နည်းနည်းဘိုင်ပြတ်နေတယ်'

စားပွဲထိုးလေး ထွက်သွားတော့ သစ်ခွနက်က ရယ် ကျဲကျဲ။

'ရှင် ဘာဖြစ်လို့ ဒီလောက်ချမ်းသာနေတာလဲ'

'ရှင်းပါတယ်၊ ကိုယ် အိမ်ပေါ်က နှင်အချခံလိုက် ရလို့'

သူမ နည်းနည်းအံ့သြသွားသလို သူ့စကားကိုလည်း စိတ်ဝင်စားသွားသည်။

'ဘာဖြစ်လို့လဲဟင်'



'အပြင်မှာ အေးအေးလူလူနေရတာ ငြီးငွေ့လာတာနဲ့ ထောင်ထဲဝင်ကြည့်ချင်လာတာ၊ အဟီး'

'အာ…'

'မင်းလက်ခံမလားတော့ မသိဘူး၊ 'လူတော်' တော် တော်များများဟာ ထောင်က ထွက်လာခဲ့ကြသူတွေချည်းပဲ၊ နာမည်တွေ ပြောပြနေရင်တော့ ကိုယ်စာဖတ်ထားတာ သူများ ကို အသားလွတ်လိုက်ကြွားနေတဲ့ ဝတ္ထုတွေထဲက ဇာတ်လိုက် တွေနဲ့ တူနေဦးမယ်၊ ထားပါတော့၊ ကိုယ်ဖြစ်ချင်တာတွေက နည်းနည်းတော့ ရှုပ်ထွေးနေတတ်တယ်'

'ရှင်က ဘာတွေဖြစ်ချင်တာတုံး'

'အင်း… အလွတ်စုံထောက်၊ ညစောင့်၊ အာကာသ ယာဉ်မှူး၊ မာလိ၊ မျက်လှည့်ဆရာ၊ ကျောင်းပြေး၊ ကျောင်း ထွက်၊ အဲဒီအထဲက တစ်ခုခုပေါ့'

'နေပါဦး… ရှင်က ဘာလို့ ညစောင့်ဖြစ်ချင်ရတာ တုံး'

'ညကို ချစ်လို့ပေါ့'

'အာကာသယာဉ်မှူး ဖြစ်ချင်တာကျတော့ရော'

'မ.ထ.သယာဉ်မှူးဖြစ်ရတာထက်စာရင် အာကာသ ယာဉ်မှူးဖြစ်ရတာ ပိုကောင်းတယ်လေ၊ ချွေးစော်တို့၊ အီးနံ့ တို့ မခံရဘူး။ ခါးပိုက်နှိုက်ပြဿနာတို့ လှည့်ကင်းတို့နဲ့လည်း ငြင်းဆိုင်စရာမလိုဘူး၊ မီးပွိုင့်စောင့်စရာ၊ အကြွေပြဿနာလည်း

www.burmeseclassic.com

www.burmeseclassic.com



မရှိဘူး။ နောက်ပြီးတော့ ကြယ်တွေနဲ့လည်း ပိုနီးနီးရောက်ရတယ် မဟုတ်လား'

'ထားပါတော့၊ မာလီလုပ်ချင်တာကျတော့ရော'

'လူတွေရဲ့ ကျေးကျွန်ဖြစ်ရတာထက်စာရင် ပန်းလေးတွေရဲ့ ကျေးကျွန်ဖြစ်ရတာက ပိုပြီးဂုဏ်ယူစရာကောင်းမလားလို့ပါ၊ ကိုယ် ပန်းကလေးတွေကို ချစ်တတ်ပါတယ်၊ ဒါကြောင့်လည်း သစ်ခွနက်ဆိုတာနဲ့ ပက်ဖိယိုလို့ တန်းသိတာပေါ့'

သူ့စကားကြောင့် မျက်စောင်းတစ်ခု ရလိုက်သည်။ သူကတော့ ရယ်ကျဲကျဲ။

'ထားပါတော့၊ ရှင် ထောင်ကျဖူးလား'

သူမက ဘာကြောင့် မျက်လှည့်ဆရာ၊ ကျောင်းပြေး၊ ထောင်ထွက်ဖြစ်ချင်ရတယ်ဆိုတာ စောစောကလို မမေးတော့ပါ။ ကြည့်ရတာ မေးလိုက်တာနဲ့ ရည်မှန်းချက်တစ်ခုမှာ ရည်းစားစကားပြော၊ ရည်မှန်းချက်တစ်ခုမှာ လက်ထပ်ခွင့်တောင်းပြီး ရည်မှန်းချက်တစ်ခုမှာ ကလေးပါ ယူခိုင်းလိုက်မှာ ကြောက်နေသည့်ပုံ။

'အင်း… ကျဖူးတယ်'

'ဘုရားရေ… ရှင် ဘယ်လိုအမှုနဲ့ ထောင်ထဲဝင်သွားတာလဲ'

'အသေးစားပေါက်တတ်ကရ ခိုးမှုလေးတွေ ကျူးလွန်ကြည့်တယ်၊ ကိုယ်တို့ရပ်ကွက်ထဲက အပျိုကြီးတစ်ယောက် လှန်းထားတဲ့ အဝတ်တွေ ရုတ်ပြေးဖူးတယ်'



'ဩော်… အဲဒီအမှုလား၊ ရှက်တော့ ရှက်စရာကြီး၊ ကျွတ်… ကျွတ်…'

'နိုး… မကျဘူး၊ အပျိုကြီးက သူ့ကိုကြိုက်နေတယ်ထင်ပြီး တီဗီဂိမ်းဆိုင်သွားရင်တောင် နောက်က တချွတ်ချွတ်နဲ့လိုက်နေလို့ တေက်ပြားဗျူဟာကို လက်လျှော့လိုက်ရတော့တယ်'

'နောက်တော့ ရှင် ဘာအမှုတွေ ကျူးလွန်လဲဟင်'

သူ သက်ပြင်းကို ခပ်ဖွဖွချရင်း သူမကို တစ်ချက်ကြည့်လိုက်သည်။

'မာဆတ်သွားတယ်'

'ရှင်ကလည်း'

သူမ ကြည့်ရတာ မိတ်ဆွေတစ်ယောက်ရဲ့ စကားကိုနားထောင်နေသလိုမျိုး မဟုတ်တော့ဘဲ ရည်းစားဖြစ်သူကိုသဝန်တိုတဲ့ ပုံစံမျိုးလေး ခပ်ပါးပါးပြောင်းလဲလာသည်။

'ရှင် တကယ်ပဲ သူတို့ရဲ့ အပြုစုအယုယတွေကို သာယာလာခဲ့တယ်ပေါ့'

'ယောင်လို့တောင် လက်ဖျားနဲ့ အထိမခံခဲ့ဘူး၊ ကိုယ်က သူတို့ကို ဂုဇုချိတဆိုတဲ့ ဂျပန်အကြောပြင် နှိပ်နယ်နည်းပညာကြီးကို ပြန်သင်ပေးခဲ့တာ'

'ရှင်ဟာလေ'

ရှုပုပ်ပုပ်ဖြစ်နေတဲ့ သစ်ခွနက်ခမျာ မအောင့်အီးနိုင်တော့ဘဲ ရယ်ချလိုက်လေတော့သည်။

www.burmeseclassic.com

www.burmeseclassic.com



'ပေါက်တတ်ကရနဲ့၊ ကောင်မလေးတွေကရော ရှင့်ရဲ့ လက်ချာကို လက်ခံလား'

'ဘယ်လက်ခံချင်ပါ့မလဲ၊ ပိုက်ဆံရလို့သာ ငုတ်တုတ် မေ့နေကြတာ၊ သူတို့က ဟိုတို့ ဒီကလီနဲ့ အားမစိုက်ဘဲ ပိုက်ဆံ လိုချင်ကြတာလေ၊ ကိုယ်က သူတို့ကို ဂုဏ်ချိုကအပြင် ယောဂ ကျင့်စဉ်တွေပါ လေ့ကျင့်ခိုင်းတာ၊ ကလန်ကဆန်လုပ်လာရင် ဘာလဲ ရဲသွားလက်တို့လိုက်ရမလား ဘာညာနဲ့ ခြိမ်းခြောက် ပြီးခိုင်းတာဆိုတော့ အီးပိတ်ပြီး လိုက်လုပ်ကြရတာပေါ့'

'ဒါနဲ့ ရှင် ထောင်ကျသွားရောလား'

'သိပ်မစောင့်လိုက်ရပါဘူး၊ စီမံချက်ကာလဆိုတော့ တစ်ခါ၊ နှစ်ခါသွားရုံနဲ့ အဖမ်းခံလိုက်ရတာပေါ့၊ မိဘတွေက တော့ ရှက်ပြီး အိမ်ပေါ်က နှင်ချလိုက်ကြတယ်'

'နည်းတောင် နည်းသေးတယ်၊ ဒါနဲ့ ရှင်လိုချင်တဲ့ ထောင်အတွေ့အကြုံတွေကရော ရခဲ့လား၊ ရှင် လူတော်တစ် ယောက်ဖြစ်ပြီလား'

'မပြောတတ်ဘူး၊ ဝဲတော့ ပေါက်လာတာပဲ၊ ထောင်ထဲ မှာ ဝမ်းလျှောလို့ သေလုမျောပါးဖြစ်ခဲ့သေးတယ်၊ ထောင်က ထွက်လာတော့ ဆယ်ပေါင်ကျသွားရော၊ တစ်ခုတော့ ကောင်း တယ်၊ နောက်တစ်ကြိမ် ထောင်ကျချင်တဲ့ရောဂါတော့ မရှိ တော့ဘူး၊ အဟီး'

'ဒါဖြင့် ရှင့်အတွက် ထောင်က ဘာအတွေ့အကြုံမှ ရမလာခဲ့ဘူးပေါ့'



'အဲလိုတော့ ပြောလို့ဘယ်ရမလဲ၊ ကြိုးမိန့်ကျထားတဲ့ လူတစ်ယောက်ဆီက အာနာပါနကျင့်စဉ်တစ်ခု ရခဲ့တယ်၊ နောက်ပြီးတော့ အင်း··· ပညာတစ်ခုလည်း ရခဲ့တယ်'

'ဘာပညာလဲဟင်'

'ရုပ်ပြောင်းရုပ်လွှဲပညာ'

သစ်ခွနက်က သူ့အား စူးစိုက်စွာ တစ်ချက်ကြည့် လိုက်သည်။

◆ ◆ ◆

ခေါင်းအုံးစွပ်၊ အိပ်ရာခင်းတို့ ဒိုဘီအပ်ရန် မွေ့ရာမှ ဖယ်လိုက်စဉ် ဓာတ်ပုံတစ်ပုံ မွေ့ရာအောက်မှ ထွက်လာသည်။

ဒီအခန်းမှာ အရင်နေသွားခဲ့ဖူးတဲ့ လူတစ်ယောက်နဲ့ သက်ဆိုင်တဲ့ ဓာတ်ပုံတစ်ပုံထင်ပါရဲ့။

ဓာတ်ပုံမှာ မိန်းကလေးတစ်ယောက်ရဲ့ ဓာတ်ပုံဖြစ် သည်။ ခွင့်ပြုချက်ရယူထားခြင်းမရှိဘဲ ခိုးကြောင်ခိုးဝှက် ရိုက် ကူးထားရပုံပေါ်သည်။ မိန်းကလေးမှာ အနည်းငယ်ဝေးနေပြီး ဘေးတစောင်းဖြစ်နေ၏။

သူ အသေအချာကြည့်လိုက်တော့ မိစ္ဆာတစ်ကောင် ၏ အသက်ရှူသံသဲ့သဲ့ကို ခပ်ဝေးဝေးက ကြားလိုက်ရ သည်။

'ဟင်··· ဒါ ပက်ဖီယို့ပုံပဲ'

❖ ❖ ❖

www.burmeseclassic.com

www.burmeseclassic.com

## ၆။

'ကျွန်တော့်အခန်းမှာ အရင်က ဘယ်သူနေသွားခဲ့ဖူးလဲ ကိုချွန်'

စာနယ်ဇင်းဆရာကြီး မောင်မောင်ချွန်က ရေနွေးကြမ်း တစ်ငုံသောက်လိုက်ရင်း…

'မျိုးမင်းသိန်းဆိုတဲ့ လူတစ်ယောက်'

'ဩော်… သူက အခု ဘယ်ရောက်သွားတာလဲ'

'မြေကြီးထဲ'

'ဟင်… အိမ်သာကျင်းတူးသမားလား'

'သေသွားတာပါကွာ'

'ဩော်…'

သူ ဒုတိယအကြိမ် ဩော်လိုက်ရသည်။

'ဘာနဲ့ဆုံးသွားတာလဲဗျ'

ဒေတာက လက်ဖက်ရည်မွှေနေရင်းကနေ သူ့ထုံးစံ အတိုင်း ဆရာကြီးအထာနှင့် မျက်ခုံးပင့်ကြည့်ပါသည်။ ကိုဖြူ



ရုပ်ကတော့ ရေနွေးကြမ်းပန်းကန်ထဲ အရက်ဖြူတွေ လောင်း ထည့်ပြီး လက်ဖက်ရည်ဆိုင်မှာ ရုပ်တည်ကြီးနဲ့ ခွက်ပုန်းချ နေသည်။

'မိန်းကလေးတစ်ယောက်ကြောင့် မသေသင့်ဘဲ သေ သွားတယ်ဆိုပါတော့ကွာ'

သူတို့ စကားဝိုင်း အနည်းငယ်တိတ်ဆိတ်သွားကြ သည်။ ပက်ဖီယိုကြောင့် လူတစ်ယောက် သေသွားခဲ့ရတာတဲ့ လား။ ဒါဆို ပက်ဖီယို့နောက်လိုက်နေတဲ့ တစ္ဆေဆိုတာ တကယ်များလား။

'တကယ်တော့ မျိုးမင်းသိန်း သေသွားတဲ့ ငါ အချွန် နဲ့မခဲ့တဲ့ ကိစ္စကနေ စခဲ့တာပါကွာ၊ အဟက်'

ကိုချွန်က စိတ်မကောင်းဖြစ်နေခြင်းကို ရယ်သံအနည်း ငယ်ဖုံးကာ ပြောတော့ ကိုဖြူရုပ်က ကိုချွန့်ကို ဘုရှိုးရှိုးလိုက် သည်။

'ဟိတ်ကောင်ရေ… လူကို ဘုရှိုးတော့ မရှိုးနဲ့နော်၊ ရာဇဝင်တွေ မင်းပြန်ကြည့်မလား၊ သိကြားမင်းတောင် တာဝတိံသာကနေ လိုအပ်ရင် လိုအပ်သလို လူ့ပြည်ဆင်းပြီး အချွန်နဲ့ မမပေးနေတာ၊ ငါတစ်ယောက်တည်းလို့တော့ မထင် လိုက်နဲ့၊ ဟွန်း'

ကိုချွန့်စကားကြောင့် စကားဝိုင်းက အနည်းငယ် ပြန် လည်စိုပြေလာခဲ့သည်။

www.burmeseclassic.com

www.burmeseclassic.com



'ကဲ… ရှိုးစမ်းပါဦး ကိုချွန်ကြီးရဲ့၊ ဘယ်ဇာတက ထဲမှာလဲ'

'ကုသဇာတ်ထဲမှာပေါ့'

သို့မှ တဖြည်းဖြည်း ရေချိန်ကိုက်နေတဲ့ ကိုဖြူရှပ်ကြီး လှုပ်လှုပ်ရှားရှားဖြစ်သွားပြီး…

'ဟင်… ကုသက ဒေါက်တာမဟုတ်ဘူးလား'

'မကြောင်ပါနဲ့ ကိုဖြူရှပ်ရယ်၊ အေးအေးဆေးဆေး သောက်စမ်းပါ'

အရက်သမားတစ်ယောက် ညပ်နေတဲ့ လက်ဖက်ရည် ဝိုင်းဆိုတော့ စကားက လိုရင်းကို အလွယ်တကူမရောက်။

'အဲဒီဇာတ်ကြီး ကြားရတာ နည်းနည်းတော့ အသည်း ယားတယ်ဗျ၊ ပဘာဝတီကလည်း တော်တော့်ကိုလန်းတာ၊ ဘယ့်နှယ်… လင်ယူပြီးများ နေ့အတူမခံ ညအတူခံဖို့ လက်ခံ လိုက်ရတယ်လို့'

'တော်တော့ တော်တော့ ထင်ကို၊ ကိုဖြူရှပ်က သောက်ပြီး မူးတာ၊ မင်းက မသောက်ဘဲနဲ့ မူးတာ၊ မင်း ပါးစပ်ထဲရောက်ရင် ဇာတကလည်း ပေါက်တတ်ကရဖြစ်ပြီပဲ'

ဒေတာက ထုံးစံအတိုင်း ဆရာကြီးဝင်လုပ်ကာ ဖွဲ့ သဖြင့် သူ ပုနေလိုက်ရသည်။ သို့မှ ကိုဖြူရှပ်က အလစ်ဝင် လာပြီး…

'ဒီဇာတ်လောက်ကတော့ ငါလည်း ပြောနိုင်ပါတယ် ကွ၊ ကုသကြီးခမျာ ပဘာဝတီအချစ်ကို ရဖို့ ဝက်သားတုတ်



ထိုးသည်ဟန် ဆောင်လိုက်ရ၊ ကားစပယ်ယာလုပ်လိုက်ရ၊ ကွန်ပျူတာဘလော့(ဂ်)ဂါသမားယောင်ဆောင်လိုက်ရနဲ့ အတော့်ကို ကြိုးစားခဲ့ရတာ'

ကိုဖြူရှပ်ကြီး မူးမူးနဲ့ပြောတဲ့စကားကို ကိုချွန်က ဝင် ထောက်ပေးပါသည်။

'ငါ့နှယ်နော်… ဘယ်လိုဟာနဲ့ လာထိုင်နေရပါလိမ့်၊ ကျူထရံသည်၊ အိုးထိန်းသည်၊ စားတော်ချက်ဘဝနဲ့ ပဘာဝတီ ရဲ့ အချစ်ကိုရဖို့ ကြိုးစားခဲ့ရတယ် လုပ်စမ်းပါ၊ အဲ… အဲလိုနဲ့ ပေါ့ကွာ၊ ကုသဇာတ်က သိပ်နာနေတော့ သိကြားမင်းလည်း မနေသာတော့ဘဲ တမန်ယောင်ဆောင်ပြီး ခုနစ်ပြည်ထောင် မင်းတွေဆီ သွားပြီး ပဘာဝတီကို ယူကြပါ၊ ဘာညာနဲ့ ချွန် တွန်းလုပ်ခဲ့တယ်ဆိုပါတော့ကွာ'

'ဒီခုနစ်ပြည်ထောင်မင်းတွေဆိုတာကလည်း ရာဇဝင် ထဲမှာ ဘယ်တုန်းကမှ ကောင်းတဲ့နေရာက ပါခဲ့ကြတာမဟုတ် ဘူး၊ မင်းသားနဲ့ မင်းသမီး ညားဖို့ သူတို့ခမျာ မဟုတ်တဲ့ဘက် ကနေ ဇာတ်ပို့ဝင်လုပ်ခဲ့ရတာချည်းပဲ၊ ဒီဇာတ်ထဲမှာလည်း ဒီလို ပဲ၊ သာဂလပြည်ကို သွားပြီး ပဘာဝတီကို ပေးမလား၊ စစ် ခင်းမလားဆိုပြီး ရာဇသံပစ်ကြတာ၊ နောက်ဆုံးတော့ ပဘာ ဝတီကိုပဲ ခုနစ်ပိုင်း အညီအမျှပိုင်းပြီး တစ်ယောက်တစ်ပိုင်း ခွဲယူဖို့ သဘောတူလိုက်ကြတယ် ဆိုပါတော့'

'တကယ်တော့ သူတို့ညံ့တာ၊ တကယ်ဆို အခုဒီလို ပိုင်းနေမယ့်အစား တစ်ရက်ကို တစ်ပြည်ထောင်သွားဆိုပြီး

www.burmeseclassic.com

www.burmeseclassic.com



ဆုံးဖြတ်ရမှာ၊ ခုနစ်ရက်ပြည့်တော့ ခုနစ်ပြည်ထောင်မင်းတွေလည်း လိုဘပြည့်၊ ပဘာဝတီလည်း ကမ္ဘာပတ်ပြီးသားဖြစ်ရော၊ ကဲ…’

‘အဲဒီဇာတ်ကွက်ကတော့ မင်းရေးတဲ့ ဝတ္ထုထဲမှာပဲဆင်တော့ ဒေတာ၊ ကောင်မလေးတစ်ယောက်က ရည်းစားခုနစ်ယောက်ထားပြီး တစ်ရက်တစ်ယောက်နှုန်းနဲ့’

‘အာ… အဲဒီလောက် ဇာတ်ကို ဆန်းသစ်ပစ်စရာမလိုပါဘူး၊ မူရင်းဇာတ်ရဲ့ အကွက်မစေ့တဲ့အချက်ကိုပဲ နည်းနည်းပြုပြင်သင့်တာ၊ တကယ်ဆို ပဘာဝတီရဲ့ ဘော်ဒီခုနစ်ပိုင်းမှာ အဓိကကျတဲ့ ဟိုအပိုင်းကို ခုနစ်ပြည်ထောင်မင်းတွေမဲနှိုက်ရွေးစေလို့ သိကြားမင်းက ဆုံးဖြတ်ပေးခဲ့ရကြောင်း ရာဇဝင်မှာ ထည့်ရေးသင့်တာဗျ၊ ဒါမှ ဇာတ်ကွက်စေ့မှာ၊ နောက်ပြီးတော့ အခုခေတ်ဝတ္ထုတွေကို ရေးရမယ်လေ’

‘အေးလေ… အဲဒီခေတ်တုန်းက ခုခေတ်လို Sexy ဆန်ဆန်အကြောင်းအရာတွေ ပေါပေါလောလောရေးတတ်တဲ့ စာရေးဆရာတို့၊ အကြည်တော်တို့ ဘာတို့ မပေါ်သေးလို့ ဖြစ်မှာပေါ့၊ ပေါ်လို့ကတော့ အဲဒီအခန်းကို ရေးပြပါလိမ့်မယ်၊ မြန်မာဟာသစာရေးဆရာတွေတဲ့ ဘာမှတ်နေလဲ၊ ကျွတ်ကျဲသွားမယ်’

‘ဟား… ဟား… ဟား… ဟား’

ဒီလိုဆိုတော့လည်း လေးယောက်သား အတိုင်အဖောက်ကို ညီလို့။



‘ကဲ… တော်ကြပါတော့၊ ရာဇဝင်ထဲက ပဘာဝတီတော့ ဘယ်လိုနေမယ် မသိဘူး၊ ကျွန်တော်တို့ ပါးစပ်ထဲက ပဘာဝတီကတော့ ဖွတ်ဖွတ်ကြေနေပြီ၊ မျိုးမင်းသိန်းအကြောင်းပဲ ဆက်ရမယ်’

ထင်ကို့စကားကို ဒေတာက တစ်ချက်ဖြတ်ဝင်လိုက်ရင်း…

‘နေစမ်းပါဦး၊ မင်းက မျိုးမင်းသိန်းကြောင်း ဘာကြောင့်သိချင်နေရတာတုံး’

သူက အိတ်ကပ်ထဲက ပက်ဖီယိုရဲ့ဓာတ်ပုံကို စားပွဲပေါ် လှမ်းတင်လိုက်ပြီး…

‘ဒီကောင်မလေးကြောင့်…’

‘စုန်းမပဲ’

ဒေတာ့အသံက တိုးလျှလွန်းပေမယ့် သိပ်သည်းဆပြင်းထန်လွန်းသည် ထင်ပါသည်။

‘တကယ်စုန်းမလား’

‘ယောကျ်ားတစ်ယောက်ကို ပယောဂနဲ့ သေအောင်သတ်နိုင်တာ စုန်းမ မဟုတ်လို့ ဘာလဲ’

‘ကဲ… တော်တော့၊ မျိုးမင်းသိန်းအကြောင်းပဲ ငါဆက်ပြောမယ်၊ ဒီအကောင်က နယ်က တက်လာတာကွ၊ ရုပ်ကလည်း ပုံမလာဘူး၊ စိတ်လည်း ပျော့ညံ့တယ်၊ ဉာဏ်လည်း လှုပြိန်းပါ၊ တစ်ရက် ငါတို့ လက်ဖက်ရည်ဆိုင်ထိုင်နေတုန်း သစ်ခွနက်က အဲ… သစ်ခွနက်ဆိုတာ ဓာတ်ပုံထဲက

www.burmeseclassic.com

www.burmeseclassic.com



ကောင်မလေးကို ပြောတာ၊ အဲဒီကောင်မလေး ဆိုင်ရှေ့က ဖြတ်လျှောက်သွားတာတွေ့ပြီး ဒီကောင် ရင်ခုန်သွားတာ၊ ငါက လည်း ကြိုက်ရင် လိုက်ပေါ့ ဘာညာနဲ့ ပြောလိုက်မိတယ်'

'အချွန်နဲ့ မလိုက်တယ် ဆိုပါတော့'

ကိုချွန့်စကားကို ကိုရှပ်က ဝင်ထောက်တော့ ကိုချွန် ကလည်း အားကျမခံ…

'ဒါပေါ့၊ သိကြားမင်း သူ့ခမျာ နတ်ပြည်မှာ အားတာ မဟုတ်ဘူး'

'ဘာလုပ်နေရလို့လဲဟင်'

'နတ်သမီးချည်းပဲကိုက တစ်ထောင့်ခြောက်ရာ တောင်'

'အမလေး… လိပ်ပတ်လည်ရဲ့လား မသိဘူး'

'ဒီလောက်တော့ စပျော့၊ လည်လွှန်းလို့ မင်းကြီးတော် ကြီးသေရင် နတ်ပြည်မလားပါစေနဲ့ ဆုတောင်း'

'ကြောက်နေရပါလား'

ယောကျ်ားလေးစကားဝိုင်းဆိုတာတော့ ဒီလိုပါပဲ။ ကောင်မလေးအကြောင်း ပါမယ်။ ကျန်တာကတော့ ဟုတ်တာ ရော၊ မဟုတ်တာရော တောရောက် တောင်ရောက်။

အနှစ်ချုပ်လိုက်ရင်တော့ သစ်ခွနက်ကို ဒီအဆောင်က ယောကျ်ားတစ်ယောက် အသက်ပေးပြီး ချစ်ခဲ့တယ်ဆိုတာ ပါပဲ။

❖ ❖ ❖

၇။

ပက်ဖီယို သူ့ကို ချိန်းထားသည်မှာ ရည်းစားစကား ပြောထားသော ယောကျ်ားတစ်ယောက်ကို အဖြေပေးရန်မျိုး မဟုတ်ဘဲ ငှားထားသော စကိတ်ကို ပေးရန်အတွက်ကြောင့် သာဖြစ်သောကြောင့် ထိုညနေခင်းကလေးက အနည်းငယ် အေးတိအေးစက်နိုင်ပါသည်။

သူလည်း ပိုက်ဆံအတော်ပြတ်နေသဖြင့် ရှားရှားပါး ပါး ခင်ခွင့်ရထားသော (ချစ်လည်း ချစ်မိနေသော)မိန်းကလေး ထံမှ ငွေညှစ်ကြည့်ရန် ပညာတစ်ခုချသုံးကြည့်ဖို့ မျက်နှာ ပြောင်တိုက်ပြီး စဉ်းစားထားသည်။

'ဉာဏ်ပူဇော်ခလေးများ နည်းနည်းပါးပါး ချီးမြှင့်နိုင် မယ်ဆိုရင် ကိုယ် နည်းနည်းပါးပါး ဗေဒင်တွက်ပေးနိုင်တယ်'

သူ့စကားကြောင့် သူမမျက်လုံးကလေးများ အနည်း ငယ်တောက်ပလာသလို ထင်ရသည်။

www.burmeseclassic.com

www.burmeseclassic.com



'ရှင် တကယ်ပြောတာလား'

'ဒါပေါ့'

'ဗေဒင်လား၊ လက္ခဏာလား'

'နျူမရော်လော်ဂျီနည်းနဲ့ တွက်တဲ့ ဂျစ်ပစီဗေဒင်'

'ဂျစ်ပစီဗေဒင်'

'အင်း'

'အင်း… တွက်ပေးလေ'

'ညာဘက်လက်ဖဝါးလေး ရှေ့တိုးလိုက်'

တကယ်တော့ ဂျစ်ပစီဗေဒင်မှာ ညာဘက်လက်ဖဝါး ထုတ်ပြစရာ လားလားမှကို မလို။ တွက်မယ့်သူရဲ့ အသက်၊ မွေးသက္ကရာဇ်နဲ့ လက်ရှိရောက်နေတဲ့ ခုနှစ်ကို ပေါင်းပေးရုံ၊ နုတ်ပေးရုံနှင့် ရလာသော ကိန်းဂဏန်းကိုကြည့်ပြီး ဟောရသော ဗေဒင်အမျိုးအစားဖြစ်သော်လည်း လင်းတမလေးက အူတိအူကြောင်နှင့် လက်ဖဝါးကလေး ရှေ့တိုးပေးလာတာမို့ သူလည်း စပ်စပ်ဆော့ဆော့ပြောပြီးမှတော့ မထူးဘူးဆိုပြီး သူမလက်ဖဝါးလေးကို ခပ်ဖွဖွဆုပ်ကိုင်ပစ်လိုက်လေတော့သည်။

ဩော်… ကောင်းလေစွ နူးညံ့လေစွ။

စကြဝဠာတိုက်တစ်သောင်းက သံလိုက်စက်ကွင်းတွေရဲ့ ပင်မအရင်းအမြစ်ဟာ ကိုယ်တို့နှစ်ယောက်ရဲ့ လက်ဖဝါးနှစ်ခုကြားကနေများ စိမ့်ထွက်ယိုစီးသွားလေရော့လသားအောက်မေ့ရသည်။



ခပ်ဖွဖွဆုပ်ကိုင်နေရင်းကနေ ခပ်တင်းတင်းကလေး၊ ခပ်တင်းတင်းကလေးကနေ တစ်ချက်ဖျစ်ကြည့်လိုက်ရင်း တစ်ချက်ဖျစ်ကြည့်လိုက်ရင်းကနေ လက်ချောင်းကလေးတွေကို ဟိုပွတ်ဒီပွတ်လုပ်နေစဉ် သစ်ခွနက်လည်း စိတ်မရှည်နိုင်တော့ဘဲ…

'ဒီမယ် ရှင် ဒါဘာလုပ်နေတာလဲ'

'ဟင်… ဩော်… ခုတ်စီးနေတာ၊ ဘိုးတော်တွေလို၊ တိတ်တိတ်နေ၊ ကိုယ် အာရုံခံမိနေပြီ'

သူမမျက်နှာက မခိုးမခန့်နှင့်…

'ဘိုးတော်ဆိုတာ အတုတွေများတယ်'

'ဒါပေါ့၊ ကိုယ်လည်း လူလိမ်ပဲ'

'ဟင်'

ကောင်မလေးက သူမလက်ဖဝါးလေးကို ကျွမ်းကျင်စွာ သူ့လက်ထဲကနေ နုတ်သိမ်းသွားလေပြီ။ ဩော်… ဒီလိုဆိုတော့လည်း ကမ္ဘာကြီးပေါ်မှာ ကိုယ်တစ်ယောက်တည်းလိုပါလား။

သူက မျက်နှာပိုးသတ်လိုက်ရင်း…

'လိမ္မာပါးနပ်စွာ ပြောဆို၊ ကျင့်ကြံ၊ တွေးခေါ်၊ သုံးသပ်တတ်တဲ့လူလို့ ပြောတာပါ၊ အဟီး'

ကောင်မလေးက သက်ပြင်းတစ်ချက်ချရင်း မျက်ဆောင်းခပ်ပါးပါးထိုးပါသည်။ သူမ စိတ်ထဲမှာတော့ 'အသဲလိုဘာကြီးပါလိမ့်'လို့ တွေးရင်လည်း တွေးနေမှာပေါ့။

www.burmeseclassic.com

www.burmeseclassic.com



'ကဲ… တွက်တော့လေ'

'မင်းမှ မွေးသက္ကရာဇ်မပေးသေးတာ'

'ရှင်မှ မတောင်းတာ'

'ဟုတ်သား၊ ကိုယ်တောင်းမိတာ လက်ဖဝါး၊ ဘွာ တေး… မှားသွားတယ်'

လာပြန်ပြီ မျက်စောင်းကြီး။ သိကြာမင်းခေါ်ပြီး ခုနစ်ပိုင်း ပိုင်းခိုင်းပစ်လိုက်ပြန်ဦးမယ်။ ကမ္ဘာတစ်ပတ်တော့ ပတ်ခွင့်မပေးဘူး။ ကိုယ်တစ်ယောက်တည်းနဲ့ ချာချာလည်သွားစေရမယ်။ ဒါပဲ။

အို… မဟုတ်သေးပါဘူး။ ငါ ဘာတွေတွေးနေမိပါလိမ့်။

'ကဲ… ကဲ… မွေးသက္ကရာဇ် ပြော'

သူက သူမမွေးသက္ကရာဇ်၊ အသက်နှင့် လက်ရှိရောက်ရှိနေသော ခုနစ်ကို ဂျစ်ပစီဟောကိန်းအတိုင်း A B C D E F ဇယားကွက်ချလိုက်ပြီး ပေါင်းသင့်တာ ပေါင်း၊ နုတ်သင့်တာ နုတ်ကာ တချို့ ကိန်းဂဏန်းများကို ပြောင်းပြန်ပြန်ယူနေရင်း အလုပ်ရှုပ်နေတော့သည်။

'ဟောမယ်၊ သေချာနားထောင်'

'ဟုတ်'

'စိတ်မကောင်းစရာပဲ၊ 35 ကြွင်းတယ်'

'35 ကြွင်းတော့ ဘာဖြစ်သလဲဟင်'



'ဂျစ်ပစီဟောကိန်းမှာ ဒီဂဏန်း အဆိုးဆုံးပဲ ပက်ဖီယို၊ ပြဿနာတွေ အမှုတွေနဲ့ ကြုံရမယ်'

'ဟုတ်တယ်'

'သူများက သူ့ဟာသူ အရှုးထပြီး လုပ်တာ၊ မသိရင် ကိုယ့်ကြောင့်လိုလို ဘာလိုလိုနဲ့ အစွပ်စွဲခံရတတ်တယ်၊ ကိုယ်က ကောင်းကောင်းနေရင်တောင် အဆိုးနဲ့ နာမည်ကြီးတတ်တယ်၊ ဒါတင်လားဆိုတော့ မဟုတ်ဘူး၊ ကိုယ့်ပြဿနာတင် မကဘူး၊ သူများပြဿနာတွေပါ ဝင်ပြီး ဖြေရှင်းပေးရတတ်တယ်၊ ဒါကြောင့် ဘယ်ကိစ္စမှ အာမဝင်ပြီးမခံမိစေနဲ့'

'အင်းပါ'

'ဒုက္ခကို ခါးစည်းခံနိုင်အောင် ကြိုးစား၊ ဘုရားတရားကိစ္စ ပုံမှန်လုပ်၊ ဘာပဲဖြစ်ဖြစ်ပါ၊ အဆိုးပြီးရင်တော့ အကောင်းရောက်တတ်စမြဲပါ ပက်ဖီယို'

'ဒုက္ခပါပဲရှင်၊ နောက်ပြီးတော့ရော'

သူ သက်ပြင်းတစ်ချက် ချလိုက်မိပါသည်။

ပြောဖို့ မပြောဖို့လည်း စဉ်းစားချင့်ချိန်ရသေးသည်။ ဟောကိန်းအသွားအလာအရက ကောင်မလေးနဲ့ သူနဲ့က 35 ကနေ တခြားဂဏန်းကို မပြောင်းခင်အခိုက်အတန့်ကလေး အတွင်းမှာကို အကြောင်းက ပါနေသည်။

'ဟင်း'

'ပြောပါ၊ ဘာအဆိုးတွေ ကျန်သေးလို့လဲ'

www.burmeseclassic.com

www.burmeseclassic.com



'အဆိုးတော့ မဟုတ်ဘူး၊ အကောင်းပါ၊ 35 ဂဏန်း မြဲနေတဲ့ကာလအတွင်းမှာ မင်း ချစ်သူတစ်ယောက်ရလိမ့်မယ်'

'အို…'

'သူက မင်းကို ချစ်စကားပြောမှာ မဟုတ်ဘူး၊ ဒါပေမဲ့ မင်း သူ့ကို ချစ်ကိုသွားမှာ'

'ကျွန်မက ဖွင့်ပြောပြီး ချစ်ကြမှာလား'

'အဲလိုလည်း မဟုတ်ဘူး၊ ကောင်လေးက ညို့ဓာတ် သိပ်များတယ်၊ သူ့ညို့ဓာတ်အောက်ကို မကြာခဏဆိုသလို မင်းရောက်ရောက်သွားတတ်တာပဲ၊ နောက်တော့ ဖွင့်ပြောစရာ အဖြေတောင်းစရာမလိုဘဲ ချစ်သူတွေဖြစ်သွားကြလိမ့်မယ်'

'ဘုရားရေ… ဟား… ဟား… ဒီဟောကိန်းက တော့ ကျွန်မကို စိန်ခေါ်တာပဲ'

'ထားပါတော့လေ'

'ထားပါတယ်'

'ကဲ… ပေးတော့ ဉာဏ်ပူဇော်ခ'

'ရော့'

ထိုနေ့က ပက်ဖီယိုပေးသော ပိုက်ဆံသုံးထောင်နှင့် လမ်းထိပ်က ချစ်တီးထမင်းဆိုင်မှာ ဆိတ်ကလီစာဟင်းနှင့် ထမင်းတွေ တဝတပြဲစားပစ်လိုက်သည်။

ဗိုက်ဝသွားတော့မှ ပက်ဖီယိုကို ပိုလွမ်းလာသလိုလို၊ ပိုချစ်လာသလိုလိုဖြစ်လာပြီး စောစောက ဟောတုန်းက 'ညို့ ဓာတ်များတဲ့ ကောင်လေးက တခြားသူမဟုတ်ဘူး၊ ကိုယ်ပဲ' လို့ မပြောလိုက်ရတာ မှားများသွားသလား စဉ်းစားမိသေးသည်။

ဩော်… အချစ်။

အချစ်ဆိုတာ ချစ်တီးထမင်းဆိုင်က ဆိတ်ကလီစာ ဟင်းလိုပဲ မွှေးမွှေးလေးနဲ့ ဗိုက်ဝစေသလားကွယ်။ စားပြီးရင် တော့ အိပ်ချင်တယ်။

❖ ❖ ❖



www.burmeseclassic.com

www.burmeseclassic.com

## ၇။

ကားမှတ်တိုင်သို့ ဒိုင်နာကားတစ်စီး ဝှစ်ခနဲ အရှိန်နဲ့ ရောက်လာပြီး ကျွီခနဲရပ်လိုက်စဉ် ဒိုင်နာနောက်ခန်းထဲမှ လူတစ်ယောက် ကားခနဲ (မသိရင် အတောင်ပံပေါက်ပြီး ပျံထွက်လာသလိုမျိုး) ထွက်ကျလာပြီး ကတ္တရာလမ်းကို သူ့မျက်ခွက်ကြီးနှင့် ကုန်းဟပ်လိုက်ရာ အနီးအနားက လူများလည်း ဟယ်ခနဲ ဟင်ခနဲဖြစ်သွားကြလေတော့သည်။

'ဒုက္ခပါပဲဗျာ၊ ဘယ်လိုလူတွေလဲ၊ တန်းတွေ ကွင်းတွေ ကိုင်ဆင်းကြပါလို့ ပို့ဝှင့်မှာ လွှတ်ကတည်းက ပြောပြီးသားပါ၊ ၄၈ နဲ့ ဆယ့်ရှစ်မိနစ် ဟာတယ်နော် ဆရာ၊ ဆွဲ'

စပယ်ယာက ပွစိပွစိပြောလို့မဆုံးခင်မှာပဲ ဒိုင်နာစုတ်ကြီးလည်း ကောင်းကင်တမွတ် ကြယ်ကိုဆွတ်တော့မည့်အလား ရှိခနဲထွက်သွားသည်မှာ အဖြစ်အပျက်က မြန်ဆန်လှချည့်။

ကတ္တရာလမ်းရဲ့ အနမ်းပိုင်ရှင်ကို ကြည့်မိတော့…



'အို… ကိုဖြူရှပ်'

ဟုတ်ပါ၏။

ကိုဖြူရှပ်မှ ကိုဖြူရှပ်အစစ်။

ဒီလူ မနက်စောစောစီးစီး မူးပြီး လမ်းနဲ့ ကောင်မလေးနှုတ်ခမ်း မှားသွားတယ်ထင်ပါရဲ့။

လက်ဖက်ရည်ဆိုင်ထဲမှာ ထိုင်နေတဲ့ ထင်ကိုလည်း မနေသာတော့ဘဲ ပြေးထွက်လာပြီး ကိုရှပ်ကို ဖေးဖေးမမနှင့် တွဲထူပေးရပါလေတော့သည်။

'ကိုရှပ် ဟန်ရဲ့လား၊ ဒိုင်နာကားပေါ်က ဆင်းတာဗျာ၊ ဘယ့်နှယ် လက်တွေလွှတ်ပြီး အလယ်ကနေ ဆင်းလာရတာတုံး'

သို့မှ ကိုဖြူရှပ်ကြီးက အီစလန်ဝေနေရင်းကြားကနေ နှုတ်ခမ်းကို လက်နဲ့ အသာအယာပွတ်လိုက်ပြီး…

'ဟုတ်တယ် ညီ၊ ကိုယ် အခုတစ်လော သိပ်အစွန်းရောက်နေလို့ အစွန်းနှစ်ဖက်ကနေ လွှတ်အောင် ရှောင်လိုက်တာ၊ မင်း ဘီစီ ၄၃ လောက်တုန်းက ရောမကဗျာဆရာ Ovidiusnosa (အိုဗီးဒီယပ်(စ်)နိုဆာ)ကို ကြားဖူးလား'

'မကြားဖူးဘူး၊ အဟင့်'

'မကြားဖူးရင် မှတ်ထား၊ Keep a mild course between the two extremes တဲ့။ အစွန်းနှစ်ဖက်ကြားက သင့်တော်တဲ့လမ်းကြောင်းကို ရွေးချယ်ရမယ်ဆိုပဲ၊ တို့ ဒီ ဘယ်လိုခေါ်မလဲ၊ ဂေါတမမြတ်စွာဘုရားပေါ့နော်၊ ဘုရားရှင်ကိုယ်

www.burmeseclassic.com

www.burmeseclassic.com



တော်မြတ်ကြီးကိုယ်တိုင်တောင်မှ မဇ္ဈိမပဋိပဒါလမ်းစဉ်ကို ကျင့်ကြံအားထုတ်တော့မှ သဗ္ဗညုတရွှေဉာဏ်တော်ကို ရခဲ့တယ်မဟုတ်လား၊ အလယ်အလတ်လမ်းစဉ်ပေါ့ကွာ၊ ကျင့်သုံးဖို့ကျတော့ ခက်သားပဲ၊ အစွန်းနှစ်ဖက်ရှောင်ပြီး အလယ်လမ်းက ဆင်းလိုက်တာ မင်းမြင်တဲ့အတိုင်း ငါ့မှာ နဖူးကွဲ ဒူးပြဲပြီး အရှက်ပါ ဟက်တက်ကွဲရတော့တာပါပဲကွာ'

'အိန်'

သူ့စကားကြားတော့ ထင်ကိုလည်း အူတူတူကြီးဖြစ်သွားသည်။ ကောင်းလိုက်တဲ့ ဆင်ခြေကြီးပါလား။

မသိရင် မြတ်စွာဘုရားရော အိုဗီးဒီယပ်(စ်)နဲ့ဆာကပါ သူ့ကို လျှော်ကြေးပေးရတော့မယ့်ပုံ။ ဒီလူ မူးတာတော့ တော်တော့်ကို မူးနေတာ။

'ကိုရှပ် လာဗျာ၊ ကျွန်တော် တိုက်ပါ့မယ်၊ လက်ဖက်ရည်ဆိုင်လိုက်ခဲ့ပါ'

'နေဦး… ညီလေး၊ ကိုယ့်ခေါင်းထဲမှာ ဒဿနတစ်ခုဝင်လာလို့ ကိုယ်ရွတ်ကြည့်လိုက်ဦးမယ်၊ လောကဆိုတာ ဒီလိုပဲ ဒဿနတွေနဲ့ သုံးသပ်ဆင်ခြင်နေရတာပဲ မဟုတ်လား၊ အဟမ်း'

ဟာ… ဘယ်လိုဟာကြီးတုံး။

ဟော… ပြောလို့မှမဆုံးသေး ကိုရှပ်က စပြီ။

တကယ့်ကို ဆော့ကရေးတီးတို့လို လမ်းပေါ်မှာ ဒဿနစကားတွေ အော်ကျယ်အော်ကျယ်နဲ့ ဟစ်တော့မယ်ထင်



ပါရဲ့။ ရဲက အထိတ်တလန့်ဖြစ်စေမှုနဲ့ ဖမ်းမှ ငါပါ အချုပ်ထဲအဆစ်ဝင်နေရဦးမယ်။ ဒုက္ခပါပဲ။

'မဇ္ဈိမပဋိပဒါလမ်းစဉ်ကို လိုက်ခြင်းကား ကောင်း၏၊ ကျွန်ုပ် မကန့်ကွက်လို၊ သို့သော် သင့်ကြမ္မာသည် ဘရိတ်အလွန်အကျွံမအုပ်မိစေရန်အတွက်ကိုမူ ဘုရားသခင်ထံ၌ ကြိုတင်ဆုတောင်းပါ'

မှတ်တိုင်မှာ လိုင်းကားစောင့်နေကြသည့် ကောင်မလေးများ ပြုံးစိစိဖြစ်သွားသည်။ ထင်ကိုလည်း သူ့မှတ်ဆိတ်ကျစ်ဆံမြီးကြီးကို ဆောင့်ဆွဲပစ်ချင်သည့်စိတ်အား မနည်းမျိုသိပ်ရင်း…

လက်ဖက်ရည်ဆိုင်ထဲ တွဲတွဲထူထူ ဖေးဖဖေးမမခေါ်လာခဲ့ပြီး ဆရာသမားကို လက်ဖက်ရည်နှင့် အီကြာကွေးပြုစုရလေတော့သည်။

'ကိုရှပ်'

တကယ်ကို ကိုယ့်အစ်ကိုတစ်ယောက်လို ရင်းရင်းနှီးနှီးခေါ်လိုက်သည့်အသံ။

'ဆို ညီလေး'

'အပေအတေတစ်ယောက်က အရက်သမားကို ဆုံးမတယ်ဆိုရင် လူရယ်စရာများ ကောင်းနေမလားပဲ။ ကိုရှပ်လိုင်းထဲကနေ ရန်းထွက်တော့ဗျာ၊ အရက်သမားဘဝကို ခွန့်လွှတ်တော့၊ ဘဝကို စိတ်သစ်လူသစ်နဲ့ ပြန်စကြည့်ပါလား၊

www.burmeseclassic.com

www.burmeseclassic.com



စိတ်ကို နိုင်နင်းအောင် ပိုင်းဖြတ်ပြီး အရက်ကို ဘုရားမှာ လှူလိုက်ဗျာ'

'ကိုယ်လည်း ဘုရားမှာ သစ္စာတိုင်တည်ထားပါတယ်'

'လုပ်ပြန်ပြီ၊ ဘယ်လိုတိုင်တည်ထားတာလဲ'

'အရက်ဆိုတာ ဘယ်အရက်သောက်သောက် အနည်းနဲ့ အများဆိုသလို မူးကြတာချည်းပဲ၊ ဒါကြောင့် အရက်တွေ မမူးတော့တဲ့တစ်နေ့ တပည့်တော် ဘုရားမှာ အရက်လှူပါ့မယ်လို့ တိုင်တည်ထားတာ၊ ဟုတ်တယ်လေ၊ တော်ကြာ မူးတဲ့ အရက် သွားလှူနေမိမှဖြင့် ကိုယ်က လှူပြီး ငရဲကြီးရဦးမှာ မဟုတ်လား'

'ဟာဗျာ…'

ထင်ကို အားကြီးအားကြီး စိတ်ညစ်သွားသည်။ ဘယ့်နှယ်ဟာကြီးတုံး။

'အချစ်ဆိုတာ ထာဝစဉ် မချိုမြိန်နိုင်ပါဘူး ညီလေးရယ်၊ အရက်ဆိုတာကတော့ ထာဝစဉ်မူးနေဦးမှာပါပဲ'

အဲဒီနောက်မှာတော့ ကိုဖြူရုပ်ကြီးက လေသံကို အနည်းငယ်မြှင့်လိုက်ပြီး ရာဘင်ဒြာနတ်တဂိုး၏ဖလိုးကို နင်းလိုက်ပြီး…

'အို… အသင်လောက၊ သင် အရက်ဖြင့် ခပ်သိမ်းသောနေ့သစ်ကို စလော့၊ ယစ်ရွှေရည်သောက်ကြူးကာ



သောက်ရူးလို ကြမ္မာနတ်ဆိုးကို ကောင်းကင်ဘုံက ဖြိုချလော့၊ ခပ်သိမ်းသော မိန်းမပျိုတို့၏ ရင်ခွင်ထက်၌… … …'

ထင်ကိုလည်း အခြေအနေမဟန်တော့ကြောင်းကို သဘောပေါက်သွားပြီး တစ်ထောင်တန်တစ်ရွက်ကို စားပွဲပေါ် တင်လိုက်ကာ ဟိုဟိုဒီဒီ အကြည့်ဝဲလိုက်တော့…

'ဟာင်…'

❖ ❖ ❖

www.burmeseclassic.com

www.burmeseclassic.com

နိဗ္ဗာန်တံခါးကို ဆွဲဖွင့်ပေးမယ့်
တံခါးမှူးတော့ မဟုတ်ပါဘူး
ဒါပေမဲ့ ကိုယ့်အတွက်
ကိုယ်ရောင်ကိုယ်ဝါတွေ တောက်ပနေသလားလို့ပါ
ဟိုမှာ. . .
ကျွန်တော့်ရဲ့ "ပက်ဖီယို"

၉။

'ပက်ဖီယို'

သူ လက်ဖက်ရည်ဆိုင်ထဲက အသာလစ်ထွက်ခဲ့ပြီး ပက်ဖီယိုနောက်သို့ လိုက်ခဲ့သည်။ သူမကလည်း လက်ဖက်ရည်ဆိုင်ထဲမှာ ကိုရှုပ်ကြီး ကြောင်စီကွေးလုပ်နေသည်ကို ခပ်လှမ်းလှမ်းကနေ မြင်ခဲ့ပုံပေါ်ပါသည်။

'ရှင် သူတို့နဲ့ ကျပ်ကျပ်ပေါင်း'

'ကျက်ကျက်တော့ မပေါင်းပါဘူး၊ မကျက်တကျက်လောက်တော့ ပြုတ်ပေးတယ်၊ half boild ပေါ့၊ အဟီး'

'ဘာပြောဖို့လိုက်လာတာလဲ'

'အင်'

ဟုတ်သား။ တွေ့လို့သာ ဝုန်းခနဲလိုက်လာခဲ့ရတယ်။ ခေါင်းစဉ်တပ်ပြီး ပြောရမယ့်စကားက သိပ်မရှိ။ အနားမှာ အတူရှိချင်လို့ပေါ့လို့ မျက်နှာပြောင်တိုက်ပြီး ပြောလိုက်ဖို့က

www.burmeseclassic.com

www.burmeseclassic.com



လည်း သိပ်များစောလွန်းနေမလား။ ဟိုသီချင်းထဲကလိုပေါ့။ လာမှာတွေကလည်း ရှိပါသေး၏။

'ပက်ဖီယို ဘယ်သွားမလို့လဲ'

'ဘာလုပ်ဖို့လဲ'

'သီချင်လို့ပေါ့'

သူမက ဘယ်ဝယ်ဘယ်ဆီ မပြောဘဲ စကားကို ဖြတ်ချလိုက်ကာ...

'ရှင်ပောတဲ့ ဗေဒင်ထဲက အဆိုးတွေပျောက်အောင် ယတြာလေးများ ချေလို့ရနိုင်မလား'

'ဘုရားတရား ပုံမှန်လုပ်ပေါ့။ ဒီ့ထက်ကောင်းတဲ့နည်းများ ရှိဦးမလား'

သူမက တစ်ခုခုကို စဉ်းစားလိုက်ဟန်ကြောင့် ခြေလှမ်းအနည်းငယ်လှမ်းသွားပြီး...

'အင်း... လုပ်ပါတယ်'

ထိုသို့ပြောပြီး ပုံမှန်အတိုင်း လမ်းဆက်လျှောက်နေသည်။

သူကတော့ သူမနောက်က ခြေမြန်တော်တပ်သားလို တကောက်ကောက်။

'ရှင်တို့အဆောင်ကပဲ'

'အင်း'

'လူတစ်ယောက်'

'အင်း'



'ကျွန်မနောက်ကို လိုက်ဖူးတယ်'

'ကိုယ်သိပါတယ်'

'အပျိုတစ်ယောက်ကို လူပျိုလူလွတ်တစ်ယောက် လိုက်ခွင့်ရှိသလိုပေါ့နော်၊ မိန်းကလေးတွေဘက်ကလည်း လက်ခံခွင့်၊ ငြင်းပယ်ခွင့်ရှိတာပဲ မဟုတ်လား၊ လူတစ်ယောက်ကို မချစ်နိုင်ဘူးဆိုရင် စတွေ့ကတည်းက သိပါတယ်၊ အနည်းဆုံး လေးဆယ်ရာခိုင်နှုန်းဖြစ်ဖြစ်ပေါ့၊ ဒါနဲ့ပဲ ခပ်ပြတ်ပြတ် ငြင်းလိုက်တယ်'

'အင်း'

'ဒီကိစ္စ ကြာရင် ပြီးသွားမယ်ပဲ ထင်ခဲ့တာ၊ ဒါပေမဲ့ ထင်သလိုဖြစ်မလာခဲ့ဘူး၊ သူကပဲ ဇွဲကောင်းတာလား၊ ဒါမှမဟုတ် တကယ်ပဲချစ်သွားတာလား ကျွန်မ မသိဘူး၊ ဒါပေမဲ့ ကျွန်တော်ကို သူ ရှုံးမဲမဲခဲ့တယ်'

'ဘာဖြစ်လို့ အဲလို ပြောနိုင်ရတာလဲ'

'အရင်တုန်းကတော့ မိန်းကလေးတစ်ယောက်ကို ယောကျ်ားလေးတစ်ယောက် လိုက်တဲ့ သာမန်ပုံစံမျိုး လိုက်တာပေါ့၊ သူကြည့်ရတာ အလုပ်လည်းရှိမယ့်ပုံပါ၊ အလုပ်အားတဲ့အချိန် အထူးသဖြင့် ညနေခင်းတွေပေါ့နော်၊ ကျွန်မကို စာလိုက်ပေးတာတို့ ဘာတို့လုပ်တယ်'

'အင်း'

'ကျွန်မလည်း ကြာတော့ မချစ်တဲ့အပြင် ကြည့်မရ ဖြစ်လာပြီး သူရှိတတ်တဲ့အချိန်ဆို အပြင်မထွက်ဘူး၊ တွေ့

www.burmeseclassic.com

www.burmeseclassic.com



လည်း မောက်မောက်မာမာတွေ ပြောမိတယ်၊ နောက် ကျွန်မ အချစ်ကို မရမှန်း…'

သို့နှင့် သူတို့နှစ်ယောက် စကားတပြောပြောနှင့် လျှောက်လာလိုက်ကြတာ ခပ်သေးသေးဖွင့်ထားတဲ့ ကော်ဖီဆိုင်တစ်ခုနား ရောက်ခဲ့ကြတော့…။

'ကျွန်မတို့ ကော်ဖီသောက်ကြမလား'

'ကောင်းသားပဲ'

ကော်ဖီဆိုင်ထဲမှာ ကော်ဖီမှာပြီး ပက်ဖီယိုက သူမ စကားကို ပြန်ဆက်သည်။

'အလုပ်တွေ ဘာတွေက အထုတ်ခံလိုက်ရတယ် ထင်ပါတယ်၊ ကျွန်မကြောင့် ဟုတ် မဟုတ်တော့ ကျွန်မလည်း မသိဘူးလေ၊ နောက် သူ့ပုံစံကြီးက စုတ်ပြတ်ပြတ် နံ့ချာချာကြီးဖြစ်လာတယ်၊ အရှုံးသမားလိုလို ဘာလိုလိုပေါ့'

'အဟင်း'

ဘာရယ်တော့ မဟုတ်။ ထင်ကို ရယ်လိုက်မိသည်။

ယောက်ျားတစ်ယောက်ရှေ့မှာ တခြားယောက်ျားတစ်ယောက်ရဲ့ ကျဆုံးပုံကို အသေးစိတ်နားထောင်နေရတာ သိပ်တော့မနိပ်။

'ရှင်က ဘာရယ်တာလဲ'

'ဩော်… အရှုံးသမားဆိုလို့ပါ၊ ဆက်ပြော'

'အင်းလေ… အရှုံးသမား ဘာရယ်စရာရှိလဲ'

'မရယ်ပါဘူး၊ ဆက်ပြောပါ'



'မဟုတ်ဘူး၊ ရှင်ရယ်တယ်'

'ကိုယ်လည်း ရှုံးဖူးတယ်'

'ဘာရှုံးတာလဲ'

'မျောက်ရှုံး၊ ကိုယ်ငယ်ငယ်က သိပ်ဆော့တာ'

သစ်ခွနက် အနည်းငယ်တော့ ဖီလင်အောက်သွားသည် ထင်ပါသည်။ နှုတ်ခမ်းကို ပွစိပွစိတစ်ချက်လုပ်လိုက်ကာ…

'တော်ပြီ၊ ကျွန်မ ရှင့်ကို စကားကောင်းမပြောတော့ဘူး'

'ပြောပါ၊ I am curious (ကိုယ်သိချင်ပါတယ်)'

'ဟင့်အင်း'

သူက စိတ်ပေါက်ပေါက်နှင့် လေသံတစ်မျိုးပြောင်းလိုက်ကာ…

'ဒီမယ် မိန်းကလေး၊ မင်းနောက်ကို တစ္ဆေတစ်ကောင်လိုက်နေတာ မကြောက်ဘူးလား'

'ဟင်'

ညစ်ထေးထေးလုပ်နေသော သူမမျက်လုံးကလေးများ ဝိုင်းစက်သွားကာ အနောက်ကို လှည့်ကြည့်လိုက်သည်။

အဖြစ်အပျက်က မြန်လှသဖြင့် ဘယ်လိုတောင် ဖြေရှင်းရမယ်မှန်း မသိ။ သူမက ထိုင်နေရာကနေ ဝုန်းခနဲထမယ်ပြုကြံတာကြောင့် သူလည်း စားပွဲပေါ်တင်ထားတဲ့ သူမလက်ခုံကလေးကို အသာဆုပ်ကိုင်လိုက်ပြီး…

www.burmeseclassic.com

www.burmeseclassic.com



'ဘာကြောက်နေတာလဲကွာ၊ ကိုယ်တစ်ယောက်လုံး နံဘေးမှာရှိနေတာပဲ၊ ကိုယ်ပြောတာ အခုလိုက်နေတယ်လို့ ပြောတာမဟုတ်ဘူး၊ မင်းစိတ်က ထင်နေတာလား၊ တကယ်ပဲ လိုက်နေတာလား၊ ဘေးလူမသိရသေးတဲ့ကိစ္စကြီး မင်းမှာရှိနေတယ်လေ၊ ဒါကြောင့် ဖြစ်ခဲ့သမျှ အဖြစ်အပျက်အကုန်လုံးကို ကိုယ့်ကိုပြောလို့ ပြောတာပေါ့၊ မင်းသိပါတယ်၊ ကိုယ့်ရဲ့ ပေါက်တတ်ကရ ဝါသနာတွေထဲမှာ ဘာပါတယ်ဆိုတာ'

'အလွတ်စုံထောက်လား'

'Sure'

'ဒါဆို ကျွန်မလက်ကို လွှတ်တော့၊ ရှင် ကျွန်မ လက်ဖွေရာကို ယူနေပြီ'

'ဟား… ဟား… ဟား… ဟား'

သစ်ခွနက်က သူမလက်ကလေးကို ကျွမ်းကျင်စွာ နုတ်သိမ်းရင်း…

'သူ ကျွန်မကို သူမသေခင် တစ်လလောက်က စပြီး ခဏခဏပြောခဲ့ဖူးတယ်၊ ကျွန်တော် သေခဲ့ရင် သစ်ခွနက် နားမှာ လိပ်ပြာဘဝနဲ့ တစ်သက်လုံးရှိနေမယ်တဲ့။ သူပြောချင်တဲ့ လိပ်ပြာဆိုတာ ဘာလဲ၊ စိတ်ဝိညာဉ်လား၊ နောက် သူ တကယ်ပဲသေသွားခဲ့တယ်လေ'

'နေပါဦး… သူက အကောင်းကြီးကနေ ဘာရောဂါနဲ့ သေသွားတာလဲ'

'သူ့အခန်းထဲမှာပဲ'



သူမက ဘေးဘီတစ်ချက်လှည့်ကြည့်ရာ လက်လေး ချောင်းထောင်ပြလိုက်ကာ…

'ဒါနဲ့ ရှော့(ခ်)ဖြစ်ပြီး on the spot သေသွားတာ'

'ဩော်…'

လက်စသတ်တော့ ကိုယ်နေနေတဲ့ အခန်းထဲမှာပဲ သင်းက အစိမ်းသေသေသွားတာကိုး။ နည်းနည်းတော့ ကျောစိမ့်သွားသလိုပဲ။

နောက်တော့ သူတို့နှစ်ယောက် တိတ်ဆိတ်သွားကြပြန်သည်။ အတန်ကြာမှ ထင်ကိုက…

'ကောင်းပြီလေ၊ နောက်ဆက်တွဲတွေကရော'

'သူပြောသလိုပါပဲ၊ သူသေပြီး အင်း… ခြောက်လလောက် ကြာတာပေါ့၊ အင်း… ခြောက်လလောက်၊ ခြောက်လကျော်ကျော်လောက် နေတော့ပေါ့၊ သူ ကျွန်မနောက်ကို တကယ်ပဲ လိုက်လာခဲ့တယ်'

'မင်းဟာက သေချာလို့လား'

'ကျွန်မ မျက်ဝါးထင်ထင်တွေ့ရတာပဲ၊ ရိပ်ခနဲ ရိပ်ခနဲ နဲ့၊ ကျွန်မရဲ့ စိတ်ဖိစီးမှုက အဲဒီက စခဲ့တာပဲ၊ တစ်ခါတလေ တစ်ယောက်တည်း လမ်းလျှောက်ရင်း နောက်ကျောမလုံသလို လို၊ တစ်ခါတလေလည်း စိတ်က မသိုးမသန့်ဖြစ်ဖြစ်လာရင်း နောက်ကို လှည့်ကြည့်မိတယ်'

'အဲတော့ ဘာတွေ့လဲ'

'သူ ကျွန်မနားမှာ နီးနီးကပ်ကပ်ရှိနေတယ်၊ အဲဒါ

www.burmeseclassic.com

www.burmeseclassic.com



သေချာတယ်၊ သူ့သေခါနီးမှာ ဓာတစ်ခုကပ်ခဲ့တယ်ထင်ပါတယ်၊ ကျွန်မစိတ်ကို အမြဲပဲ ခြောက်လှန့်နေတတ်တယ်'

'မဟုတ်ဘူးလေ၊ ကိုယ်ဆိုလိုတာက သူ့ကို မျက်ဝါးထင်ထင် ဘွားခနဲတွေ့ခဲ့ဖူးလား'

'တွေ့ဖူးတယ်၊ လူကျပ်ကျပ်ထဲမှာတောင် တစ်ခါတလေ တွေ့တတ်တယ်၊ ကျွန်မကို အပြုံးကြီးကြီးနဲ့ စိုက်ကြည့်နေတာ၊ သူ့သေခါနီးတုန်းက ပုံစံအတိုင်းပဲ ပါးချောင်နချောင်တွေကျပြီး ခပ်စုတ်စုတ်အဝတ်အစားနဲ့'

'အဲဒါတွေ့တဲ့အခါ ဘေးလူတွေကို မင်း အကူအညီမတောင်းဘူးလား'

'ဒါ သရဲခြောက်တာလေ၊ ထားပါတော့၊ ညဘက်တစ္ဆေခြောက်တဲ့ အိမ်ကြီးတစ်လုံးကို လူအယောက်တစ်ရာလောက် ဝင်သွားပြီး မီးထိန်ထိန်ထွန်းထားတယ်၊ တစ်ယောက်မှ မအိပ်ဘဲ သတိနဲ့ စောင့်ကြည့်မယ်ဆိုရင် မျှော်လင့်ထားသလို သရဲက ထွက်ပါ့မလား၊ အဲ··· တစ်ယောက်စ နှစ်ယောက်စလောက်ပဲ ညဘက် အဲဒီအိမ်ကြီးမှာ သွားအိပ်မယ်ဆိုရင်တော့ သရဲခြောက်ကောင်း ခြောက်နိုင်တာပေါ့။ လူတွေရဲ့ သိစိတ်နိုးကြားမှု အင်အားလျော့နည်းချိန်လောက်ကျမှ သူတို့က ကိုယ်ထင်ပြကြတာများတယ်လေ'

'ဒါလည်း ဟုတ်တာပဲ'

'ကျွန်မလည်း ဒီလိုပဲ၊ ကျွန်မရဲ့ သိစိတ်နိုးကြားမှု



အားရုံကြောလျော့နည်းချိန်လောက်မှာ ရိပ်ခနဲ တစ်ခါတလေလည်း ထင်းခနဲ မြင်ရတတ်တယ်'

'ရဲကို အမှုဖွင့်ကြည့်ပေါ့'

'ဘယ်ရဲမှ ကျွန်မနောက်ကို တကောက်ကောက်လိုက်မနေနိုင်ဘူး'

'ဒါဆို ကိုယ့်ဆီမှာ အမှုဖွင့်လိုက်'

'ရှင်က ကျွန်မနောက်ကို တကောက်ကောက်လိုက်ပေးမှာလား'

'အင်း'

မရှည်ရှယ်ပါဘဲ တစ်ယောက်ကို တစ်ယောက် နက်နက်နဲနဲ ထိုးထွင်းကြည့်ဖြစ်သွားကြသည်။ နောက်တော့ တခဏ်တိတ်ဆိတ်။

ခဏကြာတော့ သူမက အကြည့်ကို ဘေးဘီမသိမသာလွှဲသွားရင်း 'ရှင် လူလည်ပဲ'လို့ ခပ်တိုးတိုးကလေး ပြောပါသည်။

ရင်ထဲမှာ အမျိုးအမည်မသိတဲ့ ကြယ်တွေ၊ လတွေ တဖျတ်ဖျတ်ပွင့်လာပါ၏။

'ကဲ··· ကျွန်မတို့ ပြန်ရအောင်'

'နေဦးလေ၊ အမှုသည်နဲ့ စုံထောက်ဆိုတာ ဒီလိုပြောချင်ရာပြောပြီး ပြန်ချင်သလို ပြန်လို့ ဘယ်ဖြစ်မလဲ'

'ဒီတော့ ကျွန်မက ဘာလုပ်ပေးရမှာလဲ'

'အနည်းဆုံး ကိုယ့်ကို ဘယ်လောက်ကြေးနဲ့ ငှား

www.burmeseclassic.com

www.burmeseclassic.com



တယ်ဆိုတာလောက်ဖြစ်ဖြစ်ပေါ့၊ ကြေးသတ်မှတ်ပေးရဦးမယ်'

သူမက သူ့စကားကြောင့် မပွင့်တပွင့် တစ်ချက်ရယ်လိုက်ရင်း…

'ကျွန်တောင် မိဘဆီက လက်ဖြန့်တောင်းနေရတာ'

'အင်းလေ… အဲဒီဝေစုကို ကိုယ့်ကို တစ်ဝက်ခွဲပေးနိုင်ရမှာပေါ့'

'နှစ်သောင်းခွဲ၊ အိုကေလား'

'ဟင်… စုံထောက်တစ်ယောက်အတွက် လစာကတစ်လမှ နှစ်သောင်းခွဲ'

သူက အသည်းအသန်မျက်လုံးပြူးပြလိုက်ရာ သူမကမကြည်သလို တစ်ချက်ကြည့်ရင်း…

'သုံးသောင်းရှင်'

'တစ်ရက်မှ တစ်ထောင်ပေါ့၊ အီကြာကွေးနဲ့ လက်ဖက်ရည် သောက်တာနဲ့တင် ကုန်ပြီ'

'ရှင်ကလည်း ချွေတာရဦးမယ်လေ၊ ရှယ်မသောက်ဘဲ ရိုးရိုးသောက်သောက်ပေါ့၊ သူများဆီက လခယူတော့မှ ဆီပြန်ဟင်းနေ့တိုင်းစားချင်လို့ ရမလား၊ ရှင် နေ့တိုင်း ဘာဟင်းနဲ့ စားလဲ'

'သီးစုံပဲကုလားဟင်းနဲ့'

'အင်းလေ… အဲဒါကိုပဲ ဆက်စားပေါ့၊ နောက်ပြီးတော့ ဘတ်စ်ကားစီးတဲ့အခါမှာလည်း အထူးလိုင်းတွေ



ဘာတွေ မစီးနဲ့၊ အပြင်သွားရင် ကိုယ့်အိမ်ကနေ ရေဘူးထည့်သွား၊ ရေသန့်ဘူးတွေ ဘာတွေ ဝယ်မသောက်နဲ့၊ အရည်မရအဖတ်မရ ပီကေလိုဟာမျိုးတွေ မစားနဲ့၊ ဒိုဘီတွေ ဘာတွေမအပ်ဘဲ အဝတ်အစား ကိုယ့်အဆောင်မှာ ကိုယ်လျှော်၊ အဝတ်ကိုလည်း နံတိုင်းမလျှော်နဲ့၊ ဆပ်ပြာမှုန့် ကုန်တယ်၊ နေလှန်းထားလိုက်၊ ကိုယ် အဲဒီအဝတ် ဝတ်တဲ့အခါ ပတ်ဝန်းကျင်ကိုအကဲခတ်၊ ပတ်ဝန်းကျင်က သိပ်မျက်စိမျက်နှာပျက်လာတော့မှ ရေနဲ့အရင်လျှော်ကြည့်၊ မရတော့မှ ဆပ်ပြာမှုန့်တိုက်၊ နောက်ပြီး…. …. ….'

သစ်ခွနက်ကို ကြည့်ပြီး ထင်ကို ရယ်လည်း ရယ်ချင်လာသလို အသည်းလည်း ယားလာသည်။ ကြည့်ဦး။ သူ့ပိုက်ဆံကုန်မှာ ကြောက်လို့ လူကို ချွေတာခိုင်းနေတဲ့ပုံများ။

'ကိုယ်တစ်ယောက်တည်းရှိတဲ့အချိန် လက်ဖက်ရည်ဆိုင်တို့ မုန့်ဆိုင်တို့ မထိုင်နဲ့၊ ကိုယ့်အသိနှစ်ယောက်၊ သုံးယောက်လောက်ရှိတဲ့အချိန်မှ ကိုယ်က အလစ်ဝင်ထိုင်၊ မုန့်တွေ ဘာတွေ များများစား၊ ချက်ချင်း ထထွက်လာနိုင်တဲ့သူဟာ ကိုယ်အရင်ဖြစ်ပါစေ၊ အဲလို မျက်နှာနာအောင်လည်းသူတို့ ဘာခိုင်းခိုင်း ကိုယ်က လုပ်ပေးနိုင်သူဖြစ်ရမယ်၊ မျက်နှာပြောင်တိုက်ရမယ်'

'ဟား… ဟား… ဟား… ဟား'

သူမက သူမဟာသကို မင်သေသေဖုံးဖိကာ…

www.burmeseclassic.com

www.burmeseclassic.com



'ကျွန်မပြောတဲ့အထဲမှာ ဘာရယ်စရာပါလို့လဲ'

'မဆိုးပါဘူး၊ ဟာသကို မင်သေသေပြောတတ်သားပဲ၊ ဒေါသထွက်တဲ့အခါမှာရော မင်သေသေ ရှိ၊ မရှိ စမ်းကြည့်ဦးမယ်၊ တစ်ရက် တစ်ထောင်ကို လောက်အောင်သုံးနိုင်ပါတယ်၊ ဒါပေမဲ့ အဆောင်လစာ တစ်သောင်းကျန်သေးတယ်ကွ၊ လေးသောင်းတော့ ပေးကွ၊ ဘယ်လိုလဲ'

'ဟင်… ဒါဆို ကျွန်မက တစ်လမှ တစ်သောင်းပဲ သုံးရတော့မှာပေါ့'

'မင်းမုန့်ဖိုးက တစ်လမှ ငါးသောင်းတည်းရတာလား'

'ကျွန်မအဖေက ဘီလျံနာမဟုတ်ဘူးရှင့်၊ ဒီလောက်ပဲ ပေးနိုင်တယ်'

'ဒါဆိုလည်း ကိုယ့်ဆီက ပြန်လက်ဝါးဖြန့်ပေါ့၊ ငွေပိုငွေလျှံရှိရင် ပြန်ပြီးမုန့်ဖိုးပေးမယ်'

'ဟင်း… ရှုပ်နေတာပဲ'

သူမက သက်ပြင်းချကာ ခေါင်းကုတ်ပါသည်။

သရဲတော့ မသိ။

ကျွန်တော်တောင် သူမကို ကြည့်ပြီး ကိုက်စားချင်လာသည်။

❖ ❖ ❖

၁၀။

ကလီယိုပက်ထရာကို လူတိုင်းကြားဖူးကြမည်မို့ ဇာချဲ့မပြောလိုတော့ပါ။ နိုင်းမြစ်ဝှမ်းရဲ့ မာယာရှင် အလှဘုရင်မရဲ့ ရက်စက်ကြမ်းကြုတ်မှုတွေကို လူတိုင်း တီးခေါက်ဖူးကြမည်မို့ ထပ်ဆင့်လည်း အာမရှိုးလိုတော့ပါ။

လူသိသိပ်မများလှတဲ့ သူမရဲ့ ရက်စက်ကြမ်းကြုတ်မှု ကစားနည်းကိုတော့ဖြင့် လက်တို့ပါရစေ။ မိဖုရားဟာ တစ်ခုခုကို မျှော်လင့်ချက်နဲ့ စောင့်စားရတဲ့အခါ စိတ်သက်သာရာရလို့ရဖြား ကစားနည်းတစ်ခုကို အပျင်းပြေကစားလေ့ရှိသတဲ့။

အဲဒီကစားနည်းကတော့ ကျွန်တစ်ယောက်ကို ထုပ်တန်းမှာ ဇောက်ထိုး တွဲလောင်းဆွဲလိုက်ပြီး အရှင်လတ်လတ် လှံနဲ့ထိုးလိုက်၊ ဓားနဲ့ပေါက်လိုက်၊ လျှာဖြတ်လိုက်၊ မျက်လုံးဖောက်လိုက် စသဖြင့် ရက်စက်မှုနဲ့ စိတ်သက်သာရာရကြသတဲ့။ ဩော်… သူ့ကျွန်ဖြစ်ရတာလည်း ကျောစိမ့်စရာ။

www.burmeseclassic.com

www.burmeseclassic.com



တကယ်လို့များ အလှဘုရင်မကို နှစ်ဆယ့်တစ်ရာစုရဲ့ PS3 ဂိမ်းစက်တွေ၊ အိုင်ပက်တွေ၊ အမ်ပီဖိုက်တွေ ပေးခွင့်ရခဲ့ရင် ရာဇဝင်မှာ အလှဘုရင်မဟာ ရက်စက်ကြမ်းကြုတ်မှုနဲ့ ကျော်စောရမယ့်အစား ပေါတောတောများဖြစ်သွားလေမလား။

ဒါမှမဟုတ် ထင်ကိုတစ်ယောက် ဘီစီ ၄၈ လောက်တုန်းက နိုင်းမြစ်ရဲ့ အာဏာရှင်တစ်ယောက် ဖြစ်ခဲ့ရင်ရော။

ပက်ဖီယိုနဲ့ တူတဲ့ မိန်းမပျိုအယောက်တစ်ထောင်ကို ရှေ့တော်သွင်းစေလို့ အာဏာသားတွေကို အီဂျစ်မြို့တစ်မြို့လုံးလှည့်ပတ်ရှာခိုင်းပြီး ရလည်းလာရော…

'ငါကိုယ်တော်မြတ် လွမ်းလွန်းလို့ စိတ်ဆိုးတော်မူတယ်၊ သင်းတို့ကို ပက်ဖီယိုနဲ့ တူမှုနဲ့ ကျောအချက်တစ်ရာ၊ ရင်အချက်တစ်ရာ ကော့နေအောင်ရိုက်စေ'လို့ အမိန့်တော်မချမှတ်နိုင်ဘူးလို့ ဘယ်သူပြောနိုင်မှာလဲ။

ဩော်… စိတ်ဖိစီးမှုတွေထဲမှာ လွမ်းလို့ စိတ်ဂနာမငြိမ်ဖြစ်ရတဲ့ အပူကလည်း မသေးပါလား။

သူမရဲ့ လက်ကလေးကိုင်ကြည့်ဖူးရုံနဲ့ ရင်ဘတ်ကြီးတစ်ခုလုံး ပြာကျသွားရှော့သလား။

ပက်ဖီယို့အကြောင်း ကဗျာပဲစပ်ရမှာလိုလို၊ လူတစ်ယောက် အိပ်ရုံလောက်ရှိတဲ့ အခန်းကျဉ်းလေးထဲမှာ မုတ်ဆိတ်မွေးပဲ ဆွဲနုတ်ရမှာလိုလို၊ ထုပ်တန်းကိုပဲ ဘားကွင်းဆွဲသလိုဆွဲရမှာလိုလို စိတ်ဆောက်တည်ရာမရတဲ့အဆုံး…



လက်(ပ်)တော့ဖွင့်လိုက်ပြီး အင်တာနက်ပေါ်ကနေ ဒေါင်းလော့ထ်ချလာတဲ့ ကွန်ပျူတာအထူးပြုလုပ်ချက်ဓာတ်ပုံ (ဓာတ်ပုံမှာ ရင်သားထွားထွား၊ တင်ကားကား၊ မျောက်မကြီးကို ရေကူးဝတ်စုံ ဝတ်ပေးထားသော ပုံ)တင်လိုက်ပြီး မျောက်မကြီးမျက်နှာနေရာမှာ ပက်ဖီယို့မျက်နှာ ဖောက်စွပ်ပေးလိုက်သည်။

ဒီနေရာမှာ ပက်ဖီယို့ဓာတ်ပုံက မျိုးမင်းမင်းသိန်းဆီက ရခဲ့တာမို့ သရဲကျေးဇူးက ကိုယ့်မှာ တင်သွားပြန်သေးသည်။

အိမ်ပေါ်က ဆင်းတုန်းက ဝော်ပြတ်သည့်ဘဝရောက်ခဲ့ရင် ရောင်းချပေါင်နှံသုံးရအောင် Lap top အသေးတစ်လုံးနဲ့ ပျင်းပါက ဂိမ်းကစားနိုင် အခွေကြည့်နိုင်ပါသည်။

'ဒေါက်… ဒေါက်'

'ထင်ကို'

ဟော… ဆရာကြီးဒေတာ။

သူ့အခန်းတံခါးကို ခေါက်နေပြီ။ ဘာစကားထာ ဝှက်ဦးမလို့လဲ မသိဘူး။ မကျက်တကျက်ပြုတ်ပေးလိုက်ဦးမယ်။ အဟိ။

'ဝေး… လာပြီဟ'

သူ အခန်းတံခါးဖွင့်ပေးလိုက်တော့ ဒေတာက အီဂျစ်တယ်ကင်မရာတစ်လုံးနှင့် မိန့်မိန့်ကြီးရပ်နေသည်။

www.burmeseclassic.com

www.burmeseclassic.com



'သိုက်စာတစ်စောင်လောက် Print out ထုတ်ပေးစမ်းပါ၊ နှုတ်တော့ လုံပါစေနော်'

တွေ့လိုက်တာနဲ့ ကြီးကြီးကျယ်ကျယ် တော်သေးတယ်။ သူ့ကို တံခါးဖွင့်မပေးခင် ပက်ဖီယို့ဓာတ်ပုံကို ဖျောက်လိုက်လို့။

'သိုက်စာ ဟုတ်လား၊ သိုက်စာ စာသိုက်လား၊ လုပ်စမ်းပါ၊ ငါလည်း ဘိုင်ပြတ်နေလို့၊ သိုက်စာဆိုလည်း သိုက်ကလေး ဘာလေး သွားတူးရအောင်၊ စာသိုက်ဆိုလည်း ဥလေး ဘာလေး သွားနှိုက်ရအောင်'

'အဟက်… ဟား… ဟား… ဟား… ထင်ကို၊ ထင်ကို၊ မင်းဟာ တကယ်ရှုးပေါပေါကောင်ပဲ၊ ဒါကြောင့် ဒီသိုက်စာကို print out ထုတ်ဖို့ မင်းကိုပဲ ငါရွေးချယ်ပြီး လာခဲ့ရတာ'

အောင်မာ… လူကိုများ ချိုးချိုးဖွဲ့ဖွဲ့ကြီးပါလား။

'ဘာလဲ၊ ရုပ်တည်ကြီးနဲ့ မင်းက စိတ်ဆိုးတာလား'

'ဖုတော့ ဖုတယ်'

'မဖုနဲ့၊ ဒီပုံကို ငါ့ကို print out ထုတ်ပေး၊ ပြီးတော့ နှုတ်လုံပါစေ၊ ငါ မင်းကို လမ်းထိပ်က တရုတ်ကြီးဆိုင်မှာ ခေါက်ဆွဲကြော်အဝကျွေးမယ်'

'တကယ်လား'

'တကယ်ပေါ့ကွ'

'ကဲ… ဒါဖြင့် ပြ၊ မင်းရဲ့သိုက်စာ'



ဒေတာက သူ print out ထုတ်လိုသော ဓာတ်ပုံကို ဆွဲတင်လိုက်ပြီး ထင်ကို့ထံ ကင်မရာလှမ်းပေးလိုက်သည်။

ထင်ကို ကြည့်လိုက်တော့…

'ဟင်'

❖ ❖ ❖

www.burmeseclassic.com

www.burmeseclassic.com

ပြောပြန်ရင်လည်း အောင်မင်းလွန်ရာကျလိမ့်မည်။

စုံထောက်နဲ့ အမှုသည်ဆိုတော့ ဘာရယ်မဟုတ်။ ခဏခဏ ချိန်းတွေ့ဖြစ်ကြသည်။ ရင်တွေ ခုန်ကြသည်။ အကြည့်နက်နက်တွေနဲ့ ဟာ့(ထ်)ထိအောင် ကြည့်မိကြသည်။

တစ်ရက်ကတော့ ဘာရယ်မဟုတ်။ ပိုင်ရှင်ကတောင် ဒီလောက် ရှိရှိသေသေထိန်းခဲ့ရဲ့လား မသိတဲ့ ပက်ဖီယိုရဲ့ ဓာတ်ပုံလေး။ သူမကို ထုတ်ပြမိသည်။

'ဟင်… ဒါ ကျွန်မပုံပဲ'

'ဟုတ်တယ်'

'ရှင် ဘယ်တုန်းက ခိုးရိုက်ထားတာလဲ'

'ကိုယ် ခိုးရိုက်ထားတာ မဟုတ်ဘူး'

'ဒါဖြင့် ဒီပုံကို ဘယ်သူခိုးရိုက်ထားတာလဲ'

'မျိုးမင်းမင်းသိန်း'

'အို'

သူမက ထုံးစံအတိုင်း မူးမေ့မတတ်ဖြစ်သွားတာမို့ သူ အသာထိန်းလိုက်ရသည်။



(ဒုက္ခပါပဲ၊ ငါ မင်းကို နမ်းမိတော့မယ်)

'ကျွန်မကို ဒီကိစ္စတွေက ဘယ်လောက်အထိတောင် ခြောက်လှန့်နေဦးမလဲ မသိဘူး။ ရှင် ဒီဓာတ်ပုံ ဘယ်ကရလာတာလဲ'

'ကိုယ့်ခုတင်အောက်က'

သူမက စုတ်တစ်ချက်သပ်လိုက်ပြီး စိတ်မရှည်သလိုလို ခေါင်းကုတ်လိုက်ကာ…

'ပြည့်ပြည့်စုံစုံပြောလေ၊ ကျွန်မ တစ်ခွန်းမေးမှ ရှင်က တစ်ခွန်းဖြေမှာလား'

'ပြည့်ပြည့်စုံစုံပြောရမယ်ဆိုရင်တော့ ကိုယ့်ခုတင်အောက်က ဓာတ်ပုံတစ်ပုံ ကောက်ရတယ်၊ ကြည့်လိုက်တော့ ပက်ဖီယို့ပုံဖြစ်နေတယ်၊ ကိုယ် အခုနေတဲ့ အဆောင်ရဲ့ အခန်းနံပါတ်က (၈)၊ မျိုးမင်းသိန်းနေခဲ့၊ သေခဲ့တဲ့ အခန်း။ ကိုယ်လည်း ဘာကြောင့်မှန်းတော့ မသိဘူး။ အဲဒီအချက်အလက်တွေကို မင်းကို သိစေချင်လို့ ပြောပြတာ'

'အို'

လုပ်ပြန်ပြီ။

သွေးမရှိတော့တဲ့ မျက်နှာကြီးနဲ့ ပစ်လဲပြဦးမှာလား။ စုံထောက်အလုပ်ထဲမှာ ပွေ့ချီပေးရမယ့်အလုပ်ရော ပါလား။ ဒါကတော့ ဘော်ဒီဂတ်နဲ့ နည်းနည်းများ ဆိုင်သွားမလားလို့ ပါ။ လိုရာဆွဲတွေးကြည့်တာမျိုးပေါ့။

'ထင်… ထင်တော့ ထင်တယ်'

www.burmeseclassic.com

www.burmeseclassic.com



'ဘာ… ဘာကိုလဲဟင်'

'ရှင့်နား၊ ရှင့်နားကလေ အပုပ်နံ့တွေ ရတယ်'

'အို… ဟုတ်လား'

ထင်ကိုလည်း မှင်တည်တည်နှင့် သူ့ကိုယ်သူ ပွရှုံ့ပွရှုံ့ပြန်လုပ်ကြည့်သည်။

'ရှင်ရော ရလား'

'ရတယ်'

'ဘာရတာလဲ'

'အပုပ်နံ့လေ'

'ရှင် ဘာလို့ အစိမ်းသေသေထားတဲ့ အခန်းမှာ နေရတာလဲ၊ ကျွတ်'

'မဟုတ်ဘူး၊ ကိုယ့်နားက အပုပ်နံ့ထွက်နေတာက အစိမ်းသေနဲ့ မဆိုင်ဘူး၊ ဟိုလေ ရေချိုးတိုင်း ဆပ်ပြာမပါတာ သုံးရက်ရှိနေပြီ၊ သဘောပေါက်လား မသိဘူး'

'ဟင်'

သူမက အသည်းအသန် စဉ်းစားသည်။ သူကတော့ ရယ်ကျဲကျဲ။

နောက်တော့ သူမ သဘောပေါက်သွားပြီ

'ဟုတ်သားပဲ၊ ကျွန်မ ရှင့်ကို စုံထောက်ဖိုးမပေးရသေးဘူး၊ ရှင်လူလည်'

ဟု ပြောကာ ကတိအတိုင်း ငွေလေးသောင်းထည့်ပေး



သွားပြီး အောင့်သက်သက်နှင့် ထပြန်သွားပါလေတော့သည်။

'ဟား… ဟား… ဟား… ဟား'

သူကတော့ လွှတ်လပ်စွာ ရယ်မောလို့ ကောင်းနေဆဲ။

❖ ❖ ❖

www.burmeseclassic.com

www.burmeseclassic.com

၁၁။

ထင်ကို တကယ်ကို အူတူတူကြီးဖြစ်ရပါသည်။

ကြည့်လေ။

သိုက်စာဆိုလို့ ဘယ်လိုဟာမျိုးကြီးများလဲလို့ ဒေတာ့ကင်မရာကို ယူကြည့်လိုက်မိပါသည်။ ပက်ဖီယိုနဲ့ ပထမဆုံးတွေ့ပြီး နောက်ပိုင်းမှ ညနေခင်းတစ်ခုမှာပေါ့။ ဘာရယ်မဟုတ်။ ပက်ဖီယို့ကို ရည်ရွယ်ပြီး နံရံမှာ စပရေးနဲ့မှုတ်ခဲ့တဲ့ပုံကြီး။

'မင်းက ဒီပုံကြီး ဘာလုပ်မလို့တုံး'

'မသိသူ ကျော်သွား သိသူဖော်စားတဲ့'

'အင်း'

'မင်းတို့လို လူပြိန်းတွေကတော့ ပညာမျက်စိနဲ့ ကြည့်တတ်မှာ မဟုတ်ဘူး'

'အင်'

'ဒါ ဝတ္ထုတစ်ပုဒ်ပဲ'

'ဩော်'



'ဝတ္ထုတစ်ပုဒ်လည်း ဖြစ်သလို ဉာဏ်စမ်းပဟေဋ္ဌိတစ်ပုဒ်ပါဖြစ်တယ်'

'အမ်'

'တချို့ပညာရှိတွေဟာ သူတို့သိသမျှကို နံရံတွေပေါ်မှာ အရှုံးစာလိုလို ဘာလိုလို ရေးသွားတတ်ကြတယ်ကွ၊ ဒါကို တချို့ ဖတ်တဲ့သူတွေက အကျိုးရှိအောင် အသုံးချတတ်ကြတယ်'

'အို'

ဖြစ်ရလေ။

လက်ဆော့ခြေဆော့နဲ့ ဆွဲခဲ့မိတဲ့ ကာယကံရှင်တောင်သူလောက် နက်နက်နဲနဲ မတွေးမိ။ သူပြောတော့မှ ကိုယ့်အဖြစ်ကို ဂုဏ်ပဲယူရမှာလိုလို၊ ဘဝင်ပဲမြင့်ရမှာလိုလို။

အခုနေများ ဒီပုံက ငါဆွဲခဲ့တဲ့ပုံပါကွလို့ ပြောကြည့်လိုက်ရင် ဒီကောင် ရှက်ပြီး ကားခနဲသေသွားမလား မသိဘူး။

'ဆိုစမ်းပါဦး၊ မင်း ဒီလောက်ညွှန်းနေတော့ ငါလည်း စိတ်ဝင်စားသွားပြီ၊ ဒီပုံရဲ့အဓိပ္ပာယ်က ဘာတုံး'

'မင်းက ငါ့ဘာသာပြန်ပြလိုက်ရင် ခေါင်းတုံးပေါ်ဆိပ်ကွက်ပြီး ငါ့ထက်ကြိုပြီး စာအုပ်ထုတ်ရောင်းစားလိုက်ရင် ငါခံသွားရမှာပေါ့'

ပြဿနာ ခွတ်ကြီးပဲ။

'ခေါင်းအဖြတ်ခံပြီး ငါ အာမခံတယ်၊ ဟိတ်ကောင်ရဲ့၊ ငါ ဘယ်တော့မှ စာရေးဆရာမလုပ်ဘူး'

www.burmeseclassic.com

www.burmeseclassic.com



'သေချာလို့လား၊ ဘာဖြစ်လို့လဲ'

'မျက်စိလည်း ညောင်း၊ ခါးလည်း ညောင်း၊ လက်လည်း ညောင်းနဲ့၊ နောက်ပြီးတော့ ဟိုဥစ္စာကလည်း ညောင်းတယ်'

'ဘယ်ဥစ္စာလဲ'

'ဖင်'

'ထွီ'

ဒေတာက တကယ့်ကို အော့နလုံးနာသွားဟန်မျိုး တံတွေးထွေးလိုက်သဖြင့် သူ တဟားဟားရယ်မိလေသည်။

'တော်ပြီကွာ၊ ပေါက်တတ်ကရ ညစ်တီးညစ်ပတ်တွေ၊ လျှောက်မပြောနဲ့တော့၊ ဒီပုံလေး မင်း print out ထုတ်ပေးမလား၊ ထုတ်မပေးဘူးလားဆိုတာသာ ပြော'

'အေးပါ၊ ထုတ်ပေးမှာပါ၊ မင်းကလည်း'

လမ်းထိပ်က တရုတ်ဆိုင်မှာ ခေါက်ဆွဲကြော်မျက်နှာက ရှိသေးတယ်မဟုတ်လား။ ဒီတော့ ထင်ကိုလည်း မကျက်တကျက်ပြုတ်မနေတော့ဘဲ သူ့ကင်မရာထဲက မန်မိုရီကတ်ကို ဆွဲထုတ်လိုက်ပြီး ကတ်ရီဒါထဲထည့်ကာ လက်(ပ်)တော့ကယူအက်ဘီကြိုးချင်း ချိတ်ဆက်လိုက်သည်။

ကွန်ပျူတာထဲက ပုံဝင်လာတော့မှ ဖိုတိုရှော့(ပ်)ကနေ ရီဖောလူးရှင်းလေး ဘာလေး ချိန်ပေးပြီး ပရင့်အောက်ထုတ်ကာ မောင်မင်းကြီးသား စိတ်ကျေနပ်အောင် လုပ်ပေးလိုက်ရလေတော့သည်။



ပုံထွက်လာတော့မှ ရုပ်ပ်ရုပ်ပ်ဖြစ်နေတဲ့ မျက်နှာကြီး ဖြီးလာတော့၏။

'ကျေးဇူး၊ ဒီတစ်ခါတော့ မင်းကို ငါ ရေလည်ကျေးဇူးတင်သွားပြီ'

'ဟယ်... မလိုပါဘူး၊ ဒီပုံလေး ထုတ်ပေးရုံလောက်နဲ့များ'

'တစ်ခုတော့ ကူညီဦး'

'ကဲ... ပြော၊ ဘာလုပ်ပေးရဦးမှာတုံး'

'ဒီပုံကို မင်းစက်ထဲကနေ လုံးဝ Delete လုပ်ပစ်လိုက်၊ ဟုတ်ပြီလား'

ထင်ကိုလည်း ဒေတာ မဟာသုခမိန်ပညာရှိ စိတ်ချမ်းသာသွားရလေအောင် ကိုယ်ဆွဲထားတဲ့ သူ့ပုံကို ကွန်ပျူတာထဲကနေ လုံးဝဖျက်ဆီးပစ်လိုက်သည်။

ဒေတာက ဆရာပြုံး ပြုံးပြန်သည်။

'Recycle Bin ကို ဖွင့်လိုက်ဦး ဟိတ်ကောင်'

ထင်ကို နည်းနည်းတော့ မျက်ခုံးတွန့်သွားသည်။ ဒီကောင်က ကွန်ပျူတာထဲက အမှိုက်ပုံးကိုပါ သွန်ချင်တာကိုး။

Recycle Bin ကိုဖွင့်လိုက်တော့ စောစောက ဖျက်ဆီးပြီးသားပုံကလေး ပြန်ထွက်လာပြန်သည်။

'အဲဒါလေးပါ delete လိုက်'

'အေးပါ၊ အိုကေ'

www.burmeseclassic.com

www.burmeseclassic.com



'နေဦး ဟိတ်ကောင်၊ start က Run ထဲကနေ recent ကိုသွားလိုက်ဦး'

ထင်ကို ဒေတာကို နည်းနည်းဖြုချင်လာသည်။

ဒီကောင် နယ်နယ်ရရတော့ မဟုတ်ဘူး။ ကွန်ပျူတာရဲ့ အခြားအခြားသော မှတ်ဉာဏ်တွေကိုပါ သူသိနေတယ်။

ဒါပေမဲ့ မျှော်လင့်ထားသလို recent ထဲကို အဲဒီပုံက ရောက်မလာ။

'ဘယ်လိုပဲဖြစ်ဖြစ် Ctrl A နှိပ်ပြီး အားလုံးဖျက်ပစ်လိုက်'

ထင်ကိုက ဒေတာအမိန့်ပေးလိုက်သလို အားလုံးဖျက်ဆီးပစ်လိုက်သည်။

'မင်း ငါ့ကို နည်းနည်းလေးတော့ ရှင်းပြသင့်တယ်'

'မင်း သိပ်စိတ်ဝင်စားနေရင်တော့ ငါရှင်းပြနိုင်ပါတယ်၊ တရုတ်ဆိုင်မှာ ခေါက်ဆွဲကြော်လိုက်ကျွေးဖြစ်တဲ့တစ်နေ့ပေါ့၊ ဒါပေမဲ့ အဲဒီပုံ တစ်ခုခုကြောင့် ပွသွားရင် မင်းပဲနော်၊ မင်းတာဝန်ယူ ဖြေရှင်းပေးရမယ်'

'စိတ်ချ ဟိတ်ကောင်၊ ငါ စာရေးဆရာလုပ်မယ့်ကောင် မဟုတ်ဘူး၊ ငါ့ကြောင့်တော့ မပွစေရဘူး'

သူတို့နှစ်ယောက် အနည်းငယ် တိတ်ဆိတ်သွားကြသည်။

'ထင်ကို အင်တာနက်ပေါ်မှာ တချို့မိန်းကလေးတွေ၊ မိန်းမကောင်းလေးတွေ ဖြစ်ကြပါရက်နဲ့ ဟိုကွာ မဟုတ်က



ဟုတ်က ဓာတ်ပုံတွေ၊ ဗီဒီယိုဖိုင်တွေအဖြစ် အတင်ခံလိုက်ကြရတာ ဘာကြောင့်လို့ မင်းထင်လဲ'

'ဘာကြောင့်လဲဟင်'

ဒေတာ့အသံက အလွန်တစ်ရာ တည်ငြိမ်လေးနက်နေလွန်းသဖြင့် သူ အူတူတူပင် ဖြစ်သွားရလေတော့သည်။

'အယုံလွယ်လွန်းတာရယ်၊ ကိုယ်ရေးလုံခြုံရေး သတိနည်းလွန်းတာရယ်ကြောင့်'

သူ ခေါင်းတဆတ်ဆတ်ညိတ်လိုက်မိပါသည်။

'နို့… ဒီပုံက မင်း လမ်းဘေးကနေ ရလာခဲ့တာ မဟုတ်လား၊ အဲဒီ မူရင်းဆွဲထားတဲ့ပုံကျတော့ရော'

'စပရေးနဲ့ပဲ ငါဖျက်လာခဲ့တယ်'

စုံထောက်ကြီး ကျေနပ်နှစ်သက်စွာ ပြုံးလိုက်မိပါသည်။

တစ်ရက်ကို တစ်ထောင် ပေးရကျိုးနပ်ပါရဲ့လား ပက်ဖီယို။

အဖြေက ထွက်သလောက်နီးပါး ကျိန်းသေနေပါပြီ။


❖ ❖ ❖

www.burmeseclassic.com

www.burmeseclassic.com

တကယ်တမ်း တရုတ်ဆိုင်ရောက်တော့ ပုံနဲ့ပတ်သက်ပြီး ဒေတာရဲ့ ဉာဏ်စမ်းပဟေဠိပုစ္ဆာက ထင်သလောက် စိတ်ဝင်စားစရာမကောင်းဟု ထင်ကို ယူဆမိသော်လည်း အချစ်ကို ရှူးရှူးမူးမူး ရင်ခုန်နေကြတဲ့ ဆယ်ကျော်သက်လူငယ်လေးတွေ အတွက်ကတော့ ဖတ်လို့ကောင်းမယ့် ဓာတ်လမ်းတစ်ပုဒ်ဖြစ်နေလေတော့သည်။

လက်ဆောင်ပြီး စပရေးနဲ့ ရေးခြစ်ခဲ့ဖူးတဲ့ ပုံကလေးကို သူ စိတ်ကူးထဲမှာ မှတ်မိနေသည်။




|O|

အလယ်က ပုံဟာ အံ့ဩတုန်လှုပ်နေတဲ့ ပက်ဖီယို လို့ သူရည်ညွှန်းခဲ့တာပါ။ အင်တာနက်ပေါ်မှာ ချက်တင်ပြော



ရင် အဓိပ္ပာယ်ကောက်ယူလို့ ရတဲ့ သင်္ကေတတွေ အများအပြား ရှိပါ၏။

|ဂ| ဆိုပါတော့။ ကိုယ်က အံ့ဩတုန်လှုပ်မှုနေရာမှာ ဒီသင်္ကေတကို သုံးခဲ့တာဖြစ်တဲ့အတွက် ရွှေဉာဏ်တော်ရှူးကြီးက ဘယ်လိုအဓိပ္ပာယ်မျိုးနဲ့များ ဒါကို ပြန်ကူးချလေတယ် သိလိုတဲ့အတွက်…

'မင်းပုံထဲက |O| ရဲ့အဓိပ္ပာယ်က ဘာလဲ ဒေတာ'

'အဆောင်နံပါတ် 101 ကို ပြောတာ'

'အမ်… မင်းဟာက ယုတ္တိဗေဒနဲ့ နည်းနည်းများ ဟနေမလားလို့၊ တက္ကသိုလ်က မိန်းကလေးအပြင်ဆောင်တွေ ထဲမှာ အခန်းနံပါတ် 101 အထိ ရှိနိုင်ပါ့မလား'

'ငါ့ဝတ္ထုထဲမှာကတော့ ရှိတယ်၊ နတ်သမီးအဆောင်ဟာ အခန်းပေါင်းတစ်ထောင်ရှိပြီး တက္ကသိုလ်အသီးသီးက ကွင်းပေါင်း တစ်ထောင့်ငါးရာ နေကြတယ်'

'ဟော'

ထင်ကို အရှင်လတ်လတ် နတ်ပြည်တက်လိုက်ရသလို ခံစားလိုက်ရပါသည်။ ဒေတာကတော့ မှင်တည်တည်။

'မဖြစ်နိုင်တာကို ယုတ္တိရှိရှိရေးနိုင်လေ လူစိတ်ဝင်စားလေပဲ ဟော့ကောင်'

'အင်း… မင်းပြောတာလည်း ဟုတ်တာပဲ၊ ထားပါတော့၊ အလယ်က ပန်းပွင့်ပုံသင်္ကေတကျတော့ရော'

သူ ရေးဆွဲခဲ့တုန်းက ပက်ဖီယိုဆိုတဲ့ သစ်ခွနက်ပန်း

www.burmeseclassic.com

www.burmeseclassic.com



ကလေးကို ရည်စူးရေးဆွဲခဲ့တာမို့ ဒေတာကတော့ ဘယ်လို သဘောနဲ့များ စိတ်ကူးထားသလဲသိချင်၍ မေးမိသည်။

'အဲဒါ ပန်းပွင့်မှ မဟုတ်တာ'

'ဒါဖြင့် ဘာတုံး'

'လမင်းခုနစ်စင်း'

'အင်'

သူ တကယ်ကို အူတူတူကြီးဖြစ်သွားရသည်။

'အဝိုင်းခုနစ်ဝိုင်းကို မင်း မတွေ့ဘူးလား ငပိန်း'

'ဩော်... အဲ... ဟုတ်သား၊ နာမည်တွေက ဘယ်သူတွေတဲ့တုံး'

ဒေတာက ရုပ်တည်ကြီးနှင့် ရွတ်ပြပြန်ပါသည်။

'သော်တာလမင်း၊ စန္ဒာလမင်း၊ မိုးတိမ်လမင်း၊ ပန်းနု လမင်း၊ သစ်တော်လမင်း၊ ခင်ခင်လမင်း၊ ကေခိုင်လမင်း'

သူပြောလိုက်တော့လည်း ဟုတ်သလိုလို။

'တကယ်ရှိရင် ကောင်းမယ်နော်၊ ငါတောင် ရင်ခုန် လာပြီ၊ အဟီး... ကဲ... လုပ်စမ်းပါဦး၊ ဇာတ်လမ်းအကျဉ်း ချုပ်လေးကို'

'အခန်းနံပါတ် 101 မှာ မိန်းမချောလေးခုနစ်ယောက် နေတယ်၊ လမင်းလေး ခုနစ်စင်းပေါ့'

'တစ်ခန်းတည်း ခုနစ်ယောက်တောင်နေတယ်ဆိုတော့ အီးစော်တော့ နံမှာပဲ'

'ဟိတ... ကောင်'



'ဩော်... အဲ... ဆက်ပြော၊ ဆက်ပြော'

သိပ်လည်းမတင်းရဲဘူး။ သူကျွေးတဲ့ ခေါက်ဆွဲကြော် ကိုယ်အခုစားနေတာ မဟုတ်လား။

'အဲဒီ လမင်းလေးခုနစ်စင်းထဲက လမင်းလေး တစ်စင်းက သချာသိပ်တော်တဲ့ ကောင်လေးတစ်ယောက်ကို တစ်ဖက်သတ်ချစ်မိရင်း အဝေးကနေ ဉာဏ်စမ်းပုစ္ဆာတွေ ပို့ပို့ ပေးရင်း ပဟေဠိဇာတ်တယ်'

'ဩော်... ငါများဖြစ်လိုက်ပါတော့'

'မင်းက သချာတော်လို့လား'

'ဟင့်အင်း'

'ငပိန်း ထားပါတော့၊ အဲလိုနဲ့ ကောင်လေးက အဲဒီ လမင်းခုနစ်စင်းထဲက ဘယ်လမင်းလေးများဖြစ်မလဲဆိုပြီး အသည်းအသန် အဖြေရှာရင်း ရှာရင်းနဲ့ ဘယ်လမင်းမှန်းမသိ ဘဲကို ချစ်မိသွားတာ'

'သူချစ်မိသွားတာ မယ်လမင်းရော မဖြစ်နိုင်ဘူးလား၊ နို့မှုန့်ထဲရောတဲ့ မယ်လမင်းလေ၊ သောက်မိရင် အစာအဆိပ် သင့်တယ်ဆိုလား'

'မင်း... မင်း ငါ့ကို အရွဲ့တိုက်နင်းပြီး ဖွဲ့နေတာ များနေပြီနော် ထင်ကို၊ ဟင်း... ဟင်း... ငါ ရန်ထမဖြစ် ချင်ဘူး၊ ဒါပဲ'

'အေးပါကွာ၊ ငါ့ပါးစပ်ကလည်း အကျင့်ပါနေလို့ပါ၊

www.burmeseclassic.com

www.burmeseclassic.com



ဒါနဲ့ နေပါဦး၊ ပုံထဲက Question Mark (?) သုံးခုနဲ့ မီးသီးပုံ၊ အသည်းပုံတွေရဲ့အဓိပ္ပာယ်ကျတော့ရော'

'အဲဒါကျတော့ ဝတ္ထုရဲ့ Key ဖြစ်သွားပြီ၊ ပြောလို့မရတော့ဘူး၊ သိချင်ဝယ်ဖတ်၊ ဒါပဲ'

'ဝယ်မဖတ်ဘူး၊ ငှားပဲဖတ်မှာ၊ မင်းသိပါတယ်၊ ငါ ငမွဲဆိုတာ၊ ကဲ… ထားပါတော့၊ ဝတ္ထုရဲ့အဆုံးသတ်ကျတော့ရော'

'ဪကွာ… မင်းကလည်း အဲဒီလမင်းခုနစ်စင်းထဲက သူ့ကို တစ်ဖက်သတ်ချစ်ပြီး ပဟေဠိဝှက်နေတဲ့ လမင်းလေးတစ်စင်းနဲ့ ကြိုက်သွားတာပေါ့၊ မင်းကလည်း ထူးခြားချက်ကတော့ အဲဒီလမင်းက အယောင်ဆောင်လမင်းကွ၊ သူ့နောက်မှာ ကြိုးကိုင်နေတဲ့ လမင်းတစ်စင်းလည်း ရှိသေးတယ်၊ အဲဒီကြိုးကိုင်လမင်းကမှ တကယ့်ဉာဏ်ကြီးရှင်၊ သူက အယောင်ဆောင်လမင်းကို ပဟေဠိပုံဝှက်နည်းတွေ၊ ဉာဏ်စမ်းတွေ၊ သင်္ချာတွေ အများကြီးပြောပြနိုင်ခဲ့တယ်၊ အဲဒီလမင်းကိုတော့ ဘယ်သူဘယ်ဝါဖြစ်ကြောင်း ငါထည့်မရေးဘဲ ပရိသတ်ကို မှုပ်ထားခဲ့တယ်'

'ဪ'

'အဲ… ငါ့ဝတ္ထုထဲမှာ ဆုချီးမြှင့်မယ့်အစီအစဉ်တစ်ခုရော ပါသေးတယ်နော်၊ ပရိသတ်က ဖြေဆိုပြီး စာအုပ်တိုက်ကို ပို့ရမယ်၊ နောက်ကွယ်ကနေ ကြိုးကိုင်နေတဲ့ ဉာဏ်ကြီးရှင်လမင်း ဘယ်သူဖြစ်တယ်ဆိုတာကို အရင်ဆုံးဖြေဆိုနိုင်သူ



အယောက်နှစ်ဆယ်ထဲကမှ တစ်ယောက်ကို ကံစမ်းမဲနှိုက်ပြီး ရွေးချယ်ဆုချီးမြှင့်မှာ'

'ဟင်… ဟုတ်လား၊ ဆုငွေက ဘယ်လောက်တဲ့လဲ ဟင်'

'ဆယ်သိန်း'

'မင်း ထုတ်ဝေသူကရော ပေးမှာတဲ့လား'

'သူက ဘော့စ်၊ ငါဘာပြောပြော ပိုင်တယ်'

'ဟိတ်ကောင်၊ ငါရော ပြိုင်ချင်တယ်ကွာ'

'ဒါဆို ငါ စာအုပ်ထွက်တော့ ဖတ်လိုက်လေ၊ စာအုပ်နောက်ဘက်မှာပါတဲ့ ဖြတ်ပိုင်းလေးထဲမှာ မင်းထင်တဲ့ လမင်းတစ်စင်းကို ရေးပြီး စာအုပ်တိုက်ကို ပို့ပေးလိုက်ရုံနဲ့ မင်းသူဌေးဖြစ်နိုင်တယ်'

အမလေးဟဲ့… ပြောနေတာကြီးကိုက သောက်ညင်ကတ်စရာ။

'အေးပါ၊ ဝတ္ထုထွက်တော့ ဖတ်မယ်နော်'

'ဖတ်'

ထင်ကိုလည်း ဒေတာ့ကို မျက်နှာငယ်လေးနဲ့ ပြောရင်း ခေါက်ဆွဲကြော်များကို ပလပ် ပလပ်စားနေသည်။

စိတ်ထဲမှာတော့ ဒေတာ့ကို အမှိုက်ပုံထဲကတောင် ရွှေဖြစ်အောင် ရှာနိုင်တဲ့သူ၊ သူ့အဘ နဖူးများကျယ်လို့ကတော့ နာပြီပဲလို့ တွေးရင်း ကျိတ်ဆဲနေမိတော့၏။

အင်း… လမ်းဘေးမှာ ဆွဲထားတဲ့ပုံကိုတောင် ဓာတ်

www.burmeseclassic.com

www.burmeseclassic.com



လမ်းတစ်ပုဒ်ဖြစ်အောင် လိမ်ဆင်တတ်တာ ဦးနှောက်တော့ မသေးဘူး။

ပက်ဖီယိုရေ··· စုံထောက်ကြီးလိုက်တဲ့အမှု ဒီနေ့လည်း သဲလွန်စနည်းနည်းရခဲ့ပြန်သေးတယ်။

❖ ❖ ❖

## ၁၂။

ညနက်လာတာနဲ့အမျှ လရောင်ဟာ သူမအခန်းကျဉ်းလေးထဲကို ပြတင်းတံခါးမှတစ်ဆင့် တိုး၍ ယိုစီးစိမ့်ကျလာသည်။

နှင်းရည်စိုထားသော ဝါးရွက်ချွန်ချွန်တွေကြား ဖြတ်တိုက်လာတဲ့ လေတိုးသံရှဲရှဲက သူမအခန်းထဲမှ ဇာခန်းဆီးစရှည်ရှည်များကို ဖျတ်ဖျတ်လူးသွားစေပါ၏။

ကောင်းကင်မှာ တဖျတ်ဖျတ်တောက်ပနေတဲ့ ကြယ်ပွင့်တွေက မညီမညာ။ မော်သဘင်ကို သွားတော့မည့် နတ်မိဿာတစ်ပါး၏ ပွဲတက်အနက်ရောင်ဝတ်ရုံရှည်မှာ ထိုးထားတဲ့ ဘော်ကြယ်တွေလို ပြိုးပြိုးပြက်ပြက်ရှိလှသည်။

'ဝါး'

အလယ်မှ ဖြတ်၍မီလိုက်သော (ထိုဇာတ်ဝင်ခန်းမှာလည်း အလွန့်အလွန်ကို စိတ်ဝင်စားစရာကောင်းလွန်းသောကြောင့်) သရဲကားကို စပ်ဆော့ပြီး အဆုံးအထိကြည့်လိုက်မိ

www.burmeseclassic.com

www.burmeseclassic.com



တဲ့အတွက် ကိုယ့်ကိုယ်ကိုယ် ပျစ်ပျစ်နှစ်နှစ်ကျိန်ဆဲရင်း သစ်ခွနက် သမ်းဝေလိုက်သည်။

အိပ်ချင်ပြီ။ ညဆယ့်နှစ်နာရီကျော်လာသဖြင့် မျက်လုံးတွေလည်း စင်းလာပြီ။ သြော်... ငါ့နှယ် FTU (ဖက်ရှင်တိုင်း) ကြည့်နေမိရင် အဟုတ်သား။ ချယ်နယ်လ်လေး ဟိုရွှေ့ဒီရွှေ့လုပ်လိုက်မိပါတယ်။ နွယ်နွဲ့ပျှင့်တဲ့ နှင်းဆီတွေ တွယ်ကပ်ပေါက်နေတဲ့ ရဲတိုက်ကြီးရဲ့ လေသာဆောင်မှာ ဂါဝန်ဖြူဖြူဝတ်ထားတဲ့ ကလေးမလေးကို ဖျတ်ခနဲတွေ့လိုက်တာမို့ အဲဒီလိုင်းကို စိတ်ဝင်စားပြီး ကြည့်လိုက်မိတာ။

ကားက သရဲကား။ သရဲကားမှ တစိမ့်စိမ့်နဲ့ ကြက်သီးမွေးညင်းထရလောက်အောင် ချောက်ချားရတဲ့ကား။ လိုင်းရွှေ့ပစ်သင့်တာ သိပေမယ့် ဘာများဆက်ဖြစ်မလဲ ဆက်ဖြစ်မလဲနဲ့ ကြည့်နေမိတာ ဇာတ်ကားလည်း ပြီးသွားရော။

ကြောက်စိတ်က ငုတ်တုတ်ထိုင်နေတဲ့ ဆိုဖာအိအိကြီးပေါ်ကနေ ထခွင့်မပေးတော့။ ဟင်း... ငါ့ဆိုဖာအိအိကြီးအောက်မှာ သရဲတစ်ကောင် ဝပ်နေလေမလား။ ဘုရား... ဘုရား။ တကယ်များဝပ်နေခဲ့တာ သေချာရင်တော့ ငါရပ်လိုက်ရင် အနည်းဆုံး ရုပ်ရှင်တွေထဲကလို ငါ့ခြေသလုံးနှစ်ဖက်ကို လက်သည်းရှည်ရှည်တွေ ပါတဲ့ သူ့လက်ဝါးကြီးနဲ့ ဖမ်းပြီး ငါ့ကို အားယားမှောက်ထိုးလဲအောင် လုပ်တော့မှာပဲ။

ဟင်... ငါဘာလုပ်ရမလဲဟင်။

သစ်ခွနက်က သူ့မခြေထောက်ကလေးများကို မသိ



မသာ မယူလိုက်ပြီး ဆိုဖာပေါ်တင်ကာ ဒူးခေါင်းနှစ်လုံးကို ရင်ဝယ်ပိုက်ထားလိုက်သည်။ သေးကျုံ့ကျုံ့လေးဖြစ်သွားသလို သိမ်ငယ်စွာခံစားလိုက်ရစဉ်မှာ...

'ထင်ကို'

အရင်ဆုံး အားကိုးတကြီး စိတ်ထဲကနေ လှမ်းမြင်ယောင်မိသူက ဂျစ်ပစီအပေအတွေနေတဲ့ အဆောင်က ဟိုကောင်လေး။

ထင်ကိုရယ်။ ကျွန်မ ကြောက်တယ်။ ရှင် ကျွန်မနားမှာရှိနေရင် ကောင်းမယ်နော်။

ဒုက္ခပါပဲ။ ဟိုမှာ တံခါးလှုပ်နေပြီ။ အရင်ညတွေတုန်းကတော့ လေတိုးတာကြမ်းတိုင်း တံခါးလှုပ်နေကျမို့ စိတ်က ရှင်းပါသည်။

အခုတော့ တစ်ယောက်ယောက်ကပဲ တံခါးကို ခပ်ဖွဖွခေါက်နေသလို။

အို... ဟို... ဟိုတစ်ယောက်များလား။

'ဟင်'

လိပ်ပြာတစ်ကောင်။

ပြတင်းပေါက်မှ ပျံဝဲလာသော လိပ်ပြာတစ်ကောင်ကို ကြည့်ပြီး သစ်ခွနက် အကြီးအကျယ် တုန်လှုပ်သွားမိသည်။

ဘုရားရေ... ဒါ... ဒါ နိမိတ်ပုံများလား။

ကျွန်တော်သေခဲ့ရင် သစ်ခွနက်နားမှာ လိပ်ပြာဝနဲ့ တစ်သက်လုံးရှိနေမယ်။

www.burmeseclassic.com

www.burmeseclassic.com



နားနားပဲ ကပ်ပြောလိုက်သလို။ ဟိုးဝေးဝေးက လာတဲ့ အသံသဲ့သဲ့လိုလို။ တကယ်မကြားတာကို စိတ်ထဲက ကြားသယောင် ထင်မိတာလိုလို။

လူတစ်ကိုယ်လုံးလည်း အေးစက်တောင့်တင်းလို့။

ထွက်သွားပါတော့ လိပ်ပြာရယ်။ ငါတောင်းပန်ပါတယ်။ ဒီအခန်းထဲမှာ မင်းကြိုက်တဲ့ ပန်းပွင့်တွေ တစ်ပွင့်တလေတောင် မရှိပါဘူး။ ညနက်နက်ကျမှ ရောက်လာတတ်တဲ့ လိပ်ပြာတွေဆို ငါကြောက်တတ်လို့ပါ။

သူမ အရဲစွန့်ပြီး မတ်တတ်ရပ်လိုက်သည်။ ပြတင်းပေါက်ကို ပိတ်ဖို့ ကြောက်စိတ်ကို ဖြေဖျောက်ရင်း တစ်လှမ်းချင်းအားယူသွားလိုက်သည်။

လေအေးအေးစိမ့်စိမ့်တွေက မျက်နှာကို လာတိုး၏။

တံခါးရွက်နှစ်ခုကို ထောက်ထားသည့် သံချိတ်များကို ဖြုတ်ပြီး လမ်းမပေါ် အကြည့်တစ်ချက်ရောက်သွားတော့…

'… … …'

သူမ အကြီးအကျယ် တုန်လှုပ်သွားရပြီ။

မသပ်မရပ်ဆံပင်ရှည်များ ညှင်းသိုးသိုးကျနေပြီး စုတ်ချာချာအဝတ်အစားများ ဝတ်ဆင်ထားသော လူတစ်ယောက် သူမအခန်းရှိရာဆီ မမှိတ်မသုန် စိုက်ကြည့်နေသည်။

အကွာအဝေးက ခပ်လှမ်းလှမ်းဖြစ်ပေမယ့် ခြံရှေ့မျက်နှာစာမှာ ထွန်းထားတဲ့ မီးရောင်ပျပျအောက်မှာ တစ်ယောက်တည်းရပ်နေသော လူတစ်ယောက်အတွက်ကိုတော့ သူမ ထင်ရှားသဲကွဲစွာ မြင်ရသည်။



'မျိုးမင်းမင်းသိန်း'

တစ္ဆေတစ်ကောင်နှင့် ညနက်နက်မှာ မျက်နှာချင်းဆိုင်။

သူမ ပြတင်းတံခါးကို ဝုန်းခနဲဆွဲပိတ်လိုက်ပြီး ခန်းဆီးစများကို အမြန်ချလိုက်သည်။ ရင်တွေတုန်ရလွန်းလို့ လူတစ်ကိုယ်လုံးလည်း မောဟိုက်နေပြီ။

သူသေသွားခဲ့ပြီပဲ။ ဘာလို့ ငါ့ရှေ့ကို သူပြန်ရောက်လာရတာလဲ။ ဘာလို့ ငါတစ်ယောက်တည်း သူ့ကို မြင်နေရတာလဲ။

ထင်ကို ရှိရင် ကောင်းမယ်ကွယ်။ ထင်ကို၊ ထင်ကို၊ ထင်ကို၊ ထင်ကို။

စိတ်ဓာတ်အင်အားကို ပြန်လည်စုစည်းပစ်လိုက်ပြီး ခန်းဆီးစနှစ်ဖက်ကို မျက်လုံးတစ်ပေါက်စာ အသာဟပြီး လမ်းမကို ပြန်လည်ကြည့်လိုက်မိသည်။

ဘယ်သူမှ မရှိတော့။

လူရိပ်လူယောင် တစ်စွန်းတစ်စကို မတွေ့ရတော့။

ဩော်… သူထွက်သွားပြီပဲ။

❖ ❖ ❖

www.burmeseclassic.com

www.burmeseclassic.com

## ၁၃။

'လူတစ်ယောက်ပဲ ဖြစ်မှာပါ'

ထင်ကိုက သူမစကားကို နားထောင်ပြီးနောက် အသာအယာသက်ပြင်းချရင်း ပြောပါသည်။

'မဟုတ်ဘူး၊ မျိုးမင်းမင်းသိန်းမှ မျိုးမင်းမင်းသိန်း အစစ်'

သူမကလည်း ကက်ကက်လန်အောင် ပြန်လည်ချေပသည်။

'သူက မှတ်ပုံတင်ထုတ်ပြလို့လား'

'ပြတယ်၊ အရမ်းဝေးတော့ ကျွန်မလည်း မမြင်ရဘူး'

'ဪ...'

ကြာတော့ သူမလည်း အသည်းယားလာပြီး ထင်ကို့ပခုံးကို ဟိုတွန်း ဒီတွန်းလုပ်လိုက်ကာ...

'ရှင်နော်... ရွဲ့ပြောလို့ ပြောနေမှန်း မသိဘူးလား'

'အွန်း... မင်းက မှင်သေသေကြီးပြောနေတာကိုး၊



စုံထောက်ဆိုတာ ကိုယ့်အမှုသည်ပြောတဲ့စကားကို သံသယနဲ့ နားမထောင်ရဘူး'

'သွားသေလိုက်၊ သရဲက မှတ်ပုံတင်ရှိပါ့မလား'

'ရှိချင်လည်း ရှိမှာပေါ့၊ ခေတ်တွေ စနစ်တွေ ပြောင်းနေပြီဆိုတော့ တမလွန်မှာလည်း တိုးတက်ချင် တိုးတက်နေမှာပဲ'

'ရှင်'

သူမက စိတ်အလိုမကျဖြစ်ကာ စောစောကလို သူ့ပခုံးကို ပုတ်ပုတ်နေတာမို့ သူလည်း တဟားဟားရယ်ရင်း သူမလက်ချောင်းကလေးများကို ခပ်ဖွဖွဆုပ်ကိုင်ထားမိလေတော့သည်။

သူမရင်တွေ အခုန်မြန်လာသည်။

လွယ်လှချည်လား။ မိန်းမတစ်ယောက်ရဲ့ နှလုံးသားကို သိမ်းပိုက်လိုက်ကာ တခြားအရင့်အရင်ယောကျ်ားတွေလို စာတွေပေး၊ အိမ်ရှေ့ဂစ်တာလာတီး၊ အနောက်က တကောက်ကောက်လိုက် တွတ်တီးတွတ်တာပြော၊ ပိုးကြေးပန်းကြေးတွေ ပေးစရာမလိုဘဲ...

ကျွန်မရဲ့ ပျော့ကွက် ဟာကွက်ကလေးတွေကို စစ်တုရင်ကစားသလို နယ်ရုပ်ကလေးတွေကို စားစားလာလိုက်တာ ကျွန်မရဲ့ King ကို ကာကွယ်ဖို့တောင် Queen မှာ အခွင့်အရေးများများစားစား မရှိလှတော့ဘူး။

www.burmeseclassic.com

www.burmeseclassic.com



သူပြောခဲ့သလို ဂျစ်ပစီဟောကိန်းထဲက ခပ်ရင့်ရင့် ယောကျ်ားတစ်ယောက်ဟာ သူကိုယ်တိုင်များလား။

'ကျွန်မလက်ကိုလွှတ်'

'ဟင့်အင်း… ဘာလို့လာရိုက်သေးလဲ'

'လွှတ်ပါ၊ လွှတ်ပါ'

'မလွှတ်ပါဘူး'

ဒါ ဘယ်လိုအနေအထားကြီးပါလိမ့်။ တော်တော် တော့ နားလည်ရခက်တယ်။ ဖွဖွလေးဆုပ်ထားတဲ့ သူ့လက် ဖဝါးတွေကိုတောင် ကျွန်မ ဘာလို့များ ရုန်းကန်ဖို့ အင်အား မရှိရတာပါလိမ့်။

'ရှင် ညှဉ့်တယ်'

'ဟောဗျာ'

'ဟုတ်တယ်လေ၊ ရှင့်ကို ကျွန်မမုန့်ဖိုးထဲက ဖဲ့ပြီး အလွှတ်စုံထောက်ငှားထားတာ တစ်လတောင်ပြည့်တော့မယ်၊ ဘာထူးခြားလာလို့လဲ'

'ကဲ… ဒါဖြင့်လည်း ပက်ဖီယို့ခြံရှေ့မှာ ကိုယ့် အတွက် လင့်စင်ထိုးပေး၊ ကိုယ် တစ်ညလုံး လာစောင့်ပေး မယ်'

'သရဲက အိမ်ရှေ့ကနေပဲ သစ္စာရှိရှိလာပါမယ်လို့ ရှင့် ကို ပြောထားလား'

'ဒါဖြင့် ကိုယ်ဘာလုပ်ပေးရမလဲ'

'ရှင် စုံထောက်ပဲ၊ နည်းလမ်းရှာပေါ့'



'မိဘကို ဖွင့်ပြောပြီး ခွင့်တောင်းလိုက်လေ၊ ကိုယ် ပက်ဖီယို့နားမှာ နှစ်ဆယ့်လေးနာရီလုံး ရှိစေရမယ်'

'မဖြစ်နိုင်တာ'

'ဟူး'

ထင်ကို ရှပ်တည်လေးနဲ့ လေပူတစ်ချက် မှုတ်ထုတ် လိုက်သည်။ နောက် ဆုပ်ကိုင်ထားတဲ့ သူမ လက်ဖဝါးလေး ကို အသာအယာ ဖြေလျှော့ပေးလိုက်လေသည်။

သစ်ခွနက် ဝမ်းနည်းသွားသလို စိုးထင့်သွားသလို ခံစားလိုက်ရပါ၏။ အို… ငါ ဘာဖြစ်သွားပါလိမ့်။ သူ ငါ့ကို စိတ်ကွက်သွားမှာကို ငါကြောက်နေမိပြီ။ ငါပြောတာ လွန် များသွားပြီလား။

သူ့စိတ်ထဲမှာ ငွေပေးပြီး အတန်ပြောတတ်၊ နှိမ်တတ် တဲ့သူလို ငါ့ကို ငါ့ကို ထင်များသွားပြီလား။ ငါ သူ့ကို ချစ်များ ချစ်မိနေပြီလား။ ခက်ရချည့်။

'ပက်ဖီယို'

ပန်းဝတ်မှုံလေးတွေထက်တောင် အပြစ်ကင်းပြီး နူးညံ့ လွန်းတယ်လို့ ထင်ရတဲ့ ခေါ်သံ။

'ဟင်'

'ဟောဟိုမှာ ကုလားဘုရားရှိခိုးကျောင်း၊ အဲဒီကို ကိုယ်တို့သွားရအောင်'

စိတ်ထဲမှာ ကြည်နူးသလိုလို ခံစားနေရင်းမှ သူမ နည်းနည်းတော့ ရယ်ချင်သွားသည်။ ဟုတ်တယ်လေ။ အဲဒီ

www.burmeseclassic.com

www.burmeseclassic.com



လူဟာ ဘာလုပ်လုပ် ဘာတွေးတွေး အမြဲပေါက်တတ်ကရ။

'ဘာလုပ်မလို့လဲ၊ ကျွန်မ မသွားရဲဘူး'

'ဟွန်း… ဘုရားကို ဘာလို့မသွားရဲရမှာလဲ'

'ကုလားဘုရားရှိခိုးကျောင်းကြီးဥစ္စာ၊ ဂေါပက ကုလားကြီး ရိုက်ထုတ်ရင် ဘယ့်နှယ်လုပ်မလဲ၊ နောက်ပြီးတော့ အူကြောင်ကြောင်နဲ့'

'ရိုက်မထုတ်ပါဘူးကွာ၊ မြန်မာရဲ့ ဘာသာတရား တော်တော်များများက ဟိန္ဒူကနေ ဆင်းသက်လာတာပါ'

'အဲဒီသွားပြီး ရှင် ဘာလုပ်မှာလဲဟင်'

'ကုလားသီချင်းနားထောင်မယ်လေ၊ ပက်ဖီယိုက ကချင်လည်း ကပေါ့၊ ဆုတောင်းချင်လည်း ဆုတောင်း၊ ကဲ… လာပါ၊ သွားရအောင်'

❖ ❖ ❖

ကုလားဘုရားရှိခိုးကျောင်း တော်တော်များများကို သစ်ခွနက် အဝေးက သွားရင်းလာရင်းနဲ့ မြင်ဖူးပေမယ့် တစ်ခါမှ ထဲထဲဝင်ဝင် ဝင်ရောက်ဝတ်ပြုဆုတောင်းခြင်းမျိုး မလုပ်ခဲ့ဖူးပါ။

အသွေးအရောင်စုံလင်လှစွာ ထုထားသော ကုလားနတ်ဘုရားများနှင့် လက်ပေါင်းမြောက်မြားစွာ၊ ပစ္စည်းပေါင်းမြောက်မြားစွာ ကိုင်ဆောင်ရင်း တချို့ တချို့သော နတ်ရုပ်တွေဆို မျက်လုံးကြီးပြူးလျက် ရန်စွယ်ငေါငေါရှိလှသည်မို့ သစ်ခွနက် ကြောက်သည်။

'ကဲ… လာပါ'

မုခ်ဦးအဝမှာတင် တွန့်ဆုတ်တွန့်ဆုတ်ဖြစ်နေသည်မို့ လက်က အဆစ်အကိုင်ခံလိုက်ရပြန်သေးသည်။ ဟင်း… ငါ့နှယ်။

'ကုလားသီချင်းသံတွေကလည်း အကျယ်ကြီးပဲနော်၊ အဟီး…'

www.burmeseclassic.com

www.burmeseclassic.com



'အင်း…'

ဘုရားဝင်းထဲဝင်လိုက်သည်နှင့် အမ်ပလီဖိုင်ရာနဲ့ ချိတ်ဆက်ထားတဲ့ EVD စက်တစ်လုံးကို တွေ့လိုက်ရပြီး ကုလားသီချင်းသံကျယ်ကျယ်ကလည်း စိတ်အာရုံကို တစ်မျိုးတစ်မည်ပြောင်းလဲပေးလိုက်သည်ဟု သစ်ခွနက် ခံစားလိုက်ရသည်။

'ကောင်းလား ကုလားသီချင်း'

'ရှင်က နားလည်လို့လား'

'ဂီတဆိုတာ နားနဲ့နားထောင်သူအတွက်တော့ စကားလုံးက အရေးကြီးတယ်၊ နှလုံးသားနဲ့ နားထောင်တတ်သူတစ်ယောက်အတွက်ကျတော့ သံစဉ်နဲ့တင် လုံလောက်တယ်'

'ရှင်သိပ်ပြောတတ်တယ်'

'may be'

'ကျွန်မလက်ကို လွှတ်တော့'

'အာ… ဆောရီး'

သူက အားနာဟန်ဖြင့် သူမလက်ကလေးကို ဆတ်ခနဲ လွှတ်ပေးလိုက်ပါသည်။ အို… ငါဘယ်ဘက်ရင်အုံလေး နည်းနည်းများ နာကျင်သွားသလားပဲ။ ဒုက္ခပဲ။ ငါ သူ့ကို ငြိနေပြီ။

'တွေ့လား၊ ဟိုမှာ ဗုဒ္ဓဆင်းတုတော်တစ်ဆူ'

'အို… ဟုတ်ပါရဲ့'

စစဝင်ဝင်ချင်း စကျင်ကျောက်နှင့် ထုဆစ်ထားသော



ဗုဒ္ဓဆင်းတုတော်တစ်ဆူကို သပ္ပာယ်စွာ တွေ့လိုက်ရသည်မို့ သူမ လက်အုပ်ချီလိုက်မိပါသည်။

'ကုလားအမွှေးတိုင်တွေက အရမ်းမွှေးတယ်နော်'

'စိတ်ထဲက မကြည်နူးဘူးလား'

'နည်းနည်း စူးစူးရှရှရှိပေမယ့် ကြည်နူးပါတယ်'

တူရူမှာ လိုဏ်ဂူသဏ္ဌာန် လူတစ်ယောက်ဝင်စာ အင်္ဂတေအပေါက်တစ်ခုရှိပြီး ကုလားလူမျိုးတစ်ယောက်က ကိုယ်ဗလာကျင်းလျက် နံငယ်ပိုင်းပုဆိုးစည်းထားပြီး မီးတောက်တစ်ညွှန့်ပါသော စတီးလင်ပန်းတစ်ချပ်ကိုင်ကာ ဆုတောင်းဝတ်ပြုနေပါသည်။

သစ်ခွနက်ရဲ့ အကြည့်တွေက နတ်ရုပ်တုတစ်ပါးပြီး တစ်ပါးဆီသို့ အကြည့်ရောက်သွားရာ လက်လေးဖက်နှင့် တင်ပျဉ်ခွေထိုင်နေသော ဆင်ဦးခေါင်းနှင့် ဗိုက်ပူပူ နတ်ရုပ်တုကြီးကို မေးဆတ်ပြလိုက်ပြီး…

'ထင်ကို၊ ဒီမှာကြည့်ဦး၊ အဲဒီဟာကြီးက ဘာတုံးဟင်၊ ဆင်မျက်နှာနဲ့ လူ့ခန္ဓာကိုယ်ကြီး၊ အို… ဗိုက်ကြီးကလည်း ပူလိုက်တာ'

'သွားမလုပ်နဲ့၊ အဲဒါ စစ်ဗိုလ်ချုပ်ကြီး'

'အမ်…'

'ဟုတ်တယ်၊ စစ်သေနာပတိချုပ်'

'ဘယ်သူက ခန့်ထားတာလဲ'

www.burmeseclassic.com

www.burmeseclassic.com



'ပရမေသွာနတ်မင်းကြီး (သီဝ)က ခန့်ထားတာ၊ ကျား၊ ဆင်၊ ခြင်္သေ့၊ ဝက်ဝံ၊ မြွေတွေပါတဲ့ တောရိုင်းတိရစ္ဆာန် စစ်တပ်ကြီးကို အကြီးအကဲရာထူးနဲ့ အုပ်ချုပ်ရတဲ့သူ၊ နယ်နယ် ရရမဟုတ်ဘူး'

'ခို...'

"It is folly to live in Rome, and strive with the Pope"

ထင်ကိုက အင်္ဂလိပ်စကားပုံတစ်ခုကို ရွတ်ပြလိုက်တော့ သူမက စပ်ဖြီးဖြီးနှင့်...

'ဘာလဲဟင်... ကုလားဘုရားကျောင်းထဲ လာပြီး ဘိုလိုတွေ မှုတ်နေပြီ'

'သြော်... ရောမမြို့ကို ရောက်ရင် ပုပ်ရဟန်းမင်းကြီးနဲ့ တည့်အောင်ပေါင်းပါတဲ့၊ အခုလည်း အဲလိုပေါ့၊ ကုလားရှိခိုးကျောင်းထဲလာရင် နတ်ဘုရားရုပ်တုတွေကို လေးစားရမယ်လေ၊ သူတို့မှာလည်း သမိုင်းတွေရှိတယ် ပက်ဇီယိုရဲ့'

'ကျွန်မက မသိလို့ပါ'

'စန္ဒီမယ်တော်ကို ကြားဖူးတယ်မို့လား'

'ကြားဖူးတယ်၊ စန္ဒီနတ်သမီး ရေထဲမျောတယ်ဆိုလား၊ ကုလားပွဲတော်လေ၊ ညနေခင်းမှာ လုပ်တယ်'

'ဟုတ်တယ်၊ စန္ဒီမယ်တော် တစ်နည်း ကာလီမယ်တော်ရဲ့ သားတော်လေ'



'သြော်...'

'မဟာပိန္နဲလို့ ခေါ်တယ်'

'သူက ပိန္နဲသီးကြိုက်လို့လားဟင်'

'တညင်းသီးလောက်ပဲ စားတာ'

'သြော်...'

ကြည့်လိုက်တော့ မှင်သေသေလေး။ ထင်ကို သေချင်စော်နံသွားသည်။

'ရွဲ့ပြောလို့ ရွဲ့ပြောနေမှန်း မသိဘူးလား'

'မသိဘူးလေ၊ ရှင့်ကို ဆရာတင်ပြီး ဒီထဲရောက်လာတာပဲ၊ မဟာပိန္နဲဆိုတော့ ပိန္နဲသီးကြိုက်တယ်ထင်လို့ပေါ့'

သူ အဲလိုပြောတော့လည်း ကိုယ်က လွန်နေသလိုပဲ။

'မဟာပိန္နဲဆိုတာ ဗြဟ္မာတွေရဲ့ အခေါ်အဝေါ်နေမှာပေါ့ ပက်ဇီယိုရယ်၊ ကိုယ်လည်း ကုလားမနဲ့ ရည်းစားမဖြစ်ဖူးတော့ မသိဘူး၊ နတ်တွေရဲ့ သမိုင်းကြောင်းဆိုရင်တော့ ကိုယ် တော်တော်များများသိပါတယ်'

'အဲဒီ မဟာပိန္နဲကြီးက ဘာကြောင့် ဆင်မျက်နှာနဲ့ လူကိုယ်ကြီး ဖြစ်နေရတာလဲ'

'သြော်... အဲဒါက ဒီလို၊ ကာလီမယ်တော်က သူ့ကိုယ်သူ လက်နဲ့ပွတ်သပ်လိုက်တော့ ချွေးစေးချွေးညှော်တွေ ဖြစ်လာတယ်လေ၊ အဲဒီချွေးတွေကို မြေကြီးနဲ့ရောပြီး အရုပ်

www.burmeseclassic.com

www.burmeseclassic.com



တစ်ခုလုပ်လိုက်တယ်၊ ပြီးတော့ မန်းမှုတ်ပြီး တန်ခိုးနဲ့ အသက်သွင်းလိုက်တဲ့အခါကျတော့ မဟာပိန္နဲဖြစ်သွားခဲ့တယ်'

'သြော်…'

'တစ်ရက် ကာလီမယ်တော် ရေချိုးနေတုန်း ခင်ပွန်းဖြစ်တဲ့ ပရမေသွာနတ်မင်းကြီး(သိဝ)ရောက်လာတော့ သားတော်မဟာပိန္နဲက သူ့ဖခင်မှန်း မသိဘူးလေ'

'အင်း… သူက cloneကြီးဥစ္စာ'

'အဟီး… ထားပါတော့၊ ဖခင်မှန်းမသိလို့ တားရာကနေ နတ်မင်းကြီး စိတ်ဆိုးသွားပြီး သားတော်ကို တေဇောမီးနဲ့ ရှို့သတ်လိုက်တာ မဟာပိန္နဲ ခေါင်းပြတ်သွားတယ်'

'အို…'

သူမက အံ့သြသွားဟန်နှင့် 'အို' လိုက်ပြီး စိတ်ပျက်စရာကောင်းသည့် ထင်မြင်ချက်တစ်ခုကိုလည်း ပေးပါသေးသည်။

'တချို့ရာဇဝင်တွေက အတည်ယူဖို့ နည်းနည်းခက်တယ်လေ၊ တေဇောမီးနဲ့ ရှို့လိုက်တာ သေချာရင် အခု ဒီရုပ်တုမှာ မီးကျွမ်းရာတော့ တွေ့မှာပေါ့၊ ဒါမှမဟုတ် ပရမေသွာနတ်မင်းကြီးက မဟာပိန္နဲကို စားစရာတွေ တစ်မျိုးပြီးတစ်မျိုးချကျွေး၊ ဘိယာအဝတိုက်ပြီး စားပိုးနင့်သေစေချင်လို့များ အမိန့်တော်ချလိုက်လေမလား၊ ဘာလို့လဲဆိုတော့ သူ့သိပ်ဗိုက်ပူတယ်လေ'



'အဟား… ဟား… ပက်ဖီယို ဘယ်ဆိုးလို့လဲ၊ သိပ္ပံနည်းကျ တွေးခေါ်တတ်သား၊ ကဲ… ထားပါတော့၊ အဲဒီသမိုင်းတော့ ကိုယ်လည်း မဖတ်တတ်ဘူး၊ အဲလိုနဲ့ ကာလီမယ်တော်က သားတော်ခေါင်းပြတ်သွားတာတွေ့တော့ ပူဆွေးသောကနဲ့ ဒေါသဖြစ်ပြီး ငိုကြွေးခဲ့တယ်၊ ပြီးတော့ ခင်ပွန်းကိုလည်း ဒါ သူ့သားတော်ပါဆိုတာ ပြောပြတယ်၊ အဲတော့မှ နတ်မင်းကြီးလည်း သူ့သားတော်မှန်းသိသွားပြီး ခေါင်းအစားထိုးတပ်ဖို့ အသည်းအသန်ရှာတာ တောထဲမှာ လူမတွေ့ဘဲ ပထမဆုံးတွေ့တဲ့ဆင်ကို ခေါင်းဖြတ်ယူလိုက်ပြီး သားတော်ကိုယ်ပေါ်မှာ ဆက်ပေးလိုက်တာပဲ၊ အဲလိုနဲ့ပဲ မဟာပိန္နဲဟာ ဆင်မျက်နှာနဲ့ လူကိုယ်ဖြစ်သွားခဲ့ရတယ်'

'ကျွတ်… ကျွတ်… မဟာပိန္နဲလေး သနားပါတယ်၊ သူက ဘာစွမ်းသလဲဟင်'

'မြတ်စွာဘုရား… ဘယ်လိုကလေးမလေးပါလိမ့်၊ မဟာပိန္နဲလေး မဟုတ်ဘူးခင်ဗျ။ သမိုင်းဝင် မဟာနတ်မင်းကြီးတွေ'

'ထားပါတော့၊ ရှင့်ကို ကျွန်မ ဖြတ်မေးရဦးမယ်'

'မေး'

'တကယ်လို့များပေါ့နော်'

'အင်း'

'ပရမေသွာနတ်မင်းကြီးက လူခေါင်းရှို့ တောထဲ

www.burmeseclassic.com

www.burmeseclassic.com



သွားရာတာ ဆင်နဲ့မတွေ့ခဲ့ဘဲ ရှင်နဲ့အရင်တွေ့ရင် ဘာလုပ်မလဲ၊ ထွက်ပြေးမလား၊ ခံချမလား၊ ကျွန်မသိချင်တယ်'

'အင်…'

မြတ်စွာဘုရား။ ဘယ်လိုမေးခွန်းကြီးပါလိမ့်။

'သူက တန်ခိုးရှင်လေ၊ ထွက်ပြေးလည်း မလွတ်ဘူး၊ ခံချလည်း မနိုင်ဘူး၊ သိက္ခာရှိရှိ အရှုံးပေးလိုက်တာ ကောင်းတယ်'

'ဘုရားရေ… သူက ရှင့်ခေါင်းကို ဖြတ်မှာလေ'

'မှန်တယ်လေ၊ သူ့သားတော်ရဲ့ ကိုယ်မှာဆက်မှာ၊ ဘာဖြစ်လဲ၊ ကိုယ်က နတ်ဘုရားဘဝနဲ့ တန်ခိုးရှိလာမှာပဲ၊ မဟာပိန္နဲရဲ့ စွမ်းရည်တွေက အများကြီးပဲ၊ မီးကို နှိမ်နင်းနိုင်တယ်၊ အသူရာကို ငိုကြွေးစေနိုင်တယ်၊ ရန်သူကို ဆုံးမနိုင်တယ်၊ နောက်ပြီးတော့ သူ့ဖခင်စစ်တပ်ကြီးရဲ့ ကိုယ်ရံတော်တပ်မှူးလေ၊ အဲလို အရည်အချင်းတွေရှိလာမှတော့ ပက်ဖီယို ကိုယ့်ကို စုံထောက်ဖိုးရှင်းပေးရတာ တန်ပြီပေါ့၊ မဟုတ်ဘူးလား'

ခက်တော့နေပြီကွယ်။

ဒီနေ့ကျမှ ကျွန်မကလည်း သူ့ကို ပေါက်ပေါက်ရှာရှာတွေ မေးမိတယ်။ သူကလည်း ကျွန်မရင်ဘတ်ကို ချိန်ရွယ်ပြီး မြားတွေ တစ်စင်းပြီးတစ်စင်း လွှတ်တယ်။

'ကျွန်မ မသိလို့ မေးပါရစေဦး။ ကျွန်မနဲ့ ရှင်နဲ့က



ကုလားဘုရားရှိခိုးကျောင်းထဲ လာပြီး စစ်တိုက်နေကြတာလားဟင်'

'ဘယ်လောက်ပဲ တန်ခိုးတွေရှိရှိပါနော်'

'ဘာဖြစ်လဲ'

'ဗိုက်ပူပူကြီးကိုတော့ ကျွန်မနား ပေးအကပ်မခံနိုင်ဘူး၊ ကျွန်မရှက်တယ်'

'ပက်ဖီယို ကံကောင်းပါတယ်'

'ဘာလို့လဲ'

'ကြည့်လေ၊ ကိုယ့်ဗိုက်ပူလို့လား'

သေတော့မှာပဲ။ ငါ ဘာတွေဖြစ်ကုန်ပြီလဲ။

'သွား'

တကယ်တော့ သူ့ကို သွားလို့ပြောပြီး သူမကိုယ်တိုင်ပဲ ဘုရားကျောင်းထဲကနေ ခြေလှမ်းခပ်သွက်သွက်နဲ့ ထွက်လာခဲ့ခြင်းပါ။

ဒီအတိုင်းဆိုရင်တော့ ဂျစ်ပစီဟောကိန်းဟာ ကြောက်စရာကောင်းလောက်အောင် မှန်များနေပြီလား။

ငါ့ရင်ဘတ်ကြီးကတော့ ကုလားဘုရားပွဲတွေ လှည့်နေပြီကွယ်။

❖ ❖ ❖

www.burmeseclassic.com

www.burmeseclassic.com

## ၁၄။

ကိုချွန်က ဂျာနယ်တိုက်ကနေ လစာထုတ်လာသည်မို့ ကိုရှုပ်၊ ဒေတာနှင့် သူ့ကို လမ်းထိပ်က လက်ဖက်ရည်ဆိုင်မှာ လက်ဖက်ရည်လိုက်တိုက်ရင်း မနေ့ညနေက ဖြစ်ခဲ့တဲ့ ဟာသ တစ်ခုကို ပြောပါသည်။

'မနေ့ကကွာ၊ တိုက်က ပြန်တော့ ဘယ်လိုဖြစ်တယ် ရယ် မသိဘူး၊ ၄၅ လိုင်းကားက အရမ်းကို ကျပ်တာ၊ မင်းတို့ သိတဲ့အတိုင်း ဘတ်စ်ကားပေါ်ဆိုတာကလည်း လူက အစုံ ရယ်၊ လူကောင်းပါတယ်၊ ခါးပိုက်နှိုက်ပါတယ်၊ အကြံသမား ပါတယ်၊ အစုံပေါ့'

'အချွန်သမားလည်း ပါတယ်'

ထင်ကိုက အရွှန်းဖောက်ထည့်လိုက်တော့ ကိုချွန် က…

'အဲဒီအချိန်ကိစ္စကိုပဲ ငါပြောမှာ၊ မင်းတို့သိတဲ့အတိုင်း ဘတ်စ်ကားပေါ်မှာဆိုတာ အထူးသဖြင့် တချို့ပုရိသတွေရဲ့



အတွင်းစိတ်ရိုင်းစိုင်းမှုတွေ ကြီးထွားတတ်တဲ့နေရာ မဟုတ် လား၊ ဘတ်စ်ကားပေါ်တက်လာတဲ့ မိန်းကလေးတွေကလည်း ဒါကို သိထားလို့လား မသိဘူး၊ ဘတ်စ်ကားပေါ်ရောက်ရင် တစ်ယောက်မှ သဘောကောင်းနေတာ မတွေ့ရဘူး'

'အဲတော့'

'ငါကလည်း ဖြစ်ချင်တော့ ဆိုင်ထမင်း ဆိုင်ဟင်းတွေ စားရတာ ငြီးငွေ့နေတဲ့သူဆိုတော့ ပုစွန်ကလေးနဲ့ ခရမ်းသီး လေး နှပ်လိုက်ဦးမဟဲ့ဆိုပြီး ပုစွန်နဲ့ ခရမ်းသီးထွားထွားကြီး တွေ ဝယ်လာခဲ့တယ်ဆိုပါတော့ကွာ။ ဖြစ်ပုံများ ပြောပါ တယ်'

ဟာသက မဆုံးသေးဘူး။ ဘတ်စ်ကားနဲ့ ခရမ်းသီး ဆိုတာနဲ့တင် သူကောင်းသားတွေ စပ်ဖြီးဖြီးဖြစ်နေကြပြီ။

'ပုစွန်ဆိုတာကတော့ မင်းတို့လည်း သိတဲ့အတိုင်း အသားစိမ်း ငါးစိမ်းဆိုတော့ နံမှာစိုးလို့ ကြွပ်ကြွပ်ကို နှစ်ထုပ် ထုပ်ခိုင်းလိုက်ပြီး ငါ့ဘေးလွယ်အိတ်ထဲ ထည့်လိုက်တာပေါ့၊ အဲ… ခရမ်းသီးကျတော့ လေးတော့ အိတ်ထဲမထည့်တော့ ဘဲ လက်က ကိုင်လာခဲ့ပြီး ဘတ်စ်ကားပေါ် တက်လိုက်လာ တာ'

'ဟီး… ဟီး…'

'စံပြအထိကတော့ ကားက ချောင်ချောင်ပဲ၊ [illegible] ကုန်းလည်း ရောက်ရော လူတွေ အသားကုန်တက်လာကြတာ

www.burmeseclassic.com

www.burmeseclassic.com



လက်နှစ်ဖက်တောင် ချစရာနေရာမရှိဘူး၊ အဲဒါနဲ့ ငါလည်း မျောက်လွှဲကျော်လို ခေါင်းပေါ်က ကွင်းနှစ်ဖက်ကို လက်နဲ့ ကိုင်ထားလိုက်ရတော့တယ်။ ငါ့ရဲ့ အရှေ့ဘက်အခြမ်းကြီးက တော့ ဝပ္ပြကြီးပေါ့ကွာ၊ ဖြစ်ချင်တော့… ဖြစ်ချင်တော့…'

'အင်း…'

'ကောင်မလေးတစ်ယောက်ကွ၊ သူ့ခမျာလည်း မလှုပ်သာ မလူးသာနဲ့ ငါ့ရင်ဘတ်တည့်တည့်ကို နောက်ကျောပေး အနေအထားနဲ့ ရောက်လာခဲ့တယ်၊ ဘတ်စ်ကားကလည်း နောက်ကားကို ဖိုက်နေတဲ့အချိန် လီဗာတင်လိုက်၊ ဘရိတ်ဆွဲ အုပ်လိုက်နဲ့၊ ငါလည်း အူတူတူကြီး၊ ကောင်မလေးဆိုတာက တော့ ပြောမနေနဲ့တော့'

'ဟား… ဟား… ဟား… ဟား'

'ငါလည်း မျက်နှာတွေပူလိုက်တာ ဆိုတာ၊ အဲဒါနဲ့ သူနဲ့ ငါနဲ့ကြား ဘယ်လိုမှ ကာကွယ်လို့မရတဲ့အဆုံး ခရမ်းသီး ကိုင်ထားတဲ့ လက်ကိုပဲ အောက်ချပြီး အဲဒီကြွပ်ကြွပ်အိတ်နဲ့ပဲ သူနဲ့ ငါနဲ့ကြားကို နယ်နိမိတ်သတ်မှတ်လိုက်ရတယ်ဆိုပါ တော့ကွာ'

'ဟား… ဟား… ဟား… ဟား'

'အဲဒီမှာတင် ချာတိတ်မက တန်းပေါက်ကွဲတော့ တာပဲ၊ လှူကိုလှည့်ကြည့်လိုက် မျက်စောင်းထိုးလိုက်နဲ့၊ ပြီး ရော သူ့ဒေါက်ဖိနပ်ချွန်ချွန်ကြီးနဲ့ ငါ့ခြေချောင်းလေးတွေကို



အသားကုန်ကြိတ်တာ၊ ငါလည်း နာလွန်းလို့ အော်တော့မလို့ ပဲ၊ သူ့ကြည့်တော့ အတော့်ကို စိတ်ဆိုးနေတာ၊ ဒါနဲ့ ငါလည်း နာလွန်းလို့ မျက်ရည်လေးလည်ရင်း အရှက်ကွဲမှာကြောက်လို့ ငြိမ်လိုက်လာတာ လှည်းတန်းရောက်လို့ ဆင်းလိုက်တော့ ငါ ကွာ၊ ငါ့ကြွပ်ကြွပ်အိတ်ကိုကြည့်ပြီး ကောင်မလေးကို အားနာ လိုက်တာဆိုတာ'

'ကိုချွန့်ခရမ်းသီးအိတ်က ဘာဖြစ်နေလို့လဲ'

'မြေနီကုန်းမှာ လူတွေ တင်းလုတက်ရင်းကနေ ခရမ်း သီးက ဘာဖြစ်သွားမှန်းမသိဘူးကွာ၊ ကြွပ်ကြွပ်အိတ်ကို ဖောက်ပြီး ခရမ်းသီးတစ်တောင့်က တစ်ချောင်းတည်းချွန်ထွက် ပြီး ရှေ့ကိုကော့တက်နေတာ'

'ဒီကိစ္စမှာတော့ ကိုချွန်က စကားလုံးနဲ့မချွန်ဘဲ တဲ့ကို ချွန်ပစ်လိုက်တဲ့သဘောပဲ၊ ဟား… ဟား… ဟား'

'ကံကောင်းလို့ ငါ ပါးအရိုက်မခံရတယ်ဟေ့၊ ကိုယ့် ပစ္စည်းကာကွယ်ပါတယ်ဆိုမှ ခရမ်းသီးက ကြားက လူစွမ်း ကောင်းဝင်လုပ်သွားလိုက်သေးတယ်၊ ကိုချွန်တို့ ကံဇာတာတွေ ကျချက်ကတော့ဟေး၊ မျက်စိမှိတ်မပြရသေးဘူး တဏှာရူး အထင်ခံနေရပြီ'

သူတို့တွေ ကိုချွန့်အဖြစ်ကို ရယ်မောလိုက်ကြပြီး ကိုရှပ်က စာသံပေသံနှင့်…

www.burmeseclassic.com

www.burmeseclassic.com



'God sees the truth. But waits ပါ ကိုချွန်ရဲ၊ အဲလောက်လည်း တွေးမနေပါနဲ့'

သို့မှ အခွင့်ကောင်းကို စောင့်နေသူ မဟာသုခမိန် ပညာရှိ မောင်ဒေတာခမျာ ရယ်လွန်းလို့ နှပ်ထွက်နေရင်းက နေ မျက်နှာပိုးသတ်လိုက်ပြီး...

'အဲဒီစကား ကြားဖူးပါတယ်၊ ဩော်... အိုင်ဆီး၊ အိုင်ဆီး၊ လီယိုတော်စတွိုင်းရဲ့ နာမည်ကြီးဝတ္ထုတစ်ပုဒ်ပဲ၊ လီယိုတော်စတွိုင်းဆိုတာ တကယ်တော့ ရုရှားပြည်ရဲ့ အမြင့်မြတ်ဆုံး အမျိုးသားရေးဖခင်၊ နိုင်ငံ့မီးရှူးတန်ဆောင်ကြီးပဲ'

ထင်ကို စိတ်ညစ်ရင်း မသိမသာ ခေါင်းကုတ်မိသည်။ ဒီလောက်ကတော့ ငါးတန်းကျောင်းသူတောင် ကမ္ဘာ့သမိုင်းမှာ တော်စတွိုင်းအကြောင်း ကျက်နေရလို့ သိကြပြီးသား။

စစ်နဲ့ ငြိမ်းချမ်းရေးကိုတော့ ထင်ကို မမှတ်မိတော့။ မှတ်မိနေတာကတော့ အဲဒီလူကြီးမှာ အင်မတန်ထူပြီး အင်မတန်ရှည်တဲ့ ကြာဆံမွေးတွေလို အဖျားနှစ်ခွနဲ့ မုတ်ဆိတ်မွေးရှည်ရှည်ကြီးတွေ သောက်ညင်ကတ်လောက်အောင် ရှိတယ်ဆိုတာပဲ။

ကိုယ်က မုတ်ဆိတ်မွေးအကြောင်း တွေးနေစဉ်မှာပဲ ဒေတာခမျာမှာလည်း လူစုံပြီဆိုတာနဲ့ သောက်ညင်ကတ်စရာ



ကောင်းလောက်အောင် ကျက်ထားသည့်စာများ ရွတ်နေဘိအလား တော်စတွိုင်းဋီကာချဲ့လေတော့၏။

ဩော်... ကြားချင်မှန်း မသိ၊ မကြားချင်မှန်း မသိ။

'တကယ်တော့ကွာ... ၁၈၂၈ မှာပေါ့၊ တော်စတွိုင်းဆိုတဲ့ မြင့်မြတ်တဲ့ ကလေးလေးတစ်ယောက်ကို မြို့စားကြီးနီကိုလိုင်တော်စတွိုင်းနဲ့ ဘိုလကွန်စကီမင်းသမီးတို့မောင်နှံက မွေးဖွားသန့်စင်ခဲ့ကြတယ်၊ ၁၈၃၀ မှာတော့... ၁၈၃၇ လည်း ရောက်ရော အဲ... ၁၈၄၄ မှာကျတော့ အဟဲ... ဟဲ... အဲဒါက ၁၈၄၉ မှာကွ၊ ဒီလိုနဲ့ပေါ့ကွာ၊ ၁၈၅၁ အရောက်'

သို့နှင့် ဒေတာ့တရားမှာ ငုတ်တုတ်မေ့ရင်း လည်စင်းခံနေကြရပြီး ၁၈၆၄ အရောက်မှာတော့ ထင်ကို သည်းညည်းမခံနိုင်တော့ဘဲ...

'ကျွန်တော်ကတော့ဗျာ'

စစ်နဲ့ ငြိမ်းချမ်းရေးဝတ္ထုအကြောင်း ပြောတော့မည့်ဆဲဆဲ ထင်ကိုက စကားစဖြတ်လိုက်တာမို့ ဒေတာ အရှိန်သွားပြီး...

'ဟိတ်ကောင်... နေဦးလေ၊ ငါ့စကား မဆုံးသေးဘူး'

'မဆုံးလည်း မတတ်နိုင်ဘူး၊ မင်းစကားနားထောင်ရတာ ၁၈၂၈ ကနေ ၁၈၆၃ အထိ ၃၅ နှစ်ရှိနေပြီ၊ ငါ့ကိုလည်း နည်းနည်းပြောခွင့်ပေးဦး'

www.burmeseclassic.com

www.burmeseclassic.com



ကိုချွန်နဲ့ ကိုရှပ်က တဟဲဟဲနဲ့ ထင်ကို့ဘက်မှ ရပ်တည်ကြောင်း ထောက်ခံလာကြသည်။

'ဒီကောင်က ပေါက်တတ်ကရကောင်၊ သူပြောရင် ရယ်ရတယ်ကွ၊ မင်းစကား ခဏရပ်ဦး၊ ပြော ထင်ကို'

'သြော်… ကျွန်တော်ပြောချင်တာက သိပ်ကြီးကြီးကျယ်ကျယ် မရှိပါဘူး၊ လီယိုတော်စတွိုင်းထက် သူ့မိန်းမဆိုဖီယာအန်ဒရေယက်နာကို ကျွန်တော်က ပိုစိတ်ဝင်စားတယ်လို့'

'ဘာဖြစ်လို့'

'ကမ္ဘာကျော်မယ့်ကျော် သူ့မိန်းမက ကျော်ရမှာ'

'မင်းကတော့ လုပ်ပြီ'

'ဟုတ်တယ်လေ၊ တော်စတွိုင်းကြီး မှတ်ဆိတ်ထူထာခင်ဗျားတို့အသိပဲ၊ နည်းတဲ့မှတ်ဆိတ်ကြီးမှ မဟုတ်တာ၊ ထူလည်း ထူ၊ ရှည်လည်း ရှည်နဲ့၊ ဒီမိန်းမ သူ့ကိုနမ်းရင် တခြားမိန်းမတွေလို စိတ်အေးလက်အေးနဲ့ ရင်မခုန်ဘဲ သူ့ရင်ဘတ်နဲ့ မှတ်ဆိတ်မွေးငြိပြီး မယားဘူးလားမသိဘူး'

'အာ'

'ဟား… ဟား… ဟား… ဟား'

ဒေတာက သူ့စကားကြောင့် အကြီးအကျယ် စိတ်ပျက်သွားပြီး ကိုချွန်နဲ့ ကိုရှပ်ကတော့ တဟားဟားရယ်မဆုံး။

'တစ်ရက်အမူ မဟုတ်ဘူးနော် ကိုချွန်၊ ဒီမိန်းမက



မသေမချင်း ဒီမှတ်ဆိတ်မွေး ကလိတဲ့ဒဏ်ကို ခံရမှာ၊ ဒါကြောင့် တော်စတွိုင်းထက် သူ့မိန်းမက ပိုပြီးကမ္ဘာကျော်သင့်တယ်၊ ကမ္ဘာ့အအောင့်အီးအသည်းခံနိုင်ဆုံးသော မဟာဣတ္ထိယလူသားဆိုပြီးတော့လေ'

'ခွီး… ဟား… ဟား… ဟား… ထင်ကိုရာမင်းကတော့ကွာ'

'ဒါပေမဲ့ အားသာချက်က သူ့ယောကျ်ားကို အိမ်မှုကိစ္စဘက်မှာ အသုံးချရင် တစ်နေရာတော့ ရမယ်ဗျ'

'ဘယ်ကိစ္စမှာလဲ'

'သြော်ဗျာ၊ စားပွဲတို့၊ ကုလားထိုင်တို့ ဖုန်သုတ်ချင်တဲ့နေရာမျိုးမှာပေါ့၊ ကိုယ်က ကြက်မွေးကိုင်စရာ မလိုဘူးလေ၊ မောင်ရေ… ဒီစားပွဲပေါ်မှာ ချစ်လက်စွပ်ထဲက စိန်ကလေးတစ်ပွင့်လောက်များ ပြုတ်ကျကျန်ခဲ့သလားလို့ ရှာပေးစမ်းပါလို့သာ ပြောလိုက်၊ တော်စတွိုင်းကြီးက စားပွဲပတ်လည်ကို ငုံ့ပြီးရှာမယ်ဗျာ၊ စားပွဲတစ်ပတ်လည်းပြည့်ရော တင်နေတဲ့ဖုန်တွေလည်း စင်ရော၊ ကဲ… မဆိုးဘူးဗျ၊ သည်းခံရကျိုးတော့ နပ်တယ်၊ ပြန်အသုံးချတတ်မယ်ဆိုရင် ပြောပါတယ်'

'ဟား… ဟား… ဟား… ဟား'

စစ်နဲ့ ငြိမ်းချမ်းရေးအကြောင်း အာရွှီးခွင့်မရသေးလို့ စိတ်ညစ်နေတဲ့ ဒေတာတောင် ထင်ကို့စကားကြောင့် ပြုံးစိစိဖြစ်လာသည်။

www.burmeseclassic.com

www.burmeseclassic.com



'ဒီမုတ်ဆိတ်ဒဏ်ခံရတာလည်း ခံရတာပေါ့ဗျာ၊ ဒါပေမဲ့ ဆိုဖီယာအနေနဲ့ ဉာဏ်ရှိရင် ရှိသလို ဒါကို လက်နက်လို ပြန်အသုံးချလို့ရသေးတယ်ဗျ'

'ဘယ်လိုနေရာမျိုးမှာလဲ'

'ဩော်ဗျာ… လင်မယားချင်း ရန်ဖြစ်တဲ့အခါမျိုးမှာပေါ့၊ တခြားမိန်းမတွေလို ယောကျ်ားကို ရန်ဖြစ်ရင် ပါးရိုက်စရာ မလိုဘူး၊ ပါးရိုက်တာ လူကြားလို့မကောင်းဘူး၊ အခွင့်ကောင်းကို စောင့်ပြီး သူ့ယောကျ်ားမုတ်ဆိတ်မွေးကိုသာ ခိုစီးပစ်လိုက်၊ ဒါဆို ပွဲက ပြတ်ပြီ၊ ဒီနိုင်ကွက်ထက်များ ကောင်းတဲ့နိုင်ကွက် ရှိဦးမှာလား'

ဒီတစ်ခါတော့ ဒေတာပါ ထိန်းချုပ်ထားရင်းကြားက မအောင့်အီးနိုင်တော့ဘဲ ရယ်လာပါလေတော့သည်။

'ဒီမိန်းမ ဒီထက်များ ဉာဏ်ရှိမယ်ဆိုရင်ပေါ့လေ ကမ္ဘာကျော်ရုံသာ မကဘူး၊ သူဌေးတောင် ဖြစ်သွားနိုင်သေးတယ်'

'လုပ်ပြန်ပြီ'

'ဒါကတော့ ကျွန်တော်တို့ ဒီက ရုပ်ရှင်တို့ ဝတ္ထုတို့ဘက်က ဆရာသမားတွေ ပိုကျွမ်းကြမလားလို့ပါ၊ တစ်ယောက်က သရဲအကြောင်းရေးရင် အားလုံးက သရဲ၊ သရဲ၊ တစ်ယောက်က ဟာသဆို အားလုံးက ဟာသ၊ ဟာသ။ တစ်ယောက်က ဒရမ်မာဆိုရင် အားလုံးက ဒရမ်မာ၊ ဒရမ်မာ၊



ပေါက်ရင် ပေါက်တဲ့လိုင်း ကူးသွားကြတာ၊ အဲဒီလိုပေါ့၊ တော်စတွိုင်းကို မှီပြီး သူ့မိန်းမက လုပ်စားလို့ရသေးတယ် ခင်ဗျ'

'ဘယ်လိုလုပ်စားမှာလဲ'

'ဩော်ဗျာ… တော်စတွိုင်းက စစ်နဲ့ ငြိမ်းချမ်းရေးဆိုပြီး အောင်မြင်ခဲ့တယ်မဟုတ်လား၊ ဒီမိန်းမကလည်း မုတ်ဆိတ်မွေးနဲ့ ငြိမ်းချမ်းရေးဆိုပြီး သံယောင်လိုက်ပြီး ရေးသင့်တာပေါ့၊ အနည်းဆုံး ဟာသဝတ္ထုဖြစ်ဖြစ်ပေါ့၊ အကြောင်းအရာကတော့ ဒီမုတ်ဆိတ်မွေးဒဏ်ကို သူ ဘယ်လောက်ခံခဲ့ရတယ်ဆိုတာမျိုးပေါ့'

သိပ်မရေးတတ်ရင် ကျွန်တော်တို့ဆီက ဟိုဗျာ… ဘာစာရေးဆရာမဆိုလား။ အဲ… အဲ… သူ့ဝတ္ထုတွေ နည်းနည်းပြန်ဖတ်ပြီး ရေးသင့်တယ်။ ဆိုပါစို့။ အို… ဘုရားရေ။ ရှင့်ရဲ့ မုတ်ဆိတ်မွေးချွန်ချွန်တွေအောက်မှာ ကျွန်မအိပ်မက်တွေ ထိုးဆပ်ပစ်လိုက်ရတော့မှာလား၊ ရှင် သွားသေလိုက်၊ လဲသေလိုက်၊ သွေးစိမ်းရှင်ရှင် ပန်းထွက်ပြီးကို ပစ်လဲလိုက်၊ ရှင်ဟာ သိပ်အတ္တကြီးတဲ့သူ။ အဲ… အဲလိုပေါ့ဗျာ'

ဒီတစ်ခါတော့ နားထောင်သူအားလုံး ပြုံးစိစိလောက်မဟုတ်ဘဲ အူလှိုက်သည်းလှိုက်ကို ရယ်မောကြလေတော့သည်။

'ဒီကောင်ကွာ… တော်တော်ပေါက်တတ်ကရ ပြောတဲ့ကောင်၊ ကိုရုပ်တောင် သူ့မုတ်ဆိတ်မွေးကို ကျစ်ဆံမြီးကျစ်

www.burmeseclassic.com

www.burmeseclassic.com



ထားလို့၊ နို့မို့ဆို ထင်ကို့စက်ကွင်းက ထွက်မှာမဟုတ်ဘူး’

စကားအဆုံးမှာတော့ ဒေတာက သူ့စကားကို ပြန်ဆက်လိုဟန်နှင့်…

‘တော်စက္ကိုင်းက လူတော်တစ်ယောက်ပါ၊ မင်းပြောလိုက်တော့မှ ငပေါလုံးလုံးကိုဖြစ်လို့၊ ဒါပေမဲ့ အဲဒီလူကို ငါ နည်းနည်းတော့ အပြစ်တင်ချင်တယ်ကွ’

‘ဘာဖြစ်လို့’

‘ဒီလူဟာ သိမ်မွေ့တယ်၊ ယဉ်ကျေးတယ်၊ ဘာသာတရားကိုင်းရှိုင်းတယ်၊ ပစ္စည်းမဲ့လူတန်းစားဘက်က ရပ်တည်တယ်၊ စသဖြင့်ပေါ့ကွ၊ နာမည်ကောင်းနဲ့ ကျော်ကြားပါတယ်၊ ဒါပေမဲ့ သူ ဒိုင်ယာရီရေးတယ်ကွ၊ ကိုယ်ကျင့်တရားဆိုင်ရာတွေ၊ စိတ်ရဲ့သရုပ်တွေကို ဘွင်းဘွင်းရေးတယ်၊ သူ့မိန်းမဖတ်မိပြီး ပြဿနာတွေ အကြီးအကျယ်တက်ကြတယ်၊ ငါတွေးမိတာက ကမ္ဘာကျော်ပုဂ္ဂိုလ်တစ်ယောက်က ဒိုင်ယာရီကိုလျှို့ဝှက်ပြီးမရေးနိုင်ဘူးလား၊ ဥပမာကွာ… စကားဝှက်နဲ့ရေးတာမျိုး၊ ပြောင်းပြန်ရေးတာမျိုး စသဖြင့်ပေါ့’

စကားဝိုင်းက ဟာသဘက်ကနေ ပြန်လည်တည်ငြိမ်သွားပြန်သည်။

‘အင်း… မင်းပြောတော့လည်း လက်ခံချင်စရာ’

သုံးယောက်သား ခေါင်းတဆတ်ဆတ်နှင့် ဒေတာကတော့ သူ့ဝသီအတိုင်း ဆရာကြီးလိုလို။



လျှော့တွက်လို့ မရတဲ့အထဲမှာ ဒေတာပါမှန်း ထင်ကို လက်ခံပါသည်။

စိတ်ထဲမှာတော့ ထောင်ထဲမှာ သိက္ခာမ်းခင်မင်ခဲ့ရတဲ့ ဖောက်ထွင်းဝိဇ္ဇာဗိုလ်သံကို ပြေးမြင်ယောင်လိုက်မိပါတော့သည်။

❖ ❖ ❖

www.burmeseclassic.com

www.burmeseclassic.com

## ၁၅။

'ဩော်… သူကလေးကိုး'

အဘွားက သူ့ထံ လူကြုံဖြင့် ငွေပို့ပေးလိုက်သဖြင့် ထင်ကို စိုပြည်နေပါသည်။ အဆောင်မှာ ချက်စားဖို့ ရူပါမားကက်ကြီးတစ်ခုမှ Easy cook များ ဝယ်ယူပြီး ငွေရှင်းရန် ကောင်တာသို့အလာ။

ကောင်တာရဲ့ အနောက်ဘက်နံရံမှာ LCD မော်နီတာကြီးတစ်လုံး ချိတ်ထားပြီး ဆိုင်ရဲ့ ထောင့်ပေါင်းစုံကနေ CCTV နှင့် ရိုက်ကူးထားသည့် မြင်ကွင်းကိုးခုပေါ်နေသည်ကို ထင်ကို အမှတ်တမဲ့ အကြည့်ရောက်သွားစဉ် ဖန်စီပစ္စည်းလှလှလေးများ ရွေးနေသည့် ပက်ဖီယိုကို LCD ရဲ့ မြင်ကွင်းတစ်ခုမှာ သူတွေ့လိုက်ရသည်။ ဩော်… သူ့ခမျာ ရတဲ့ မုန့်ဖိုးရဲ့ ငါးပုံလေးပုံကို ထင်ကို ဖဲ့ပေးနေရသဖြင့် ဝယ်ချင်တဲ့ ပစ္စည်းလေးမှ ဝယ်နိုင်ရဲ့လား မသိ။



သူကြည့်ကောင်းကောင်းနဲ့ LCD ကို မော့ကြည့်နေစဉ် Cashier မိန်းကလေးမှာ စိတ်မရှည်ဟန်နှင့်…

'ဒါတွေက ရှင်းမှာလား'

'နေဦး၊ ဟိုမှာ အသိတွေ့နေလို့၊ အဲဒီနေရာက ဘယ်နားလောက်မှာရှိမလဲ၊ လိုက်သွားမှ လွဲနေမလားမသိဘူး'

'ဆိုင်ရဲ့ ညာဘက်ထောင့်စွန်းမှာ ရှင်လိုက်သွားရင် သူရောက်နေတဲ့နေရာက နည်းနည်းတော့ ဝေးလိမ့်မယ်'

'ဒါဆို ကျွန်တော် ဒီကနေပဲ ကြည့်နေမှနဲ့တူတယ်၊ ဒီဟာတွေက သူလာမှပဲ ရှင်းမယ်နော်၊ တော်ကြာ သူနဲ့တွေ့ပြီး နောက်တစ်ခေါက် ထပ်ပတ်ပေးရမလား မသိဘူး'

'သဘောပဲ'

Cashier မိန်းကလေးက နှုတ်ခမ်းစူစူနှင့် ပြောပါသည်။

သူလည်း ပက်ဖီယိုကို CCTV က တစ်ဆင့် ကြည့်နေစဉ်မှာပင်…

'ဟင်'

သူတစ်ကိုယ်လုံး မတ်သွားရသည်။

သူမနောက်မှာ ဟာ… ပက်ဖီယိုပြောတဲ့ တစ္ဆေများလား။

စုတ်ပြတ်ပြတ် နံ့ချာချာနှင့် အဝတ်အစား ဖိုသီဖတ်သီ

www.burmeseclassic.com

www.burmeseclassic.com



ဝတ်ကာ ညှင်းသိုးသိုးဆံပင်များ ရှေ့သို့ငိုက်ကျနေသည့် လူတစ်ယောက်။

မျက်နှာအောက်သို့ ငိုက်စိုက်ကျနေပြီး မျက်လုံးတွေက ပက်ဖီယို့ကို လှမ်းကြည့်နေကာ အငြိုးကြီးကြီး အေးတိအေးစက်။

ပက်ဖီယို မပြောနဲ့။ သူ့ကျောထဲပင် စိမ့်ခနဲဖြစ်သွားသည်။

မဖြစ်။ အဲဒီနေရာကို လိုက်သွားမှဖြစ်မယ်။ ပက်ဖီယို့ကို ခြောက်လှန့်နေတဲ့ အရိပ်ကြီးကို ကွဲကွဲပြားပြားသိရအောင် ဒီနေ့ပဲ အမိအရ ဆွဲခွာပစ်မှဖြစ်တော့မယ်။

ခြင်းတောင်းကို ကြမ်းပြင်ပေါ် ပစ်ချလိုက်ပြီး အဲဒီနေရာကို အပြေးတစ်ပိုင်း လိုက်သွားလိုက်သည်။ ဘာကြာလိုက်လို့လဲ။

အနည်းဆုံး ငါးမိနစ်ပေါ့။

'ပက်ဖီယို'

'ဟင်… ရှင် ထင်ကို'

လူရိပ်က ဖျတ်ခနဲ ပျောက်သွားသည်။ သစ်ခွနက်ကတော့ ဘာမှကိုမသိလိုက်။

'ကိုယ် ဟိုကောင့်ကို တွေ့လိုက်တယ်၊ ဒီမှာ မင်းခဏရပ်နေဦး'

စောစောက တိုးဝင်ပျောက်ကွယ်သွားတဲ့ နေရာဆီ



သူ အမိအရပြေးလိုက်သည်။ မမီ။ ရန်သူက ပစ္စည်းတင်သည့် စင်များကို အကာအကွယ်ယူကာ လှစ်ခနဲ လှစ်ခနဲ ပျောက်ပျောက်သွားသည်။

'ဝင်ပေါက် ထွက်ပေါက်တွေအားလုံးကို ပိတ်ပစ်လိုက်'

ကြံရာမရသည့်အဆုံး သူ ရုပ်တည်ကြီးနဲ့ အကျယ်ကြီးအော်ပစ်လိုက်သည်။ စူပါမားကက်ကြီးတစ်ခုလုံး ရုတ်ရုတ်သဲသဲ။ တချို့ဈေးဝယ်သူများက ကြမ်းပြင်မှာ ဝပ်ချလိုက်သည်။

တချို့ လုံခြုံရေးတွေက တံခါးချပ်တွေကို ဆီးပိတ်လိုက်ကြပြီ။ တချို့က သူ့ထံ ပြေးလာကြသည်။ Cashier အမျိုးသမီးများကလည်း ငွေသေတ္တာများကို သော့ခတ်ပစ်လိုက်ကြပြီး အချို့က အရေးပေါ်အခြေအနေ လျှို့ဝှက်ခလုတ်ကို နှိပ်လိုက်ကြသည်။

'အစ်ကို ဘာဖြစ်တာလဲ၊ ဗုံးတွေ့လို့လား'

'မသင်္ကာစရာ လူတစ်ယောက်တွေ့တယ်၊ ခပ်စုတ်စုတ်အဝတ်အစား၊ ညှင်းသိုးသိုးဆံပင်နဲ့၊ မင်းတို့တွေ့ရင် သူ့ကို ဖမ်းထား'

သူက အိတ်ကပ်ထဲက တစ်စုံတစ်ရာကို ထုတ်လိုက်ပြီး ခလုတ်တစ်ခုကို နှိပ်လိုက်သည်။

'အင်္ကျီအပြာ၊ ပုဆိုးအမည်း၊ အင်္ကျီအပြာ၊ ပုဆိုး

www.burmeseclassic.com

www.burmeseclassic.com



အမည်း၊ ဆယ်နာရီဆယ့်ရှစ်မိနစ်၊ ထူးခြားဖြစ်စဉ် ထူးခြားဖြစ်စဉ်၊ နောက်ယောင်ခံဆဲ၊ ဒါပဲ'

လုံခြုံရေးဝန်ထမ်းများ ထင်ကို့ကို အတော်ဖြုံသွားကြသည်။ ရဲအရာရှိတစ်ယောက်က ၊ငပ။ စကားပြောစက်ထုတ်ပြီး ဌာနချုပ်ကို အချိန်နဲ့တစ်ပြေးညီ သတင်းပို့နေပြီဟု သူတို့ထင်သွားကြပြီး ထိုသူ့အား ပိုက်စိပ်တိုက်ရှာပေးကြသည်။

သစ်ခွနက်ဆိုတာတော့ ဆိုဖွယ်ရာမရှိတော့။ သူ့အနားသရဲကပ်လာတာ မသိလိုက်လို့ တုန်လှုပ်ချောက်ချားတာက တစ်မျိုး၊ ထင်ကို ဖြုန်းစားကြီးရောက်လာပြီး ဂျိမ်း(စ်)ဘွန်းဝင်လုပ်ပေးသဖြင့် ရင်ခုန်လှိုက်ဖိုသွားရတာက တစ်ဖုံ၊ သို့သော်ဆိုခဲ့သည့်အတိုင်း ပေါက်တတ်ကရနှင့် ဖိန့်လုံးဟိန့်လုံးတွေသုံးကာ စူပါမားကက်ကြီးတစ်ခုလုံးကို အမိန့်တွေပေးကာ အုံးစားနေသဖြင့် ရယ်လည်း ရယ်ချင်ကာ မကြာခင် တက်လာတော့မယ့် ပြဿနာအတွက် ကြိုတင်ရင်လေးနေမိတော့သည်။

'လာ… ပက်ဖီယို၊ ကိုယ်တို့ CCTV ကနေပဲ သွားကြည့်နေရအောင်'

သို့နှင့် သူတို့ကောင်တာဆီ သုတ်သီးသုတ်ပျာနှင့်ရောက်လာကြတော့သည်။ ထင်ကိုကတော့ မသိရင် သူ့အခန်းထဲမှာ နုပ်ပြီး အခွေကြည့်နေဘိအလား CCTV အတွက် ကိုးခုထဲမှ မျိုးမင်းမင်းသိန်းကို တွေ့အောင်ရှာနေပါတော့သည်။



အတော်အတန်ကြာတော့ လုံခြုံရေးဝန်ထမ်းများ သူ့ထံရောက်လာကြပြီး…

'ဆရာ… ကျွန်တော်တို့ ပိုက်စိပ်တိုက်ပြီး ရှာပြီးပြီ၊ သူ မရှိတော့ဘူး၊ တံခါးတွေ မပိတ်ခင်ကတည်းက ထွက်သွားတယ်ထင်တယ်'

'မင်းတို့ပြောတာ သေချာလား'

'လုံးဝသေချာတယ် ဆရာ၊ ကျွန်တော်တို့အားလုံး စစ်ဆေးပြီးပြီ'

'ကောင်းပြီ… တံခါးတွေအားလုံး ပြန်ဖွင့်ပေးလိုက်၊ ထူးခြားရင် ငါ့ဆီသတင်းပို့၊ မရှင်းတာ ဘာရှိလဲ'

'မရှိ'

ဒုက္ခပါပဲ။ ထင်ကို ဘာတွေလျှောက်လုပ်နေတာလဲ။ ဟိုကလည်း ရဲထွက်နဲ့ တူပါရဲ့။ သတိစွဲပြီး မရှိလို့ပြောရုံတင်မကဘူး။ အလေးပါပြုသွားလိုက်သေးတယ်။ ငါ့နှယ်နော်။

'ထင်ကို ဘာတွေလျှောက်လုပ်နေတာလဲ၊ ပြဿနာမတက်ခင် ဒီထဲက မြန်မြန်ထွက်ကြစို့'

'လုပ်စရာတွေ ရှိသေးတယ်၊ နေဦး… ဒီအမှုပေါ်အောင် မလိုက်နိုင်သေးလို့ မင်း ကိုယ့်ကို အထင်သေးတာတွေများနေပြီ'

ထင်ကိုက Cashier က ကောင်မလေးတစ်ယောက်ကို ရုပ်တည်ကြီးနှင့်…

www.burmeseclassic.com

www.burmeseclassic.com



'ခုနက ဒီအကွက်မှာ ပေါ်နေတဲ့ ဖိုင်ကို ပြန်ပြလိုက်'

ငွေကိုင်မလေးက ကြောက်ကြောက်နှင့် CCTV ကို နောက်တစ်ကြိမ်ပြန်ပြပါသည်။

'မင်းကို ခြောက်နေတယ်ဆိုတာ သူလား ပက်ဖီယို'

ပက်ဖီယို မျက်လုံးအဝိုင်းသားဖြစ်သွားရသည်။ မျက်နှာတစ်ခုလုံး သွေးမရှိတော့သလို ဖြူဖပ်ဖြူရော်ဖြစ်သွားပြီး…

'အို… ဟုတ်တယ်၊ ဟုတ်တယ်၊ အဲဒီလူပဲ ထင်ကို၊ မျိုးမင်းမင်းသိန်း၊ သူ မသေဘူး၊ မျိုးမင်းမင်းသိန်းမှ မျိုးမင်းမင်းသိန်း အစစ်'

'အိုကေ… ကိုယ် ဓာတ်ပုံရိုက်လိုက်ဦးမယ် ခဏ'

ထင်ကိုက နံရံမှာချိတ်ထားသည့် LCD မော်နီတာနှင့် ချိတ်ဆက်ထားသည့် ငွေတောင်တာမှ ကီးဘုတ်ကို သူ့အနား တိုးလိုက်ပြီး Desktop ပေါ်ကနေ My Loebcam ကို ဖွင့်လိုက်သည်။

ထို့နောက် စောစောက ဗီဒီယိုဖိုင်ကို အဲဒီဆော့ဝဲနဲ့ ဖွင့်လိုက်ပြီး ထိုသူ၏ အရှင်းလင်းအပြတ်သားဆုံးရိုက်ချက်သို့ ရောက်သည့်အခါ ကင်မရာပုံသဏ္ဍာန်သင်္ကေတလေးကို နှိပ်လိုက်သည်။

'ဖျတ်… ဖျတ်… ဖျတ်'

ဗီဒီယိုဖိုင်ထဲက တရားခံကို ဓာတ်ပုံရိုက်ကူးလိုက်



ခြင်းပါ။ ထို့နောက် ထိုဓာတ်ပုံများကို JPEG အဖြစ် ပြောင်းလဲသိမ်းဆည်းလိုက်ပြီး Desktop ပေါ် တင်လိုက်သည်။

နံဘေးမှာ ကြည့်နေသူ သစ်ခွနက်လည်း ထင်ကို့လုပ်ရပ်များကို ငေးရင်း အတော်ဖြုံနေသည်။ အင်း… ပေါက်တတ်ကရတော့ ပေါက်တတ်ကရထဲကပေါ့။ ဒါပေမဲ့ အချဉ်ထဲကတော့ မဟုတ်ဘူး။

ထင်ကိုက သူ့အိတ်ကပ်ထဲက Memory Stick ကို ထုတ်လိုက်ပြီး USB နှင့် ချိတ်လိုက်ကာ စောစောက ဓာတ်ပုံများကို သူ့ stick ထဲ ပြောင်းသိမ်းဆည်းလိုက်သည်။

တကယ့်ကို အက်ရှင်ကားတွေထဲက ဇာတ်လိုက်လို့ပါပဲ။

'ကဲ… အားလုံးပဲ ကိုယ့်အလုပ်ကိုယ် လုပ်နိုင်ပါပြီ။ ဖြစ်သွားတဲ့ကိစ္စတွေအတွက် အနူးအညွတ်တောင်းပန်ပါတယ်'

သြော်… ဒီလိုကျတော့လည်း ဆရာကြီးလိုပါပဲလား။ အမှုကို အောင်မြင်အောင် မဖော်ထုတ်လိုက်နိုင်သော်ငြား ကိုင်တွယ်ဖြေရှင်းသွားပုံများက ဗိုရိုသေသပ်လွန်းလှပါသည်။

ထင်ကိုက stick ကို ကွန်ပျူတာမှ ထုတ်ယူလိုက်ပြီး စူပါမားကက်ကြီးမှ လှည့်ပြန်မည်ပြုစဉ် သူတို့နားရောက်လာသူ လူတစ်စု။

တစ်နည်း စူပါမားကက်ကြီးရဲ့ မန်နေးဂျင်းဒါရိုက်တာနဲ့ ၎င်း၏ဝန်ထမ်းများ။

www.burmeseclassic.com

www.burmeseclassic.com



'ကဲ... မင်းတို့နှစ်ယောက် အန်ကယ့်ရုံးခန်းကို ခဏ လိုက်ခဲ့ကြဦး'

'အင်...'

❖ ❖ ❖

'မင်းက ရဲကလား'

'ဟုတ်ကဲ့... ကျွန်တော် ရဲကပါ'

ပြဿနာပဲ။ ထင်ကို ဘာတွေလျှောက်ပြောနေတာ တုံး။

'ဘယ် Intake (အပတ်စဉ်)ကလဲ'

'ခင်ဗျာ... ဩော်... ပြည်သူ့ရဲ မဟုတ်ဘူးဗျ၊ နီကိုရဲ ရဲ့ စာဖတ်ပရိသတ်ပါ'

'ကျွတ်'

ထင်ကို့စကားကြောင့် လူကြီး စိတ်ပျက်ညည်းညူ သွားသလို သစ်ခွနက်ကလည်း ရယ်ချင်သွားသည်။ သူတို့ နှစ်ယောက်နောက်မှာ ရပ်နေတဲ့ လုံခြုံရေးဝန်ထမ်းတွေဆိုတာ တော့ ဆိုဖွယ်ရာမရှိတော့။ မျက်နှာငယ်လေးတွေကိုယ်စီနှင့် ခေါင်းငုံ့နေကြသည်။

ရုံးခန်းတစ်ခုလုံးကလည်း အလွန်တရာ တိတ်ဆိတ် နေသည်။ မန်နေဂျာက ရုံးခန်းတစ်ခုလုံး တိတ်ဆိတ်သွားတော့

www.burmeseclassic.com

www.burmeseclassic.com



မှ ငါ့ဩဇာညောင်းသားပဲလို့ သူ့ဘာသာ သဘောပေါက်လိုက်ပြီး လေသံမာမာနှင့်…

'ဟမ်… နောက်က ကောင်တွေရော၊ မင်းတို့တွေ အထိတ်တလန့်လုပ်လိုက်တာ ဒီရုပါမားကက် ဘာဖြစ်သွားသလဲ၊ လုံခြုံမှုမရှိတဲ့နေရာ၊ ဒုစရိုက်မှုတွေ ကျူးလွန်တဲ့နေရာ ဖြစ်မသွားဘူးလား။ ဘယ်လောက်သိက္ခာကျလဲ'

လူကြီးက စကားကို ခဏရပ်လိုက်ပြီး သူ့ဝန်ထမ်းများကို တစ်ချက်ကြည့်လိုက်ပြီးမှ…

'တွေ့ပြီမဟုတ်လား၊ မင်းတို့ကို သင်တန်းမှာလည်း ပို့ချခဲ့ပြီးပြီ၊ ဘာကြောင့်အယုံလွယ်ရတာလဲ၊ ဘာကြောင့် ဒီချာတိတ်ခိုင်းတဲ့အတိုင်း လိုက်လုပ်ကြရတာလဲ၊ ဘာကြောင့် ဒီချာတိတ်ကို ရဲကပါလို့ တစ်ထစ်ချယုံကြည်ပစ်လိုက်ကြတာလဲ'

သို့မှ လုံခြုံရေးဝန်ထမ်းတစ်ယောက်က နည်းနည်း လှုပ်လှုပ်ရှားရှားဖြစ်သွားပြီး…

'သူက ကျွန်တော်တို့ရှေ့မှာ သူ့အိတ်ထောင်ထဲက ICON ကို ထုတ်ပြီး သတင်းပို့ပါတယ် ဆရာ၊ ဒီ ICON မျိုးဆိုတာက သက်ဆိုင်ရာ အရာရှိတွေလောက်သာ ကိုင်တတ်ကြတာမို့ ကျွန်တော် သူ့ကို ရဲကလို့ ထင်လိုက်မိပါတယ်'

မန်နေဂျာက 'ဘယ့်နှယ်ရှိစ'ဆိုတဲ့ မျက်နှာပေးနဲ့



ထင်ကို့ကို မေးဆတ်ပြလေတော့ ထင်ကိုကလည်း ရုပ်တည်ကြီးနှင့်…

'ကျွန်တော် အိတ်ထောင်ထဲက ထုတ်လိုက်တာတော့ မှန်တယ်၊ ဒါပေမဲ့ သူတို့ကို ICON လို့တော့ မပြောလိုက်မိဘူး၊ ဒါ ကျွန်တော် ကိုယ်နဲ့မကွာဆောင်ထားတဲ့ Tape Recorder ပါ၊ ကျွန်တော်ကတော့ ဒါကို အသံစာအုပ်လို့ သတ်မှတ်တယ်၊ ရန်သူ့သတင်းကို အချိန်နဲ့ တစ်ပြေးညီ အသံသွင်းမှတ်တမ်းတင်လိုက်တာပါ၊ မယုံရင် နားထောင်ကြည့်ပါ၊ လီဆယ်တာ တစ်ခုမှမပါဘူး'

ထင်ကိုက ရီကော်ဒါကို ခလုတ်နှိပ်လိုက်သည်။

'အင်္ကျီအပြာ၊ ပုဆိုးအမည်း၊ အင်္ကျီအပြာ၊ ပုဆိုးအမည်း၊ ဆယ်နာရီဆယ့်ရှစ်မိနစ်၊ ထူးခြားဖြစ်စဉ်၊ ထူးခြားဖြစ်စဉ်၊ နောက်ယောင်ခံဆဲ၊ ဒါပဲ'

'တောက်'

မန်နေဂျာ အတော်ဒေါပွနေသည်။ သစ်ခွနက်ကတော့ ရယ်ချင်လွန်းသဖြင့် အတင်းကို အံကြိတ်ထားရလေသည်။

'ဟင်… ဥပဒေကို လက်တစ်လုံးကြား တော်တော် လုပ်တဲ့သူပဲ၊ ဒီမှာ မောင်ရင်'

'ပြောပါ အန်ကယ်'

'အန်ကယ်တို့ ဒီကိုလာတဲ့ Customer တွေနဲ့ အကျယ်

www.burmeseclassic.com

www.burmeseclassic.com



အကျယ်မဖြစ်ချင်ဘူး၊ နောက်နောင်ကို ကိုယ့်ရဲ့ ပုဂ္ဂလိက ပြဿနာကို အပြင်မှာဖြေရှင်းပါ'

'ဒီကိစ္စက ပုဂ္ဂလိကပြဿနာထက် ပိုတယ်၊ သေရေးရှင်ရေးပြဿနာလို့တောင် ပြောလို့ရတယ် အန်ကယ်၊ အန်ကယ် ကိုယ်တိုင်ရော သိလိုက်ရဲ့လား၊ ကိုယ့်စူပါမားကက်ထဲကို ဘယ်သူဝင်လာတယ်ဆိုတာ'

'မင်းတို့နဲ့ မတည့်တဲ့သူဖြစ်မှာပေါ့ကွာ'

'လူဆို ကိစ္စမရှိဘူး။ သရဲ အန်ကယ်ရဲ့၊ နာနာဘာဝ တစ်ကောင် သချိုင်းကုန်းက လိုက်လာတာ'

'ဟမ်··· ဟုတ်လား'

အဘိုးကြီး ကြည့်ရတာ အတော်သရဲကြောက်တတ်ပုံ ရသည်။

မျက်လုံးကြီးပြူးဝိုင်းသွားပြီး ထင်ကို့ကို မျက်မှန်ကျော်ကြည့်လာသဖြင့် ထင်ကိုလည်း သစ်ခွနက်ဘက် မြားဦး လှည့်ပေးလိုက်သည်။

သစ်ခွနက်ကတော့ နဂိုကတည်းက သူ့နောက် တစ္ဆေ တစ်ကောင်လိုက်နေသည်ဟု အကြွင်းမဲ့ယုံကြည်ထားသူဖြစ် လေရာ ကြားရသူအပေါင်း အိမ်သာတောင် သွားမတက်ရဲရ လောက်အောင် ပြောပြလိုက်သည်။

ဇာတ်လမ်းဆုံးတော့ အဘိုးကြီးလည်း ဂနာမငြိမ်ဖြစ်



သွားပြီး လုံခြုံရေးတချို့လည်း အနည်းငယ်ကျောစိမ့်သွားသလို ရှိကြကာ တစ်ယောက်ကတော့ ၂၄ ပစ္စည်းကို ခပ်တိုးတိုး ကပေါက်တိကပေါက်ချာ ရွတ်နေလေတော့သည်။

'ဘုရား··· ဘုရား၊ ဒါဆို တို့ဆိုင်ကြိုဟ်ဝင်တာပေါ့၊ နေစမ်းပါဦး၊ ဒီချာတိတ်လေးက ပယောဂဆရာလား'

'မဟုတ်ဘူး၊ သမီးငှားထားတာ'

'အေးလေ··· ဘာတဲ့၊ အထက်လမ်းဆရာလား'

'အလွတ်စုံထောက်'

အဘိုးကြီး နည်းနည်းလေသွားပြန်ပါသည်။

'ဟမ်··· သရဲကို စုံထောက်က ဘယ်လိုဖမ်းမှာလဲ၊ ဟာကွာ··· မင်းတို့ဟာ ဘာတွေတုံး'

မသောက်ဘဲနဲ့ မူးသွားတဲ့လေသံကြီးနဲ့ အဘိုးကြီးက ပြောပါသည်။ နောက်တော့ သူ့ဝန်ထမ်းများကို အမိန့်ပေးပါ တော့၏။

'စန္ဒီထက်'

'ဟုတ်ကဲ့ ဆရာ'

'မနက်ဖြန် ဘုန်းကြီးငါးပါးပင့်ပြီး ဆိုင်မှာ ပရိတ် ရွတ်မယ်၊ ကမ္မဝါညှပ်မယ် နိုင်ဇော်ထွေး'

'ပြောပါ ဆရာ'

'ဒီချာတိတ် သူ့ stick ထဲ ကူးသွားတဲ့ ဓာတ်ပုံ Desktoop ပေါ်မှာ ရှိသေးတယ်၊ Print ထုတ်ပြီး လုံခြုံရေးတွေ

www.burmeseclassic.com

www.burmeseclassic.com



ကို ဝေပါ၊ လုံခြုံရေးကို တိုးမြှင့်ပါ၊ ဆိုင်ရဲ့ ဝင်ပေါက်ထွက်ပေါက်မှာ မသင်္ကာစရာလူတွေ့ရင်ပဲဖြစ်ဖြစ်၊ ဒီလူကို ထပ်တွေ့ရင်ပဲဖြစ်ဖြစ် ဆိုင်ထဲအဝင်မခံဘဲ ခဏထိန်းသိမ်းထားပေးပါ၊ ကဲ… မောင်ရင်'

'ပြောပါ အန်ကယ်'

'မင်းကို ညှိနှိုင်းစရာတစ်ခုရှိတယ်၊ လက်ခံမယ်ဆိုရင်တော့ ဒီကိစ္စ ဒီမှာတင် ကျေအေးတယ်၊ လက်မခံနိုင်ဘူးဆိုရင်တော့ စောစောက ဖြစ်ခဲ့တဲ့ အထိတ်တလန့်ဖြစ်မှုအတွက် သက်ဆိုင်ရာကို တိုင်တန်းရလိမ့်မယ်'

'ဒီလောက် အခြေအတင်ပြောစရာ မလိုပါဘူး အန်ကယ်၊ ပြောပါ'

'ပြောရမှာတော့ စိတ်မကောင်းဘူး၊ ဒါပေမဲ့ ဒီဆိုင်ရဲ့ ထုံးစံမို့လို့ပါ၊ ရုံးလုပ်ငန်းဆိုင်ရာ မှတ်တမ်းတင်ဓာတ်ပုံအတွက် မင်း ဓာတ်ပုံအရိုက်ခံရမယ်၊ နောက်တစ်ကြိမ် ကိုယ့်ကြောင့် အထိတ်တလန့်မဖြစ်စေရပါဘူးဆိုတဲ့ ဝန်ခံကတိလက်မှတ်ထိုးပေးရမယ်'

'လုပ်ပါ၊ ရပါတယ်'

သစ်ခွနက် ထင်ကို့ကို ကြည့်ပြီး သနားသွားသည်။ ဝန်ခံလက်မှတ်ထိုးပေးရမယ်ဆိုတာကတော့ ထားပါတော့။ ထင်ကို့မျက်နှာကို ဓာတ်ပုံရိုက်ယူထားမယ်ဆိုတာကြီးကျတော့ မသိရင် အလစ်သုတ်သမားမိသွားလို့ နံ့တစ်ဘုတ်မှာ ကပ်ပြထားတာလိုလို ဘာလိုလို။



'ကဲ… ထိုက်ဇော်၊ ကင်မရာသွားယူ၊ ဒီချာတိတ်ကို ဓာတ်ပုံရိုက်ပြီး မှတ်တမ်းတင်စာအုပ်မှာ ဖြည့်ခိုင်းလိုက်'

ထိုက်ဇော်ဆိုသူက ကင်မရာယူလာသည်။ သူ့ခိုးမဟုတ် ဘာမဟုတ်နဲ့ သူတို့ခမျာ လုပ်ရမှာလည်း အိုးတိုးအမ်းတမ်း၊ ထင်ကိုကတော့ တကယ့်ကို အေးအေးဆေးဆေးပင်။

'အစ်ကို… ဟို ရိုက်မယ်နော်'

'ရယ်ဒီလား'

'ဟုတ်ကဲ့'

သစ်ခွနက် ရင်ထဲမှာတော့ ဆစ်ခနဲနာကျင်သွားရသည်။

ဆရာသမားကတော့ ရိုက်တော့မယ်လည်းဆိုရော ကင်မရာဘက် လှည့်လိုက်ပြီး ဓာတ်ပုံစတစ်ကာဆိုင်တွေမှာ မြီးကောင်ပေါက်ကလေးတွေ ဆပ်စလူးထကြသလို လက်ချောင်းနှစ်ချောင်းထောင်လိုက်ကာ လျှာတစ်လစ်ထုတ်ပြပြီး ချစ်စဖွယ်သောအပြုံးနှင့် ပြုံးပြလိုက်သည်။

'ဟမ်… ဘယ်လိုပုံကြီးတုံး'

'ကျွတ်… ဒီကောင်ကွာ၊ လက်တစ်လုံးကြား လုပ်ပြန်ပြီ'

အဘိုးကြီး အလွန်တရာ စိတ်ညစ်သွားသည်။

www.burmeseclassic.com

www.burmeseclassic.com



သူတို့ လိုချင်သဖြင့် ရုံးလုပ်ငန်းဆိုင်ရာ မှတ်တမ်း မှတ်ပုံတော့ မရ။

ဘယ်လိုကြီးမှန်းကို မသိ။

❖ ❖ ❖

'ကျွန်မ ရှင့်ကို နည်းနည်းမေးမယ်'

'များများမေး'

သစ်ခွနက်က သူ့ကို မျက်စောင်းတစ်ချက်ထိုးလိုက် ရင်း…

'အမှန်အတိုင်းဖြေမှာလား'

'ဘယ်တုန်းက ညာဖူးလို့လဲ'

'ညာတော့ မညာဖူးဘူး၊ ဒါပေမဲ့ ဟိုလူကြီးပြော သလို လက်တစ်လုံးကြား လုပ်လုပ်နေသလားလို့ပါ၊ ရှင့်ကို အိမ်ပြေးတစ်ယောက် ထောင်ထွက်တစ်ယောက်လို့ပဲ ကျွန်မ သိတာလေ၊ ဒီထက်နည်းနည်းလောက် ပိုပြီး သိလို့မရဘူးလား'

'ရပါတယ်'

'အင်း… အရင်ဆုံးမေးချင်တာက ရှင့်ရဲ့ နေရပ်လိပ် စာ၊ ရှင် ဘယ်မှာနေလဲဟင်'

'ချောင်ကြိုချောင်ကြားမှာ'

'လုပ်ပြန်ပြီ'

www.burmeseclassic.com

www.burmeseclassic.com



'ဟုတ်တယ်လေ၊ ကားနှစ်စီးရှောင်ဖို့ သိပ်မလွယ်တဲ့ နေရာမှာ နေတယ်၊ ချောင်လည်း ကျတယ်၊ ရပ်ကွက်ထဲမှာ 'ကြား'ဆိုတာ ပါသေးတယ်'

သူပြောလိုက်တော့ ဘယ်လောက်ဆိုးဆိုးဝါးဝါးနေရာလဲလို့ သစ်ခွနက် အသည်းအသန်စဉ်းစားလိုက်ရသည်။ နောက်တော့မှ နည်းနည်းနားလည်သလိုလို ရှိလာပြီး…

'ဟို… ရွှေ… ရွှေတောင်ကြားမှာလား'

'ဟုတ်၏၊ မှန်၏'

'ရှင်ပြောလိုက်တော့မှပဲ ရွှေတောင်ကြားက ဖုန်းဆိုးမြေ၊ အမှိုက်ပုံကျနေတာပဲ'

'အဲလိုတော့ ကိုယ်မပြောမိဘူး'

သူက ပြောင်တိပြောင်စပ်နှင့် ပြောတော့ သူမက မချိုမချဉ်ကြည့်ရင်း…

'မိဘတွေက ဘာလုပ်လဲ'

'အဖေက ရေရောင်းတယ်၊ အမေက ဆံပင်ညှပ်ဆိုင်ဖွင့်တယ်'

လုပ်ပြန်ပြီ။ ပြောလိုက်ရင် ဘယ်လိုမှန်းကို မသိ။

'အဖေက ဘာနာမည်နဲ့ ရောင်းတာလဲဟင်'

'Purity နဲ့'

'ကြားဖူးသလိုပဲ၊ Purity ရေသန့်စက်ရုံကို ပြောတာလား'



'ဟုတ်၏၊ မှန်၏'

'အမေကတော့ ဘာနာမည်နဲ့ ဆံပင်ညှပ်ဆိုင်ဖွင့်ထားတာလဲ'

'Royal Beauty နဲ့'

သူမက အနည်းငယ်စဉ်းစားလိုက်ပြီး မချင့်မရဲဖြစ်သွားကာ…

'သိပါတယ်၊ အာ… အဲဒါ spa မဟုတ်ဘူးလား'

'spa လို့ ခေါ်ရင်လည်း ရမှာပေါ့၊ တကယ်တော့ ပင်ပန်းလာကြတဲ့ ကျွဲတွေ၊ နွံ့လူးလာတဲ့ အပန်းဖြေဗွက်အိုင်တစ်ခုပါပဲ'

'ရှင်ဟာလေ'

သစ်ခွနက် အနည်းငယ်ရယ်ချင်သွားသည်။

'ဒါဆို ရှင်က သူဌေးသားပေါ့'

'မဟုတ်ပါဘူး'

'ဘာဖြစ်လို့'

'ကုဋေရှစ်ဆယ်မရှိလို့'

'ကျွန်မ ရှင့်ဆီက ပိုက်ဆံချေးမယ့်သူ မဟုတ်ဘူး'

'သိပါတယ်၊ ကိုယ်ကချည်းတောင်းနေတာ'

သူမ ခေါင်းကိုသာ ယမ်းနေမိတော့သည်။

❖ ❖ ❖

www.burmeseclassic.com

www.burmeseclassic.com

## ၁၆။

'ထင်ကိုရေ… ထင်ကို'

'ကိုချွန် လာပြီ'

သူ့အခန်းတံခါးကို သတင်းထောက်ကြီး လာခေါက်သဖြင့် စောင်ခေါင်းမြီးခြုံအိပ်နေရင်းကနေ တစ်ချက်သမ်းဝေလိုက်ပြီး တံခါးဖွင့်ပေးလိုက်သည်။

'အိပ်နေတာ ဆောရီးဗျာ'

'ရပါတယ်၊ ဘာပြောမလို့လဲ'

'အကူအညီတောင်းချင်လို့၊ အရေးပေါ်မို့ပါကွ၊ ဓာတ်ပုံလေးတစ်ပုံလောက် ထုတ်ချင်တယ်၊ အဟီး'

'ရပါတယ်၊ လာ… ကင်မရာကြိုး ပါလား'

'မပါဘူး၊ မင်း ကတ်ရီဒါမရှိဘူးလား'

'ရှိတယ်'

သူက ကိုချွန့်ကင်မရာထဲက မန်မိုရီကတ်ကို ထုတ်လိုက်ပြီး ကတ်ရီဒါထဲ ထည့်လိုက်ကာ USBကြိုးနှင့် ချိတ်



လိုက်သည်။ သူ့ကွန်ပျူတာ၏ Removable Disk ကို ဖွင့်လိုက်ချိန်မှာတော့ ကိုချွန့်ကင်မရာထဲမှာ ရိုက်ထားတဲ့ဓာတ်ပုံတွေအားလုံး ဇယားကွက်ဆန်ဆန် ကျလာလေတော့သည်။

'ဘယ်ပုံကူးမလဲ ကိုချွန်'

'ဒီပုံ အရေးတကြီးလိုလာလို့၊ နို့မို့ဆို ဓာတ်ပုံဆိုင်ပြေးပါတယ်'

'ရပါတယ်၊ ဒီလူနဲ့ ဒီလူ ပြောစရာလား'

ထင်ကိုက ပရင်တာထဲ ဓာတ်ပုံစက္ကူထည့်လိုက်ပြီး ဓာတ်ပုံကို ရီဇော်လူးရှင်းပြင်ပေးလိုက်ကာ ရီဆိုဒ်လုပ်ပြီး print out ထုတ်ပေးလိုက်သည်။

'ဟို… အဟဲ… ဘယ်လောက်ကျလဲ'

'ပြောစရာလား'

'အဟီး… လစာထုတ်ရင် လက်ဖက်ရည်တိုက်မယ်နော်'

'ဘတ်စကားကျက်ပျက်ကိုတော့ ရှောင်'

'အဟား… ဟား… ငါတို့က စကားကြီးစကားကျယ်သာ ပြောတတ်တာ။ မင်းလို ပေါက်တတ်ကရပြောဖို့ကျတော့ ခေါင်းထဲကမထွက်ဘူးကွ'

'ဘယ်ထွက်မလဲ၊ ချွန်ဖို့လောက်ပဲ ထွက်တာ'

သူက ကိုချွန့်ကို စရင်းနောက်ရင်း ကတ်ရီဒါကိုဖြုတ်မည်ပြုစဉ်…

'ဟင်'

www.burmeseclassic.com

www.burmeseclassic.com



ကိုချွန်ရိုက်ထားသော ဓာတ်ပုံတစ်ပုံက သူ့ကို စိန်ခေါ်နေသလို စိုက်ကြည့်နေလေသည်။ သူ ထိုပုံကို Click နှစ်ချက်နှိပ်လိုက်ချိန်မှာတော့ . . .

'ဩော် . . .'

အနည်းငယ် စပ်ဖျင်းဖျင်းခံစားလိုက်ရသည်။

'သိလို့လား ထင်ကို'

'ဟင့်အင်း'

'မင်းကလည်း မသိဘဲနဲ့များ၊ အဲဒါ မျိုးမင်းမင်းသိန်းလေ၊ မသေခင် တစ်လအလိုလောက်တုန်းကပေါ့၊ ဒီကောင့်ပုံကို ရိုက်ချင်လွန်းလို့ မဟုတ်ဘူးဟေ၊ အဲဒီတုန်းက ငါ့ကင်မရာက Flash က ဘာဖြစ်ဖြစ်သွားမှန်းကို မသိလို့ သူနဲ့ရိုက်ကြည့်ပြီး စမ်းတာ၊ မထင်မှတ်ဘဲ သူသေသွားတော့ ဖျက်မပစ်ရတော့ဘူး၊ အချစ်အတွက် အသက်စွန့်သွားတဲ့သူမို့ သူရဲကောင်းအဖြစ်နဲ့ သိထားလိုက်တာ'

'ဩော်'

သူ ထပ်မံဩော်လိုက်ပြန်သည်။

❖ ❖ ❖

## ၁၇။

ဒေတာက သူ့ရဲ့ လမင်းပုစ္ဆာ လုံးချင်းဝတ္ထုထွက်ပြီးချိန်မှာတော့ အတော့်ကို စွံသွားသည်။ ကောင်မလေးတွေနဲ့ ပန်းခြံထဲမှာ နေပူပူအောက် လမ်းလျှောက်များသွားတာမို့ မျက်စိလည်း စွံသွားသလို၊ သူ့လုံးချင်းဝတ္ထုထဲမှာ လူငယ်စာရေးဆရာဆိုပြီး အီးမေးလ်လိပ်စာနဲ့ အဆောင်ဖုန်းနံပါတ်ပါ ကြည့်ပေးလိုက်တာမို့ လူလည်း စွံနေသည်။

အဆောင်ကို ကြောင်စီကွေးနဲ့အလွန်တူတဲ့ ကောင်မလေးများလည်း ရောက်လာကြသည်။ တစ်ရက်က ထင်ကို မြို့ထဲကပြန်လာပြီး အဆောင်ရှေ့ရောက်တော့ . . .

'ဟေး . . . ဟေး . . . ရွတ်'

'ခေါ်တာလား'

'အင်း'

'ပြော'

www.burmeseclassic.com

www.burmeseclassic.com



'အဆောင်ထဲဝင်မလို့လား'

'အင်း'

'စာရေးဆရာ ဒေတာကို ထန်းလျက်ခဲနှစ်ခဲနဲ့ ကျောက်စရစ်ခဲတစ်ခဲ ရောက်နေတယ်လို့ ပြောပေးပါ'

'ဟမ်… ထန်းလျက်ခဲ၊ ဒီကောင် စာရေးဆရာပါ၊ ဘယ်တုန်းက မုန့်လက်ဆောင်းရောင်းနေပါလိမ့်'

'အို… ရှင်မသိပါဘူး၊ သူနဲ့ ကျွန်မနဲ့က ဘာစကား ပြောပြော စကားထာနဲ့ ပြောကြတာမို့ပါ'

'သြော်… စကားမစပ် မင်းက သူ…'

'ခွေးလယားသီး ထော်လဂျီ'

'အင်'

'ကဲပါ… ရှင့်လိုလူမျိုး ရှင်းပြနေလည်း ဘာမှထူးမှာ မဟုတ်ပါဘူး၊ ကြည့်ရတာ အတော်ကို ပြိန်းမယ့်ပုံကြီး၊ ခေါ်မှာသာ ခေါ်ပေးပါ'

'ဟုတ်ကဲ့… ဟုတ်ကဲ့'

သို့နှင့် ဒေတာ့အခန်းတံခါးကို ခေါက်လိုက်ရာ ဟိုက ဖွင့်လည်းပေးလိုက်ရော သူ နည်းနည်းလန့်သွားပြီး…

'အမလေး… မွေးလိုက်တာ၊ ကြက်သီးတောင်ထတယ်၊ ဟိတ်ကောင်… ရှေ့မှာ ဘာတဲ့၊ ထန်းလျက်ခဲနှစ်ခဲနဲ့ ကျောက်စရစ်ခဲတစ်ခဲ ရောက်နေတယ်ဆိုလား'

သို့မှ သူကောင်းသားက မိန့်မိန့်ကြီးပြုံးလိုက်ပြီး…



'အဲဒါ ငါ့စာဖတ်ပရိသတ်လေ၊ သချာလည်း တော်တယ်၊ ဉာဏ်ကတော့ ထက်သလား မမေးနဲ့၊ စကားပြောရင်လည်း စကားဝှက်အရမ်းသုံးတာ'

'ဒါဆို အကြံပေးလိုက်လေ'

'ဘယ်လိုပေးရမှာလဲ'

'ရှေ့တန်းမှာ ဆက်သွယ်ရေးတပ်သားလုပ်ပါလားလို့၊ ဒါဆို တိုင်းပြည်အတွက်လည်း အကျိုးရှိတယ်'

ဒေတာက သူ့ကို မကျက်တကျက် ပြုတ်ပေးလိုက်ရင် ထုံးစံအတိုင်း ရှုးရှုးရှဲရှဲဖြစ်သွားပြီး…

'ဟိတ်ကောင်… ပေါက်တတ်ကရနဲ့ ငါ့စာဖတ်ပရိသတ်ကိုများ နယ်နယ်ရရမထင်လိုက်နဲ့၊ မင်းလို ချောင်ကြို ချောင်ကြားမှာနေတဲ့သူ မဟုတ်ဘူး၊ ဟိုက ရွှေ… တောင်… ကြား က…'

'သြော်… ရွှေတောင်ကြားကတဲ့လား၊ ဒါနဲ့ ထန်းလျက်ခဲနှစ်ခဲနဲ့ ကျောက်စရစ်ခဲတစ်ခဲဆိုတာ ဘာတဲ့'

'ထန်းလျက်က မချိုဘူးလား'

'အင်း… ချိုတယ်'

'ထန်းလျက်ခဲနှစ်ခဲဆိုတော့…'

'ချိုချိုပေါ့၊ သြော်… သူက ပွင့်လင်းတယ်နော်၊ ချိုချိုနှစ်လုံးရှိတဲ့ ကောင်မလေးလို့ ငါ့ကို ပြောလိုက်တာကိုး'

'ဟုတ်တယ်၊ ဒီအတိုင်းပဲ ဟိတ်ကောင်'

www.burmeseclassic.com

www.burmeseclassic.com



'ဘာတုံး… လန့်လိုက်တာ'

'မင်းနော်… မင်း၊ ရန်ဖြစ်မိရင်လည်း ငါလို အကျော်အမော်အနေနဲ့ သိက္ခာက ကျဦးမယ်၊ ဟင်း… စကားကို ဆုံးအောင်နားထောင်ဦး၊ ကျောက်စရစ်ခဲက မမှာဘူးလား'

'မှာပါ့'

ဒီတော့မှ မောင်ဒေဝတာခမျာ သူပြောချင်တဲ့ ဆိုလိုရင်းကို ဖြောင့်ဖြောင့်ဖြူးဖြူးကြီး ရောက်သွားပြီး…

'သူ့နာမည်က ချိုချိုမှာတဲ့'

'ဟိတ်ကောင်… အပျိုမဟုတ်ဘူးနဲ့ တူတယ်၊ ကြည့်လည်းလုပ်ဦးနော်၊ ကလေးအမေကြီးလား မသိဘူး'

ထင်ကိုက အတည်ပေါက်ဖိန့်လိုက်တော့ ဒေဝတာ မြူးတူးကြောင်တောင်ပြန်ဖြစ်သွားပြီး…

'မင်း… မင်းက သူ့ကို သိလို့လားဟင်'

'သိတော့ မသိဘူးလေ၊ နာမည်ကြည့်ပြီး ပြောကြည့်တာ၊ ချိုချိုက မှာနေပါတယ်ဆိုမှ သူကလေး နို့ဆာလို့ နို့တင်းနေတာမှန်းမှ မသိတာ'

'ဟာကွာ… ဒီကောင်'

'နေဦး… နေဦး၊ တယ်ရင်းကလည်း စိတ်မဆိုးပါနဲ့ကွာ၊ စိတ်ဝင်စားတာလေးတစ်ခု ရှိသေးလို့ပါ၊ သူပြောတဲ့ ခွေးလယားသီးထော်လာဂျီဆိုတာ ဘာလဲဟင်'

'ခွေးလယားသီးက မယားဘူးလား'



'ယားတယ်လို့တော့ ကြားဖူးတာပဲ'

'ထော်လာဂျီက မသွားဘူးလား'

'ရပ်တဲ့အခါလည်း ရပ်မှာပေါ့၊ သွားတဲ့အခါလည်း သွားမှာပေါ့'

'အင်း… သွားတယ်လို့ပဲ မှတ်၊ ယားသွားဆိုတော့ အဲ… ဟုတ်ပေါင်၊ ဟာကွာ… မင်းနဲ့တွေ့ရင်လေ ငါ ဘာတွေဖြစ်မှန်းကို မသိဘူး၊ စကားတွေလည်း မှားကုန်ပြီ'

'ပြဇာတ်ထဲမှာသာဆို မင်းလို လူရွှင်တော် ခဲနဲ့အပေါက်ခံရတာ ကြာပြီ'

ဒေဝတာ တရှူးရှူးနှင့် ဒေါသထွက်နေတာကို မြင်လျှင် ထင်ကို အင်မတန်ရယ်ချင်သည်။ အခုလည်း ယောကျ်ားကြီးတန်မဲ့ ဒေါသတွေထွက်နေတာ တဟင်းဟင်းနှင့် မသိရင် ဈေးဝယ်သွားတဲ့ အိမ်ရှင်မတစ်ယောက် အလေးအခိုးခံလိုက်ရသလို ရုပ်ပေါက်နေ၏။

'တော်ပြီ… ရှေ့မှာ ထန်းလျက်ကလေး စောင့်နေတယ်၊ ငါသွားတော့မယ်'

'လုပ်ပါကွ၊ တယ်ရင်းကလည်း ငါ မင်းလောက်ဉာဏ်မမီလို့ပါ၊ မှားသွားလည်း နောက်တစ်ခေါက် ထပ်ပြောပေါ့၊ ထော်လာဂျီက ဘာဖြစ်တုံး'

'စီးလို့မရဘူးလား'

'နည်းနည်းတော့ ခုန်မယ်'

www.burmeseclassic.com

www.burmeseclassic.com



'စီးလို့မှတ်ကွာ၊ စောစောက ယားနဲ့ပေါင်းတော့ ဘာဖြစ်မလဲ'

'ယားစီးပေါ့'

'ယားစီးကို ပြောင်းပြန်လှန်တော့'

'ရည်းစား'

'အေး… ချိုချိုမာနဲ့ ငါနဲ့က ရည်းစား၊ ကဲ… သွားပြီ'

'နေဦး… ရည်းစားတွေက တကယ်ရော ယားတဲ့အခါ စီးကြသလား မသိဘူးနော်'

'ပေါက်တတ်ကရနော်၊ ဘာကိုစီးရမှာလဲ'

'သိဘူးလေ၊ မင်းက လက်ရှိရည်းစားကြီးငုတ်တုတ်နဲ့ဆိုတော့ ပိုသိမှာပေါ့'

'ထင်ကိုနော်၊ မင်း ငါ့ကို ဖွဲနေတာတွေ သိပ်များနေပြီ'

'နေပါဦး… အကျော်အမော်ကြီးရာ၊ ငါ မင်းကို သတင်းထူးတစ်ခု ပေးချင်လို့ပါ'

'ဘာသတင်းထူးလဲ'

'မင်းရဲ့ ပဟေဠိပြိုင်ပွဲကိုလေ၊ ဟို… မျိုးမင်းမင်းသိန်း အသေခံပြီး လိုက်သွားတဲ့ ကောင်မလေးက ဝင်ပြိုင်မလို့တဲ့'

ဒေတာ အနည်းငယ်တည်ငြိမ်သွားသည်ကို ထင်ကို သတိထားလိုက်မိပါသည်။ သြော်… ဒေတာ၊ ဒေတာ။ မင်း



အကြောင်းသိချင်ရင် လီယိုတော်စတွိုင်းလို ဒိုင်ယာရီစာအုပ် သွားဖတ်စရာ မလိုပါဘူးကွာ။ မင်းမျက်နှာဖတ်ရုံလောက်နဲ့တင် လုံလောက်နေပါပြီ။

'နေစမ်းပါဦး၊ မင်းက ဘယ်လိုလုပ်သိတာလဲ'

'သူနဲ့ ငါနဲ့ကလည်း'

'အင်း'

'မကြာခင် ခွေးလယားသီးတော်လာဂျီဖြစ်ကြတော့မှာ'

'သြော်…'

ဒေတာက ခေါင်းတစ်ချက်ဆတ်လိုက်ပြီး…

'ပြိုင်ပါ၊ ကံကောင်းပါစေ'

❖ ❖ ❖

www.burmeseclassic.com

www.burmeseclassic.com

## ၁၈။

လုပ်မိတာ မှားသလား မှန်လားတော့ မသိပါ။

သော့ဝိဇ္ဇာ ဗိုလ်သံနည်းအတိုင်း ဒေတာ့အခန်းသော့ခလောက်ကို ဖွင့်ကြည့်လိုက်ရာ အခန်းတံခါးက ချက်ချင်းပွင့်သွားသဖြင့် ထင်ကို လန့်ဖျပ်သွားသည်။

'ဟင်… ဒီလိုကျတော့လည်း လွယ်လိုက်တာ၊ ငါတောင် သူခိုးလုပ်စားလို့ရပြီ'

လီယိုတော်စတွိုင်းရဲ့ ဒိုင်ယာရီစာအုပ်အကြောင်း ဒေတာပြောတုန်းက တစ်နေ့ကျရင် ဒေတာရဲ့ ဒိုင်ယာရီစာအုပ်ကို သူမသိအောင်ဖတ်ပြီး ပက်ဖီယိုရဲ့ အမှုကို ကွင်းဆက်ရှာမည်ဟု ထင်ကို တွေးခဲ့ဖူးပါသည်။

ပက်ဖီယို သရဲနဲ့တွေ့ခဲ့ရတဲ့နေ့တွေကို သူနေ့စွဲအလိုက် မှတ်သားထားသည်။ ဒေတာ့ရဲ့ ဒိုင်ယာရီထဲမှာ အဲဒီနေ့စွဲတွေအတွက် ဘာတွေရေးသားထားမှာလဲ။



အခု ဒေတာမရှိခိုက် သူ့အခန်းတံခါးကို အရဲစွန့်ဖွင့်ကြည့်လိုက်ရာ အခန်းတံခါးက အလွယ်တကူပွင့်သွားသဖြင့် စိတ်က တစ်မျိုးပြန်ပြောင်းသွားပြန်ပါသည်။

'အင်း… တရားခံဘယ်သူလဲဆိုတာ ရှင်းနေပြီပဲ၊ သူ့ဒိုင်ယာရီစာအုပ် ခိုးဖတ်မှတော့ စကားလိမ် စကားဆန်း စကားဝှက် စကားဖွက်တွေနဲ့တိုးပြီး မှန်ပြီးသားအဖြေက မှားနေဦးမယ်၊ တော်ပါပြီ'

ထင်ကိုက အခန်းတံခါးကို ဖွင့်ပြီးကာမှ စိတ်တစ်မျိုးပြောင်းသွားပြီး အသာအယာပြန်ပိတ်လိုက်စဉ်…

'ဒေတာ'

'အင်…'

'ညီ့ရဲ့ လမင်းပုစ္ဆာဝတ္ထု သိပ်ဖတ်လို့ကောင်းတယ်ကွာ၊ ကိုယ်ဖတ်ပြီး ရေလည်ကျွတ်တယ်'

'ဘာကျွတ်တာတုံး'

'ပုဆိုး'

'အာ…'

ထင်ကို သေချင်စော်နံသွားပြန်သည်။

ကိုရှပ် မူးနေပြီ။ ဘယ်လောက်တောင်မူးနေသလဲဆိုရင် ထင်ကို့ကိုတောင် ဒေတာ့အခန်းရှေ့မှာ ရပ်နေတာမြင်ပြီး ဒေတာဟု ထင်နေသည်။

'ညီ… ညီ့ပြိုင်ပွဲကို ကိုယ်လည်းဝင်ပြိုင်မှာနော်'

www.burmeseclassic.com

www.burmeseclassic.com



'ဟင်… တကယ်လား'

'တကယ်ပေါ့၊ ဘာလဲ… အရက်သမား ဝင်မပြိုင်ရဘူးလို့ စည်းကမ်းထုတ်ထားလို့လား'

'အင်… မထုတ်ပါဘူး၊ ပြိုင်ချင် ပြိုင်လေ'

'ကိုယ်သိပါတယ်၊ လမင်းခုနစ်စင်းထဲက အဖြေမှန်ဟာ ဘယ်လမင်းဆိုတာ ညို့ဝတ္တုထဲက လှည့်ကွက်က နည်းနည်းတော့ ရှိတယ်ကွ'

'ဟုတ်လား… ဒါဖြင့် အဖြေမှန်က ဘယ်လမင်းလဲ'

'ယမကာလမင်း'

'အင်…'

ထင်ကို အူတူတူကြီးဖြစ်သွားရပြန်ပါသည်။

ယမကာလမင်းတဲ့။

ဉာဏ်ကြီးရှင်ဒေဝတာများ ကြားသွားလို့ကတော့ အဆိပ်သောက်ပြီးတောင် သေသွားနိုင်ပါသည်။

◆ ◆ ◆

'မင်းပြိုင်ပွဲတစ်ခုကို ဝင်ပြိုင်ရလိမ့်မယ်'

'ဘာပြိုင်ပွဲလဲ'

'အခုထွက်နေတဲ့ လုံးချင်းဝတ္တုကွာ၊ စာရေးဆရာဒေဝတာရဲ့ဝတ္တု၊ နာမည်က လမင်းပုစ္ဆာဆိုလား၊ အဲဒီထဲမှာ



ဉာဏ်စမ်းပဟေဠိပါတယ်၊ အဲဒီပဟေဠိကို မင်းဝင်ပြိုင်ရလိမ့်မယ်'

သစ်ခွနက်က စိတ်ညစ်သွားဟန်နှင့်…

'ကျုပ်… ကျွန်မ အဲဒီအလုပ်တွေ စိတ်မဝင်စားဘူး၊ ကျွန်မက ဘာကြောင့်ဝင်ပြိုင်ရမှာလဲ'

'ကိုယ်တစ်ခုဖြတ်မေးပါရစေဦး၊ လူတစ်ယောက် ရုပ်ဖျက်လာတဲ့အခါ အတု၊ အစစ် ဘယ်လိုခွဲခြားလဲ၊ သိလား'

'ဟင့်အင်း'

'သူ့ငယ်အိမ်၊ ဒါမှမဟုတ် နားရွက်ကိုကြည့်ပြီး ခွဲခြားလို့ရတယ်'

'ရှင်ဆိုလိုတာက'

သူက ဟန်ပါပါပြုံးလိုက်ပြီး…

'ကိုယ်တို့ သရဲဖမ်းပွဲတော် ကျင်းပကြမယ်လေ'

'အို…'

'သိပ်မကြာတော့ပါဘူး၊ အဲဒီသရဲကို ဖမ်းနိုင်တော့မှာ'

'ကျွန်မကြောက်တယ်'

'မကြောက်ပါနဲ့၊ ကိုယ်တို့နှစ်ယောက်တည်းတော့ မဟုတ်ဘူး၊ အမူးသမားတစ်ယောက်ပါမယ်၊ အချွန်နဲ့မတတ်ဘဲ လူပျိုကြီးတစ်ယောက်ပါမယ်၊ ပျော်စရာကြီး၊ အဟီး'

'ရှင် ဘာတွေလျှောက်လုပ်နေတာလဲဟင်'

www.burmeseclassic.com

www.burmeseclassic.com



'လျှောက်လုပ်တာ မဟုတ်ဘူး၊ အမှုမှာ တရားခံက အစောကတည်းက ဘယ်သူဘယ်ဝါဆိုတာ သေချာပြီးသား၊ သက်သေမရှိလို့ လွှတ်ထားပေးတာ'

'နေပါဦး··· အဲဒါ လူလား၊ တစ္ဆေလား'

'လူပါကွာ'

သစ်ခွနက်က ကြောက်လန့်တကြားနှင့် မေးပါသည်။

'ဘယ်··· ဘယ်သူများလဲဟင်'

'စာရေးဆရာ ဒေတာကိုယ်တိုင်ပဲ'

'ဟင်···'

ဒေတာက လုပ်တာကိုင်တာ အထာကျသည်။ နည်းနည်းလည်း ဆရာကြီးဆန်ပါသည်။ ဆုချီးမြှင့်ပွဲသို့ ကိုချွန်၊ ကိုရှုပ်နှင့် သူ့ကို Special Guest အဖြစ် ဖိတ်ကြားထားသည်။ အရင်ဆုံး အဖြေမှန်ပေးပို့သူ အယောက်နှစ်ဆယ်စာရင်းကို စာအုပ်တိုက်မှ တောင်းယူခဲ့ပြီး ထင်ကို့အား ဆရာကြီးလေသံနှင့် ပြောပါသေး၏။

'ဝတ္ထုရေးတယ်ဆိုတာ အထူးသဖြင့် အခုလို ဉာဏ်စမ်းပဟေဠိပါတဲ့ ဝတ္ထုရေးတယ်ဆိုတာ လှည့်ကွက်ကောင်းကောင်း ပါဖို့လိုတယ်ကွ၊ ငါ့ပရိသတ်တော်တော်များများက ပန်းနုလမင်းထင်ပြီး စာအုပ်တိုက်ကို ပန်းနုလမင်းလို့ ဖြေပြီး ပို့ကြတယ်၊ အဲဒီမှာတင် လူတော်တော်များများ ဆုနဲ့လွဲသွားကြတာပဲ။ တကယ့်တကယ်က အဖြေမှန်က သော်တာလမင်းလေ၊ အဖြေမှန်ဖြေနိုင်တဲ့သူ တော်တော့်ကိုနည်းတာ၊ ဒီအထဲမှာမှ အဖြေမှန် အမြန်ဆုံးပေးပို့နိုင်သူ အယောက်နှစ်ဆယ်ထဲမှာ သစ်ခွနက်မပါဘူးဆိုတော့ ထင်ကိုရေ မင်းရဲ့ ခွေးလယားသီးထော်လာဂျီလေးက ဉာဏ်တုံးတဲ့အထဲတော့ ပါမယ်ထင်တယ်ကွ၊ အဟား'



'ဉာဏ်တုံးတယ်ပဲ ထားပါတော့၊ ဒါပေမဲ့ ဟိတ်ကောင်၊ အဲဒီပွဲကို အဖြေမှန်ပေးပို့သူ အယောက်နှစ်ဆယ်ထဲက တစ်ယောက်အနေနဲ့ မဖိတ်နိုင်ရင်တောင် မင်း Special Guest ရဲ့ Partner တစ်ယောက်အဖြစ်တော့ ဖိတ်ပါကွာ၊ လုပ်ပါ၊ မင်းရဲ့ပွဲကို ငါတို့ သိုက်သိုက်ဝိုင်းဝိုင်း ဂုဏ်ပြုချင်လို့ပါ'

'အေးလေ··· ဖိတ်လိုက်ပါ'

ထိုသို့ ဉာဏ်ကြီးရှင် ခေါင်းညိတ်လေတော့မှ ထင်ကိုသက်ပြင်းချနိုင်ပါတော့သည်။ သို့နှင့်···

❖ ❖ ❖

www.burmeseclassic.com

www.burmeseclassic.com

'ဘယ်လိုလဲ ထင်ကို၊ သူ့ကို ဒီနေ့အဖို့ ကျွန်မ စကားပြောခွင့်ရပါဦးမလား'

'စောင့်ကြည့်ပါဦး၊ ဒီကောင် အောင်ပွဲခံနေတာ မတွေ့ဘူးလား၊ ပွဲက မပြီးသေးပါဘူး'

တကယ်တော့ ပွဲက ပြီးသွားပါပြီ။ အောင်အောင်မြင်မြင် ခမ်းခမ်းနားနားနဲ့ကို ကျင်းပပြီးစီးသွားပါသည်။

စာနယ်ဇင်းမှ ပုဂ္ဂိုလ်များ၊ သတင်းထောက်များလည်း စုံစုံလင်လင်။

ဆုရရှိသွားသူမှာ မဟာဉာဏ်ကြီးရှင်မို့ ပြောဖို့နေနေသာသာ ဒေတာရဲ့ ခေါင်းအလွန်စားလွန်းသော ဝတ္ထုများကို ကိုင်တောင်ကြည့်ဖူးရဲ့လားလို့ မေးယူရလောက်တဲ့ အသက်ဆယ့်ရှစ်နှစ်အရွယ် အူတူတူ အတတ ကောင်မလေးတစ်ယောက်။ နာမည်က နွယ်သဇင်ကိုတဲ့။

ပါးမှာ သနပ်ခါးပါးကွက်ကျားကလေး ကွက်ထားပြီး ခပ်နွမ်းနွမ်းဝမ်းဆက်ကလေးကို သပ်သပ်ရပ်ရပ်ဝတ်ဆင်ထား



ကာ စင်ပေါ်ကို ခပ်ရွံ့ရွံ့ကလေး တက်ပါသည်။ ဆုကို ပလက်ပေါက်ထဲ လက်နှိုက်တော့မည့်သူလို မရဲတရဲယူပါသည်။

ဩော်… ကံထူးရှင် ဉာဏ်ကြီးရှင်ဆိုတာ ဒီလိုမိန်းကလေးမျိုးလားကွယ်။ ဆယ်သိန်းရရင် ဘာများလုပ်မှာပါလိမ့်။ ရပ်ကွက်ထဲမှာ အူတူတူနဲ့ ငွေတိုးပေးစားမိလို့ သုံးလလောက်နဲ့ အလိမ်ခံလိုက်ရပြီး ပလုံဦးမှာ မြင်ယောင်မိသေး။

ပွဲပြီးသွားတော့ ဒေတာက သူတို့အနားရောက်လာပြီး…

'ထင်ကိုနဲ့ ကိုချွန် မပြန်ကြနဲ့ဦး၊ မင်းတို့ကို ငါနေ့လယ်စာသီးခြားကျွေးပြီး ညှေ့ခံဦးမှာ၊ ဒါနဲ့ ကိုရှပ်တစ်ယောက်ရော'

'စောစောကတောင် တွေ့လိုက်မိသေးတယ်၊ ပြန်များသွားပြီလား မသိဘူး'

ကိုချွန်က ထုံးစံအတိုင်း အချွန်နဲ့ ခပ်ပါးပါးကလေးဝင်မသွားတာကို ဒေတာက ခေါင်းတဆတ်ဆတ်ညိတ်ရင်းသိပ်အလုပ်ရှုပ်ပြနေတာမို့ ထင်ကို မနည်းတားလိုက်ရပြီး…

'ဒေတာ နေဦး'

'အင်း… ပြော'

'မိတ်ဆက်ပေးမလို့၊ သူက သစ်ခွနက်တဲ့။ ဟို ငါ့ရဲ့ ခွေးလယားသီးထော်လာဂျီ'

သစ်ခွနက်က ခွေးလယားသီးထော်လာဂျီရဲ့ အနက်

www.burmeseclassic.com

www.burmeseclassic.com



အစိပ္ပာယ်ကို မသိသူမို့ ပေကြောင်ပေကြောင်နှင့် ခေါင်းညိတ်ပြပါသည်။

ဒေတာကတော့ အကြည့်မည်းမည်းနှင့် ကြည့်ပြီး ပြုံးပြသွားပါ၏။ (အကြည့်မည်းမည်းဆိုသည်မှာ အကြည့်နက်နက်ကို ဆိုလိုခြင်းဖြစ်ပါသည်။)

❖ ❖ ❖

ဒေတာရဲ့ နေ့လယ်စာညှော်ခံပွဲက လူနည်းနည်းနှင့် စိုစိုပြည်ပြည်ရှိလှသည်။ ကိုချွန်က နည်းနည်းချရအောင်လို့ ချွန်ထားသဖြင့် ရက်(ထ်)လေဘယ်လည်း တစ်ပုလင်းမှာလိုက်ပြီး သူတို့သုံးယောက် Gentleman သောက် သောက်ကြပါသည်။ သစ်ခွနက်ကတော့ အများစီးပေါ့။ (အများစီးဆိုလို့ ဖိနပ်ကို ပြောခြင်းမဟုတ်၊ အမြည်းစားဟု ဆိုလိုပါသည်။)

ဒေတာပြုစုသော ပင်လယ်စာများက တန်ဖိုးကြီးဟင်းလျာများဖြစ်သလို စားလို့လည်း ကောင်းပါသည်။ သို့သော် ထင်ကို နည်းနည်းချွေးပြန်နေသည်။ ကိုရုပ်တစ်ယောက်က ဘာမှသိတာမဟုတ်။ သင်ထားတဲ့အတိုင်း ဖြစ်လာပါ့မလား။

နာရီကို မသိမသာကြည့်ကာ ကိုချွန်ကို အကဲခတ်တော့ သူက အေးဆေးပါဆိုတဲ့ အထာနဲ့ မသိမသာ ခေါင်းယမ်းပြစဉ်...

ဟိုတယ်၏ သီးသန့်ခန်းသို့ ဒယိမ်းဒယိုင်ဝင်လာသော

www.burmeseclassic.com

www.burmeseclassic.com



လူတစ်ယောက်။ ပုစွန်တုပ်များကို မီးကင်ကာ သံပရာရည် ညှစ်ထားသော ပုစွန်နံ့သင်းသင်း စားပွဲဝိုင်းကလေးမှာ ပုပ်အဲ့ အဲ့အနံ့တချို့ ထောင်းခနဲထွက်လာသည်။

သူက တစ်ခွန်းချင်းခေါ်လိုက်သည်။ အသံက အေး တိအေးစက်။

'ကျော်… မိုး… နိုင်'

'ဟင်…'

စစ်သူကြီးတစ်ယောက်လို အောင်ပွဲခံနေတဲ့ ဒေတာ မှာ ပုပ်အဲ့အဲ့အနံ့နဲ့အတူ ကျော်မိုးနိုင်ဆိုတဲ့ အသံလည်းကြား ရော ထခုန်မတတ် လန့်ဖျပ်သွားလေတော့သည်။

ပွဲက အခုမှ စပါပြီ။

'ခင်… ခင်ဗျာ'

'ဟုတ်တယ်၊ အစ်ကိုလေ'

'ဟာ…'

ဒေတာ ဟာသွားပြန်ပါသည်။ ချွေးသီးချွေးပေါက် များပင် သီးနေသေးတော့၏။

'အဆောင်က မင်းရဲ့ အစ်ကိုလေကွာ၊ ထိုင်မယ်နော်'

အခြေအနေက ရင်သပ်ရှုမောဖွယ်ကောင်းလှသည်။ ထိုသူက သစ်ခွနက်တို့သုံးယောက်ကို တစ်စက်ကလေးမှ အရေးမစိုက်မိဘဲ ဒေတာနှင့်သာ ပြောပါသည်။ ဒေတာ့ခမျာ မှာတော့ ထိုင်ရမလို ထရမလို။



'အစ်ကို ဘာလာလုပ်တာလဲ'

'ညီ့ကို လာဂုဏ်ပြုတာ'

'မဖြစ်နိုင်တာ၊ အစ်ကိုက သေလူလေ'

'သေလူ၊ ဟုတ်ပါတယ်ကွာ၊ အစ်ကိုက သေလူပါ၊ ညီ့ညှော်ခံပွဲကို လာဂုဏ်ပြုတာ၊ ဘာလဲ ညီ၊ ဒီပွဲကို အရက် သမားတက်ခွင့်မရှိဘူးလား၊ ညီ ဘာကိုကြောက်နေတာလဲ'

သို့မှ ဒေတာက ငိုသံပါကြီးနှင့် ပြောပါလေတော့ ၏။

'ကြောက်တာပေါ့ဗျ၊ အစ်ကို့မျက်ကွယ်မှာ ညီ အစ်ကို့ အတွက် ခံပြင်းလွန်းလို့ သစ်ခွနက်ဆိုတဲ့ ဟောဒီမိန်းကလေး ကို အမြဲတမ်းကြောက်လန့်နေအောင် လှည့်စားပြီးခြောက်ခဲ့ တယ်၊ တစ်နေ့ တစ်နေ့ သူ့ကို ဘယ်လိုဒုက္ခပေးရမလဲဆိုတာ ပဲ စဉ်းစားတယ်၊ ညီ အစ်ကို့နေရာမှာ ဝင်ပြီး တစ္ဆေယောင် ဆောင်တယ် အစ်ကိုရယ်၊ ညီမှားပါတယ်၊ မှားပါတယ်'

'ဟင်… အစ်ကို့ရုပ်က သရဲရုပ်ပေါက်နေလို့လား၊ ညီက ဘာလို့ အဲလိုလုပ်ရတာလဲ'

ကိုရှုပ်ကလည်း ဘုမသိ ဘမသိ။ ဒေတာကလည်း ကြောက်ကြောက်နဲ့ အကုန်ဖွင့်ချတော့မည့်သူ။ သြော်… နည်း နည်းမူးတဲ့သူနဲ့ များများမူးတဲ့သူတွေ ဆုံကြရင် ဒီလိုပဲ လျှို့ဝှက် ချက်တွေ ပေါက်ကြားကုန်သတဲ့လား။

'ဘာလို့ အဲလိုလုပ်ရတာလဲဆိုတော့ အစ်ကို့အတွက်

www.burmeseclassic.com

www.burmeseclassic.com



ညီ သူ့ကို လက်စားချေပေးတာလေ၊ အစ်ကို သူ့ကြောင့် သေခဲ့ရတာ မဟုတ်လား'

'ဟိတ်ကောင်… ငါမသေဘူး၊ အလတ်ကြီး'

ထိုသူက ထိုင်နေရာမှ မတ်တတ်ထရပ်လိုက်ကာ စားပွဲကို လက်သီးနှင့် ထုပါလေတော့၏။ ဒေတာ့ခမျာ ကြောက်ကြောက်နှင့် ဘုရားစာတချို့ရွတ်လိုက်ပြီး…

'အစ်ကိုရယ်… အမျှ… အမျှ… အမျှပါကွာ'

'ဟာကွာ… ဒီကောင် ငါ့ကို လူရှေ့သူရှေ့ခေါ်ပြီး စော်ကားနေပြန်ပါပြီ'

'ပြောပြီးပါပကောလား အစ်ကိုရယ်၊ အစ်ကို့ကို စော်ကားသလိုဖြစ်ခဲ့ရင် တောင်းပန်ပါတယ်၊ အစ်ကို သူ့ကြောင့် သေခဲ့ရတာကို'

'ဟိတ်ကောင်… နေဦး… နေဦး… ငါဖြတ်မေးပါရစေဦး၊ 'သေ'ဆိုတာ ဘာကိုပြောတာလဲ၊ တရားသဘောနဲ့ ပြောတဲ့ သေခြင်းတရားလား၊ မာလကီးယားကို ပြောတာလား'

'မာလကီးယားတာကို ပြောတာလေ'

'နေစမ်းပါဦး၊ မင်းက ငါ့ကို ဘယ်သူနဲ့မှားနေတာတုံး'

'အစ်ကို… မျိုးမင်းမင်းသိန်း မဟုတ်ဘူးလားလို့'

'ဖွဟဲ့… ထွီ…'



သို့မှ ကိုရှပ်က နည်းနည်းအမူးပြေသွားပြီး သူ့မေးစေ့အောက်က ကျစ်ဆံမြီးမုတ်ဆိတ်ကို ပွတ်ကြည့်လိုက်သည်။

မရှိတော့။

'ဟယ်'

သို့မှ အမူးသမားကြီး ထိုင်နေရာကနေ ဝုန်းခနဲ ထလိုက်ပြီး သီးသန့်ခန်းကို ကာရံထားတဲ့ မှန်အမည်းချပ်ရှေ့မှာ သူ့ကိုယ်သူ ရပ်ကြည့်လိုက်သည်။

အခြေအနေက ပိုမိုရှုပ်ထွေးသွားပြန်သည်။ ကိုရှပ်က မျိုးမင်းမင်းသိန်း ချွတ်စွပ်ဖြစ်သွားတဲ့ သူ့ကိုယ်သူ လုံးဝနားမလည်နိုင်တော့ဘဲ…

'အောင်… မ… လေး သရဲခြောက်တယ်ဗျ'

လို့ အော်ကာ သတိလစ်သွားပါ၏။

ပွဲက မဆုံးသေးပါ။

အခုမှ စပါသည်။

သစ်ခွနက်က စကားပြောရန် 'အဟမ်း'ဟု ခံတွင်းရှင်းလိုက်သည်။

❖ ❖ ❖

www.burmeseclassic.com

www.burmeseclassic.com

'ဘာကြောင့် ကျွန်မကို အဲဒီလိုလုပ်ရတာလဲ'

အေးတိအေးစက်နိုင်ပေမယ့် တစ်ဖက်လူကို ကသိကအောက်ဖြစ်စေလောက်တဲ့ အသံနေအသံထားနှင့် သစ်ခွနက်က မေးပါသည်။

အောင်ပွဲခံနေသည့် ဒေဝတာမှာ ချက်ချင်းပင် တရားခံတစ်ယောက်လို မျက်နှာသေလေးနှင့်···

'တကယ်တော့ မျိုးမင်းမင်းသိန်းဆိုတာ ကျွန်တော့်အစ်ကိုပါ၊ အစ်ကိုဆုံးပြီဆိုတော့ ကျွန်တော် နယ်မှာပဲရှိပါတယ်၊ မူးယစ်ဆေးဝါးနဲ့ ဆုံးတာဆိုတော့ မယုံကြည်နိုင်လောက်အောင်ပဲ ဖြစ်ရတယ်၊ အစ်ကိုက ဒီလိုလူစားထဲက မဟုတ်ဘူးလေ၊ စိတ်တော့ နာတယ်၊ အဲဒါ မသက်သာလို့ စမ်းကြည့်လိုက်တော့ မိန်းမတစ်ယောက်အတွက် အသက်ကို ပေးဆပ်သွားတယ်လို့ သိရတယ်၊ မေတ္တာစစ် မေတ္တာမှန်၊ အချစ်စစ် အချစ်မှန်ကို တန်ဖိုးမထားတတ်တဲ့ မိန်းမတစ်ယောက်ကို ဆုံးမပစ်မယ်ဆိုပြီး ကျွန်တော် ရန်ကုန်တက်လာခဲ့တယ်'



သစ်ခွနက်က နှုတ်ခမ်းကို ဖိကိုက်ကာ မဲ့ပြုံးတစ်ချက်ပြုံးပါသည်။ ကိုချွန်နှင့် ထင်ကိုကတော့ ဆိတ်ဆိတ်။ ကိုရုပ်ကြီးကတော့ အခုအထိ သတိလည်မလာသေး။ ဘယ်သူမှလည်း သူ့ကို သတိလည်လာအောင် လုပ်မပေးကြ။ အချိန်တန်တော့ သူ့ဘာသာ သတိလည်လာလိမ့်မယ်လို့ ပစ်ထားကြတဲ့သဘော။

'ကျွန်တော်က နယ်မှာတကည်းက စာရေးဆရာဖြစ်ချင်တဲ့ကောင်ဆိုတော့ ဘယ်ကိစ္စမှာမဆို ဟိုစပ်စပ် ဒီစပ်စပ်သိတယ် တတ်တယ်၊ ရုပ်ပြောင်းရုပ်လွှဲပညာကို တီးမိခေါက်မိတယ်၊ အဲလိုနဲ့ အခွင့်အရေးပေးတိုင်း အစ်ကို မျိုးမင်းမင်းသိန်းလို ရုပ်ဖျက်ပြီး သစ်ခွနက်ကို ကြောက်အောင် လန့်အောင် အမြဲပဲခြောက်လှန့်နေခဲ့မိပါတယ်၊ တစ်စပ်တည်းမှာပဲ ရန်ကုန်ရောက်တုန်း စာရေးဆရာဖြစ်အောင် ကြိုးစားခဲ့တယ်'

'ဒီကောင် ပေါက်တတ်ကရလေးတွေသာ ပြင်လိုက်မယ်ဆိုရင် တော်တော်ကြီးပွားမယ့်ကောင်'လို့ စိတ်ထဲမှာ မှတ်ချက်ပေးရင်း ထင်ကို ခေါင်းတညိတ်ညိတ်နှင့် နားထောင်နေလိုက်သည်။

'ဒါပေမဲ့ပေါ့ဗျာ၊ မကောင်းမှုဆိုတာ ဆိတ်ကွယ်ရာမရှိဆိုတဲ့ စကားကို ကျွန်တော် ထောက်ခံပါတယ်၊ တစ်နေ့နေ့တစ်ချိန်ချိန်မှာ ကျွန်တော်ရှုပ်ထားတဲ့ကိစ္စ ဗူးပေါ်သလိုပေါ်မယ်ဆိုတာ သိထားပေမယ့် လုပ်တိုင်း လုပ်တိုင်းအောင်

www.burmeseclassic.com

www.burmeseclassic.com



မြင်နေတော့ လက်ရဲဇက်ရဲဖြစ်လာတယ်၊ အဲဒီလိုလုပ်လို့ ဘာအကျိုးအမြတ်ရှိလာလဲဆိုတော့ စိတ်ကျေနပ်မှုပေါ့၊ စိတ်ကျေနပ်မှုအကြီးကြီး ရရလာခဲ့တယ်'

'သြော်... သြော်'

'ပြောပါ မသစ်ခွနက်၊ ကျွန်တော် ယောကျ်ားပါ၊ လုပ်ရဲရင် ခံရဲပါတယ်၊ ကျွန်တော် မသစ်ခွနက်အပေါ် ပြုမူဆောင်ရွက်ခဲ့တာတွေဟာ ပုဒ်မတပ်ပြီး တရားစွဲလို့ရလောက်အောင်အထိ ကြီးမားခဲ့ပါတယ်၊ ကျွန်တော့်ကို ရဲတိုင်ချင်သလား၊ အမှုဖွင့်ချင်သလား၊ တစ်ခုခုပေါ့၊ လောကမှာ ကျွန်တော် တန်ဖိုးအထားဆုံးက အစစ်အမှန်ပဲ၊ လောကကြီးမှာက အတုအယောင်တွေ သိပ်ပေါတယ်လေ၊ ကျွန်တော့်အစ်ကိုဟာ သစ်ခွနက်ကို ချစ်ခြင်းမေတ္တာအစစ်အမှန်နဲ့ကို ချစ်ခဲ့တာပါ'

သစ်ခွနက်က တစ်ချက်ပြုံးပါသည်။ နောက်တော့ လေးလေးနက်နက်နှင့် ပြောပါ၏။

'ကောင်းပြီလေ၊ ကျွန်မ သေချာအောင် ထပ်မေးချင်ပါသေးတယ်၊ ရှင်ဟာ တကယ်ကို လောကကြီးဆီကနေ အစစ်အမှန်ကိုပဲ တန်ဖိုးထားတာလား'

'ဟုတ်ကဲ့'

'ကျွန်မ ရှင့်ကို ရဲမတိုင်ပါဘူး၊ အမှုလည်း မဖွင့်ပါဘူး၊ ဒါပေမဲ့ တစ်ခုတော့ တောင်းဆိုချင်တယ်'



'ပြောပါ၊ ကျွန်တော် ဘာများလုပ်ပေးရမလဲ'

'မနက်က ကျင်းပခဲ့တဲ့ ပွဲလိုမျိုးပဲ ရှင် ပွဲတစ်ပွဲကျင်းပပေးရမယ်'

'ဟုတ်ကဲ့... ဘယ်လိုပွဲမျိုးလဲ'

'အဲဒီကိစ္စမဆွေးနွေးခင် ကျွန်မ ရှင့်ကို တစ်ခုဝန်ခံချင်သေးတယ်'

'ဟုတ်ကဲ့... ဝန်ခံပါ'

'ကျွန်မ ရှင့်ရဲ့ ပဟေဠိပြိုင်ပွဲကို လုံးဝဝင်မပြိုင်ခဲ့ဘူးဆိုတာပါပဲ'

'ဗျာ'

'ဘယ်ဆိုးလို့လဲ အလာကြီးပဲ'လို့ ထင်ကို သစ်ခွနက်ကို မှတ်ချက်ချမိပါသည်။

ကိုယ့်ကို နှောင့်ယှက်ခဲ့တဲ့ ယောကျ်ားတစ်ယောက်ကို တုံ့ပြန်နေတာဟာ တခြားတခြားသော မိန်းမတွေလို ရှုံ့ရှုံ့ရှဲရှဲမဆန်ဘဲ တစ်ဆင့်ချင်း တစ်ဆင့်ချင်းကို ပညာပါပါနှင့် ထောက်ပြတတ်လွန်းပါသည်။

'ဘာ... ဘာဖြစ်လို့လဲဟင်'

'ရှင့်ပြိုင်ပွဲကို တရားသေဝင်ပြိုင်မှာပဲလို့ အပိုင်တွက်ထားတဲ့ ရှင့်ကို အနိုင်နဲ့ပိုင်းလိုက်တာပဲလေ'

'သြော်...'

ဒေတာ ကြောင်စီစီနှင့် 'သြော်'လိုက်ရသည်။

www.burmeseclassic.com

www.burmeseclassic.com



'ဒါဆို ကျွန်မ ကျင်းပပေးစေချင်တဲ့ ပြိုင်ပွဲအကြောင်း ပြောလို့ရပြီလား'

'ဟုတ်ကဲ့… ပြောပါ'

'ရှင်လို အစစ်အမှန်ကို တန်ဖိုးထားလွန်းသူတစ်ယောက်အတွက် ဒါကို လုပ်ကိုလုပ်ရမယ်၊ 'ငွေဆယ်သိန်းဆုချီးမြှင့်ခြင်းအား ပြန်လည်ရယူလိုမှု'ဆိုတဲ့ ပွဲတစ်ပွဲကျင်းပပြီး ရှင်ဆုချခဲ့တဲ့ နွယ်သဇင်ကိုဆီကနေ ငွေဆယ်သိန်းပြန်တောင်းရလိမ့်မယ်'

'ဗျာ… ဘာ… ဘာဖြစ်လို့လဲဟင်'

'ရှင်းပါတယ်၊ နွယ်သဇင်ကို ရှင့်ပဟေဠိဆုကို ရဖို့ မပြောနဲ့၊ လုံးချင်းဝတ္ထုကို ဖတ်ဖို့နေနေသာသာ စာတောင် ကောင်းကောင်းဖတ်တတ်တာ မဟုတ်ဘူး'

'ဟာ… ဘယ်… ဘယ်လိုတွေဖြစ်ကုန်တာလဲ'

'သူ့ကို ငွေဆယ်သိန်းရအောင် နောက်ကနေ ဖြေဆိုပေးခဲ့တဲ့သူကြောင့် သူ ဆယ်သိန်းဆုရသွားခဲ့တာပါ'

ဒေတာ နည်းနည်းဒေါကန်သွားသည်။ မျက်နှာလည်း တင်းသွားသည်။ ပရိသတ်ကို ခေါင်းစားချင်တဲ့ စာရေးဆရာ၊ ပရိသတ်က ပြန်လည်ခေါင်းစားတာကို အမှတ်မထင် ခံလိုက်ရတာကိုး။

'ပြော ဘယ်သူလဲ'

'ကျွန်မပဲ'



ပွဲက လုံးဝအထွတ်အထိပ်ရောက်သွားပြီ။ ရှုံးနိမ့်ခြင်း၊ ရှက်ခြင်း၊ ခံပြင်းဒေါသထွက်ခြင်းတွေ ရောပြွမ်းနေတဲ့ ဒေတာ၊ အံကို ခပ်တင်းတင်းကြိတ်ထားသည်။

ကိုချွန်ကလည်း ထိုကိစ္စကို လုံးဝအံ့အားသင့်သွားသလို ထင်ကိုလည်း သစ်ခွနက်ကို ဖြုံသွားသည်။

ဩော်… တကယ်ဆုရသွားသူက ပက်ဖီယိုကိုး။ ဘာလို့ ဒီကိစ္စ သူ့ကို ဖွင့်မပြောရတာလဲ။ ပက်ဖီယို နည်းနည်းတော့ ပညာရှိဆန်လွန်းပြီ။

'ဒီကိစ္စမှာကတော့ ကျွန်မ ရှင့်ကို အနိုင်နဲ့ပိုင်းခဲ့တာမဟုတ်ဘူး၊ ကျွန်မ လူသားဆန်လိုက်တာပါ'

သစ်ခွနက်က ဆက်ပြောသည်။

'ငွေဆယ်သိန်းဆိုတာ ကျွန်မတို့အတွက် ဘာမှမဟုတ်ပါဘူး၊ ဒါပေမဲ့ နွယ်သဇင်ကိုအတွက်ကျတော့ သိပ်ကိုလိုအပ်နေတယ်။ သူ့အမေက ဆေးရုံပေါ်မှာ၊ ဆေးကုနေရင်းတန်းလန်းနဲ့ ဆေးမဝယ်နိုင်လို့ သေမလား ရှင်မလားဖြစ်နေတဲ့အချိန် ငွေကို ဘယ်လိုနည်းနဲ့ရရ သူသိပ်လိုချင်နေတဲ့အချိန်။ ဒါနဲ့ ထင်ကိုကလည်း ပြောထားတာနဲ့ ကျွန်မ ရှင့်ဝတ္ထုကို ဖတ်ခဲ့တယ်။ ရှင် ဝတ္ထုရေးတာ တော်ပါတယ်။ လှည့်ကွက်ကလေးတွေ အင်မတန်လှတယ်၊ အဖြေကို သေသေချာချာစဉ်းစားကြည့်တော့ ပန်းနုလမင်းမဟုတ်ဘဲ သော်တာလမင်းဖြစ်နိုင်တာကို သိလိုက်ရတယ်၊ ဒါနဲ့ ကျွန်မ နွယ်သဇင်ကိုကို အကျိုး

www.burmeseclassic.com

www.burmeseclassic.com



အကြောင်းပြောပြပြီး သူနာမည် မှတ်ပုံတင်၊ နေရပ်လိပ်စာတွေနဲ့ လျှောက်လွှာကို မြန်မြန်ဖြည့်ခိုင်းပြီး အမြန်ဆုံးပို့ခိုင်းခဲ့ပါတယ်၊ အဖြေမှန်ကို သူ့ကို ပေးနိုင်ခဲ့ပေမယ့် ဆုရဖို့ ကံတရားကကျတော့ အပုံ ၂၀ မှာ တစ်ပုံမဲ့ သူ့မှာရှိတာလေ၊ ဘယ်လိုပဲဖြစ်ဖြစ် ငွေသိပ်လိုအပ်နေတဲ့လူတစ်ယောက် သူလိုချင်တဲ့ငွေ ရသွားတာ ကျွန်မတို့ ဝမ်းသာသင့်ပါတယ်'

'ဒါပေမဲ့…'

ဒေတာက ဒါပေမဲ့လို့ ပြောပြီးကာမှ နင်သွားပုံရပြီး စကားကို ခဏနားလိုက်ကာ…

'ကျွန်တော့်ရဲ့ Object တစ်ယောက်က (အပြုခံရသူ) မွန်မြတ်တဲ့ကိစ္စတစ်ခုအတွက် ကျွန်တော့်ဆီကနေ လှည့်ဖြားပြီး ငွေယူသွားတာလေ၊ ကျွန်တော် သိက္ခာကျပါတယ်၊ အဲဒီငွေဆယ်သိန်းကို ကျွန်တော် ပြန်တောင်းပေးမယ်၊ မသစ်ခွနက်လက်ထဲရောက်တော့မှ ကြိုက်တာဆုံးဖြတ်ပါ၊ ဒါဟာ အစစ်အမှန်ကို တန်ဖိုးထားတတ်တဲ့ ကျွန်တော့်စိတ်ရင်းကို ကိုယ်စားပြုတဲ့ ဆုံးဖြတ်ချက်ပါ'

သူပြောတဲ့ Object ဆိုတာ သစ်ခွနက်ကို ဆိုလိုကြောင်း သူမ ကောင်းကောင်းသဘောပေါက်လိုက်သည်။

ပွဲက မပြီးသေး။

နောက်တစ်ဆင့်မြင့်တဲ့အထွတ်အထိပ်တစ်ခုဆီ ရောက်သွားပြန်ပါသည်။



'ကျွန်မ ရှင့်ကို ကောင်လေးတစ်ယောက်အကြောင်း ပြောပြမယ်'

သစ်ခွနက်က ထိုသို့ နိဒါန်းပျိုးလိုက်ပြီး ထင်ကိုဆီ အကြည့်တစ်ချက်ဝဲလိုက်ပါသည်။

'တစ်ခါတုန်းက ညနေခင်းတစ်ခုမှာ ကောင်လေးတစ်ယောက်ဟာ သူနဲ့ ကောင်မလေးတစ်ယောက် ဆုံခဲ့ဖူးတဲ့နေရာဆီ ရောက်လာခဲ့ပြီး သူ့စိတ်ကူးစိတ်သန်းတချို့ကို မှတ်ဆေးပန်းချီနဲ့ နံရံချပ်မှာ မှတ်တမ်းတင်ခဲ့တယ်'

'ဟင်…'

ဒေတာလည်း 'ဟင်'သွားရသလို ထင်ကို့ရင်ထဲမှာလည်း 'ဟာ'သွားရသည်။

'အဲဒီမှတ်ဆေးပန်းချီဟာ အဲဒီကောင်မလေးကို ရည်ညွှန်းဖွဲ့ဆိုခဲ့ပုံပေါက်တယ်၊ ကောင်မလေးက အဲဒါကို ခပ်ဝေးဝေးက မြင်ခဲ့မှန်း သူ မသိခဲ့ပါဘူး၊ တစ်ရက်မှာတော့ လူတစ်ယောက်ဟာ အဲဒီနံရံပေါ်က မှတ်ဆေးပန်းချီကို ဓာတ်ပုံရိုက်ယူခဲ့ပါတယ်၊ နောက်ပြီးတော့ သူ့ဘာသာ အနုက်အစိပ္ပာယ်တစ်မျိုးသွင်းလိုက်ပြီး သူ့ကိုယ်ကျိုးအတွက် အသုံးချခဲ့တယ်၊ သူဟာ အဲဒီပုံကို သူ့စာအုပ်မှာ ထည့်ရေးခဲ့တယ်၊ ပဟေဠိပြိုင်ပွဲဆိုပြီး ကြီးကြီးကျယ်ကျယ်လုပ်ခဲ့တယ်၊ ဉာဏ်ကွန့်မြူးမှုနဲ့ ဆင့်ပွားတွေးခေါ်တတ်မှုရှုထောင့်က ကြည့်မယ်ဆိုရင်တော့ အဲဒီလူကို ကျွန်မ ချီးကျူးပါတယ်၊ ဒါပေမဲ့ ကျွန်မ တစ်ခု

www.burmeseclassic.com

www.burmeseclassic.com



စဉ်းစားမိတာက ဆုရသွားသူဟာ အတုအယောင်ဖြစ်ခဲ့ရင်တောင် ဆုချတဲ့လူဟာ ဘာကြောင့်အစစ်အမှန်ဖြစ်မလာခဲ့ရတာလဲ'

'.... .... ....'

စကားဝိုင်းက လုံးဝတိတ်ဆိတ်သွားလေပြီ။

ဒေတာကတော့ ဘယ်လောက်ရှက်နေမယ်ရယ် မသိ။

ပက်ဖီယိုနဲ့ပတ်သက်ပြီး ထင်ကို့ရှင်ခုန်သံတွေကတော့ တစ်စတစ်စ လေးနက်လာခဲ့သည်။

'အဲဒီလူဟာ ဘယ်သူလဲဆိုတာ ရှင်သဘောပေါက်မှာပါနော်၊ ရှင်ကိုယ်တိုင်ကရော အစစ်အမှန်ဟုတ်ခဲ့ရဲ့လား'

'.... .... ....'

'ကောင်းပြီ... အဲဒီမှတ်ဆေးပန်းချီဆရာဟာ သူဆွဲထားတဲ့ပုံ ရှင်ကူးချလိုက်တာ သိရက်နဲ့ နှုတ်ဆိတ်နေခဲ့သလို သူရည်ညွှန်းခဲ့တဲ့ အဲဒီကောင်မလေးကိုလည်း အခါအခွင့်သင့်ခဲ့ရင်တောင် ပြောမပြခဲ့ပါဘူး၊ သူ့ကို လူတကာက ပေါက်တတ်ကရ အမြဲလုပ်တတ်တဲ့ကောင်လေးလို့ပဲ မြင်ကြတယ်၊ ဒါပေမဲ့ သူ့ရဲ့သဘောထားကြီးမှုကို ဘယ်သူ့ကိုမှ မြင်အောင်မပြခဲ့ဘူး၊ အဲဒီလူက တခြားမဟုတ်ဘူး။ ရှင့်ရှေ့မှာ ထိုင်နေတဲ့ထင်ကိုပဲ'

'ဟာ...'

ဒေတာ ထိုင်နေရာကနေ ဝုန်းခနဲထရပ်လိုက်သည်။



သစ်ခွနက်ကတော့ ပြောလက်စမဆုံးသေးတဲ့ သူမစကားကို ဆက်လက်ပြောပါသည်။

'အဲဒီကောင်မလေးကလည်း တခြားသူမဟုတ်ပါဘူး၊ သစ်ခွနက်ဆိုတဲ့ ကျွန်မပါပဲ'

ဒေတာ့ပါးပြင်ထက်မှာ မျက်ရည်တစ်စက် ကျသွားသည်။

'မင်းတို့နှစ်ယောက်စလုံး ငါ့ကို လူကြီးလူကောင်းဆန်ဆန် အနိုင်ယူသွားကြတာကိုး၊ ငါခံလိုက်ရတာ ကျေနပ်ပါတယ်၊ ဒီပွဲမှာ ငါရှုံးပါတယ်၊ ငါကျေကျေနပ်နပ်နဲ့ကို အရှုံးပေးပါတယ်၊ ငါသွားပြီ'

အရှုံးသမားက ကစားပွဲမှ ထွက်သွားလေပြီ။

သရဲဖမ်းပွဲတော်က လုံးဝပြီးဆုံးသွားပါပြီ။

သို့မှ ရှင်သပ်ရှုမောဖြစ်နေတဲ့ ကိုချွန် သတိဝင်လာပြီး...

'ဟ... ငါ့ကောင်တွေ၊ ကိုရှုပ်ကို သတိလည်လာအောင် လုပ်ပေးကြဦး၊ တော်ကြာ သူပါ မျိုးမင်းမင်းသိန်းလမ်းစဉ် လိုက်နေဦးမယ်၊ သူ့မျက်နှာမှာ ကိုင်ထားတဲ့ ပလာစတာတွေ ဖျက်ပေးလိုက်ကြရအောင်'

သို့မှ ကိုရှုပ်မျက်နှာ တပ်ထားတဲ့ နှာခေါင်းတု၊ မေးချွန်တုနဲ့ ကိုင်ထားတဲ့ ပလာစတာတွေ ခွာချပေးသည်။ ပိတ်စတစ်ခုခံပြီး ကပ်ထားတဲ့ မုတ်ဆိတ်ကျစ်ဆံမြီးကိုလည်း

www.burmeseclassic.com

www.burmeseclassic.com



ဆွဲချပေးရသလို ဆံပင်အတုကိုလည်း ဖြုတ်ပေးလိုက်ကာ နားထဲ သံပရာသီးညှစ်ချလိုက်တော့မှ ကိုရှပ် သတိလည်လာပြီး…

'ငါ… ငါ…'

ဂုန်းခနဲထရပ်လိုက်ကာ မှန်ချပ်အမည်းကြီးဆီ ပြေးကြည့်ပြန်ပါသည်။

'ဟယ်… ငါက ငါပြန်ဖြစ်သွားပြန်ပြီ'

ထင်ကိုတို့သုံးယောက်သား ရယ်ချင်သွားကြသည်။

'ဘယ်လို ငါပြန်ဖြစ်သွားတာလဲ ဟိတ်ကောင်'

ဘယ်လို ရယ်ချင်စရာကောင်းမှန်းကို မသိ။

သို့သော်…

'ဒီပိုင်းကို ဘယ်သူရှင်းမှာလဲ'

သစ်ခွနက် ထိုသို့မေးလိုက်ချိန်မှာတော့…

'ဟာကွာ… ကွိုင်ပဲ'

နောက်ဆုံးမှာတော့ သရဲဖမ်းပွဲတော်မှာ သရဲက သူပိုင်တဲ့ တိုက်ကွက်ကနေ အနိုင်နဲ့ပြန်ပိုင်းသွားခဲ့တာပဲ မဟုတ်လား။

◆ ◆ ◆



ထိုနေ့က ကိုရှပ်တစ်ယောက် ထူးထူးခြားခြား မမူးဘဲ ကိုချွန်နဲ့ ထင်ကိုဆီရောက်လာပြီး…

'ဟိတ်ကောင်တွေ… မင်းတို့နှစ်ကောင်ပေါင်းပြီးတော့ ညှော်ခံပွဲမှာ ငါ့ကို အချွန်နဲ့ မခဲ့ကြတယ်မဟုတ်လား'

'ဟမ်… ဘာကိုပြောတာလဲ'

'ငါ… မျိုးမင်းမင်းသိန်းဖြစ်သွားတဲ့ကိစ္စလေ'

'ခင်ဗျား အမူးလွန်သွားလို့ဖြစ်မှာပေါ့၊ ကျွန်တော်ဖြင့် သိတောင်မသိဘူး'

'မဟုတ်သေးဘူးကွ၊ ငါ မျိုးမင်းမင်းသိန်းဖြစ်ခဲ့သေးတယ်၊ ဘယ်လိုဖြစ်တယ်ရယ် မသိဘူး'

'ဒါဆို ဒေတာ့ကို သွားမေးကြည့်လေ၊ သူ ခင်ဗျား အကြောင်း သိချင်သိမှာ'

'မေးပြီးပြီ၊ သူကလည်း ပြောတယ်'

'ဘာတဲ့လဲ'

'ခင်ဗျား အမူးလွန်သွားလို့ဖြစ်မှာပေါ့၊ ကျွန်တော်ဖြင့် သိတောင်မသိဘူးတဲ့'

ရယ်မိကြပြန်သည်။

'တော်ပြီကွ… လိမ်လိမ်မာမာနေပြီး မသောက်ဘဲနေတော့လည်း မူးတာပဲ၊ သွားတော့မယ်'

'ဘယ်ကိုလဲ'

'ဘုံဆိုင်ကို'

www.burmeseclassic.com

www.burmeseclassic.com



ကိုရှပ်ကို ငေးကြည့်ရင်း သူ့ကို ထပ်မံရယ်မိကြပြန်သည်။

ထိုနေ့က ကိစ္စကိုလည်း တစ်စပ်တည်း ပြန်လည်သတိရမိကြပြန်သေး၏။

❖ ❖ ❖

ထိုနေ့က ကိုရှပ် အလွန်မူးနေခဲ့သည်။ ထို့ကြောင့် သူ့ကို စိတ်ညို့ဆရာလို အမိန့်ပေးရသည်မှာ အရမ်းကို လွယ်ကူခဲ့ပါသည်။

'ကိုရှပ်'

'ဂေ့ . . . အေ့ . . . ပြော'

'စန်ဒါကလော့(စ်)(ခရစ္စမတ်ဘိုးဘိုးကြီး)က ဘယ်နေ့မှာ ကလေးတွေကို လက်ဆောင်ပေးလဲ'

'ခရစ္စမတ်နေ့မှာပေါ့ဟ'

'ဒီနေ့ ဘာနေ့လဲ'

'တော်သလင်းလဆန်း ကိုးရက်နေ့'

'ခင်ဗျားအတွက် စန်ဒါကလော့(စ်)က လက်ဆောင်တစ်ခုဝှက်ပြီးပေးသွားတယ်၊ အရက်ပုလင်းလက်ဆောင်တဲ့၊ အဆောင်ရှေ့ကို ရောက်တဲ့အခါ တည့်တည့်မလျှောက်ဘဲ ညာဘက်ကို ခြေငါးလှမ်းရွှေ့လိုက်၊ ခရစ္စမတ်ဘိုးဘိုးကြီးက ကိုရှပ်အတွက် ရက်(လ်)လေဘယ်တစ်လုံး ချန်ထားခဲ့တယ်'

www.burmeseclassic.com

www.burmeseclassic.com



တကယ်တော့ ထိုနေရာဟာ ရေစီးရေလာမကောင်းတဲ့ မြောင်းပုပ်ကြီးရဲ့ တစ်နေရာပါ။ တကယ်လည်း ကိုရှပ်တစ်ယောက် ဒေတာ့ညွှန်ခဲ့ပွဲမသွားခင် အဲဒီလမ်းစဉ်အတိုင်း လုပ်ခဲ့မိလို့ မြောင်းပုပ်ထဲ ချော်ကျခဲ့ဟန်ပေါ်ပါသည်။ သူ ရောက်လာခဲ့တုန်းက အပုပ်နံ့များ ထောင်းထောင်းထလျက်ရှိ၏။ အဲဒါကို နည်းနည်းမှုံးနေတဲ့ ဒေတာက လူသေကောင်ပုပ်စော်လို့ ထင်မှတ်သွားခဲ့ပုံပေါ်ပါသည်။

ထင်ကိုက ကိုချွန်ကို အကဲခတ်သလိုကြည့်လိုက်သည်။ ပြီးတော့ ကိုရှပ်ကို ထပ်မေးတော့…

'လူဆိုတာ ဘာမျိုးလဲ'

'လိပ်မျိုး'

'ဘာကြောင့်လဲ'

'ကိုယ့်ဘက်ကိုယ် ယက်တတ်လို့'

'မဟုတ်သေးဘူး၊ ထပ်မေးမယ်၊ လူဆိုတာ ဘာမျိုးလဲ'

'ကြောင်မျိုး'

'ဘာကြောင့်လဲ'

'ပျော့ပျော့လေးနဲ့ နံတတ်လို့'

'မဟုတ်သေးဘူး၊ ထပ်မေးမယ်၊ လူဆိုတာ ဘာမျိုးလဲ'

'လင်းတမျိုး'



'ဘာကြောင့်လဲ'

'စောင့်ဆိုင်းခြင်းမှာ စိတ်ရှည်ပြီး မှိုင်တဲ့နေရာမှာ နံပါတ်တစ်'

ကြာတော့ ကိုချွန် စိတ်မရှည်တော့။ အင်းလေ… ထင်ကို လုပ်နေတာကလည်း လိုရင်းကိုမှမရောက်ဘဲ။

'တော်ပါတော့ ထင်ကိုရာ၊ ငါပဲ မေးပါ့မယ်၊ ကိုရှပ်ရေ… တရားသဘောနဲ့ ပြောကြည့်ဗျ၊ လူဆိုတာ ဘာမျိုးလဲ'

သို့မှ ကိုရှပ်ခမျာ မျက်လုံးလေးပေကလပ် ပေကလပ်စဉ်းစားလိုက်ပြီး…

'ဟို… ဘာလဲကွာ၊ ဆရာတော်ဘုရားကြီးတစ်ပါးဟောထားတာ၊ နေပါဦး၊ ဘာအိုးဆရာတော်ဆိုလား'

'ဒယ်အိုးဆရာတော်ပါဗျ'

'အေး… အဟီး… လူဆိုတာ ဟို သေမျိုးလေ'

'လူဆိုတာ သေမျိုးဆိုတာ သေချာသလား'

'သေချာတယ်'

'လူဆိုတာ တစ်နေ့ ဘာဖြစ်မှာလဲ'

'မှုးပြီးသေမှာ'

'ဒါဆို လူဆိုတာ ဘာလဲ'

'သေလူလေ'

'ဟုတ်တယ်၊ လူဆိုတာ ဘာလဲ'

'သေလူဟ၊ သေလူ၊ သေလူ'

www.burmeseclassic.com

www.burmeseclassic.com



ထင်ကိုက 'ရပြီ'ဆိုတဲ့သဘောနဲ့ ခေါင်းတစ်ချက် ညိတ်ပြလိုက်ပြီး…

'ဒေတာ့ကို သိလား'

'ဟာ… မင်းတို့ကကွာ၊ အေ့… အရက်ပုလင်းရှိတဲ့ နေရာလေး ပြောပြပြီး ငါ့ကို ဖွဲ့နေကြတာကိုး၊ ဒေတာဆိုတာ စာရေးဆရာလေ၊ ငါ အခုသွားမှာ သူ့ပွဲ'

'အဟဲ… ဟဲ… ဖွဲ့တယ်လို့တော့ မထင်ပါနဲ့၊ ဒေတာ့ ရဲ့ နာမည်ရင်းက…'

'ဟိုကွာ… ဘာတဲ့… အင်း… ဩော်… ဟုတ်ပြီ၊ ဟုတ်ပြီ၊ ကျော်မိုးနိုင်တဲ့'

'ကျော်မိုးနိုင်က ဘယ်သူလဲ'

'ဒေတာပါဆို'

'ဒီတော့ ဒေတာ့ကို ဘယ်လိုခေါ်မလဲ'

'ကျော်မိုးနိုင်လို့ ခေါ်မှာပေါ့ဟ'

'လူဆိုတာ…'

'သေလူ'

'ဒေတာက'.

'ကျော်မိုးနိုင်'

'အရက်ပုလင်းရှိတဲ့နေရာက…'

'အဆောင်ရှေ့က ဘာတဲ့၊ ညာဘက်ခြေဆယ်လှမ်းဆို လား'



'အိုကေ… အိုကေ'

ထင်ကိုက ကျေနပ်ပြီဆိုတဲ့ သဘောနဲ့ ကိုချွန်ကို ခေါင်းညိတ်ပြလိုက်သည်။

နောက်တော့ ကိုရှပ် လက်ပတ်နာရီကို သုံးနာရီ ရှေ့ စောပေးလိုက်ပါ၏။ (ထို့ကြောင့် ကိုးနာရီအထင်နဲ့ ညှော်ခံပွဲ ကို ထွက်လာခဲ့သူ ကိုရှပ်တစ်ယောက် ပွဲပြီးချိန် ဆယ့်နှစ်နာရီ ကျမှ ရောက်လာခဲ့ပါသည်။)

နောက်တော့ ကိုရှပ်ကို ထင်ကို ရှပ်ဖျက်ပေးလိုက် ပါသည်။

❖ ❖ ❖

www.burmeseclassic.com

www.burmeseclassic.com

## ၁၉။

ထိုနေ့က ညနေခင်းကလေးသည် ရင်ခုန်စရာတွေကို အမောတကောရှာဖွေတတ်သည့် လူပျိုပေါက်စလေးလို လူးလူး လွန့်လွန့်ဖြင့် သူ့ထံသို့ ရောက်ရှိလာခဲ့ပါသည်။

ပက်ဖီယိုက ခုံတန်းလျားလေးမှာ ထိုင်နေပြီး ထင်ကို ကတော့ အင်းယားရေပြင်ကို မတ်တတ်ရပ်ကာ ကြည့်နေ သည်။

'ဒီအချိန် ကန်ရေပြင်ပေါ် ခဲလုံးသေးသေးလေးနဲ့ ပေါက်လိုက်ရင် ငါတို့နှစ်ယောက်ပါတဲ့ မြင်ကွင်းက သိပ် မြန်မာကားဆန်သွားမလား'ဆိုတဲ့ စိတ်နဲ့ သူ ငြိမ်ငြိမ်ကလေး မတ်တတ်ရပ်နေလိုက်သည်။

'ကျွန်မ ရှင့်ကို မေးစရာရှိတယ်'

သူ ခေါင်းညိတ်ပြလိုက်သည်။

'ရှင် ဘာကြောင့် ဒေတာလို့ ပြောနိုင်ခဲ့တာလဲ'

BURMESE CLASSIC .com



'ဒီကောင်က လူတော်ပါ၊ အစစအရာရာ ပိရိသေသပ် စေ့စပ်လွန်းတယ်၊ ဒါပေမဲ့ သူ့ရဲ့ အဲဒီဂုဏ်ပုဒ်ကို တခြားသူ မမြင်အောင် မဖုံးကွယ်တတ်ဘူး၊ အဲဒါ သူ့ရဲ့ အားနည်းချက် နံပါတ်တစ်'

'အင်း…'

'နောက်တစ်ခု နည်းနည်းဆိုးသွားတာက သူ့မှာ Counter Intelligence သိပ်မရှိဘူး'

'တန်ပြန်ထောက်လှမ်းရေး'

ထင်ကိုက စကားကြီးစကားကျယ်ပြောတော့ သစ်ခွ နက်က မျက်စောင်းထိုးပါသည်။ ဒါပေမဲ့ သူမ သိပ်သဘော ကျနေသည်။

'ရှင်က ဆရာကြီးပဲ'

'ဟွန့်… သူမေးလို့လည်း ဖြေရသေးတယ်'

'အင်းပါ… ဟုတ်ပါပြီ၊ ဆက်ပြော'

'နောက်တစ်ခုကတော့ Techno gap ပေါ့၊ နည်းပညာ ကွာဟမှု၊ လူတော်တော်များများ Techno gap ထဲမှာ ပိတ်မိ နေကြတယ်၊ ဆိုပါစို့… လမ်းဘေးဓာတ်တိုင်နားမှာ လူတစ် ယောက် နှပ်ချေးနှိုက်နေတယ် ဆိုပါစို့၊ အဲဒါကို (နိုင်ငံတော် ကို ကာကွယ်တဲ့အနေနဲ့ တပ်ဆင်ထားတဲ့) CCTV တစ်ခုမှာ Record အဖြစ်ရှိနေမှန်း လူတော်တော်များများ သတိမထားမိ ကြဘူး'

www.burmeseclassic.com

www.burmeseclassic.com



'အင်း'

'စူပါမားကက်ထဲ လိုက်လာပြီး ပက်ဖီယို့ကို ခြောက်လှန့်တာ ဒီကောင်ရှူးတာ၊ အင်းလေ··· ဒီကောင်က အရူးပဲဟာ'

ပြောပြီး နှစ်ယောက်သား ရယ်မိကြသည်။

'အဲဒီမှာတင် Techno gap ထဲ သူပိတ်မိသွားတယ်လေ၊ နောက်တစ်ခု သူ့ကို ရှုံးနိမ့်သွားစေတဲ့အရာကတော့ ကံတရားပေါ့'

'ဩော်··· အဲဒီကိစ္စ ကျွန်မ မသိသေးဘူး'

'မျိုးမင်းမင်းသိန်းအစစ်ရဲ့ ဓာတ်ပုံကို ကိုယ်တို့အဆောင်က အစ်ကိုတစ်ယောက်ရဲ့ ဩော်··· သူ့ကို ပက်ဖီယိုသိပါတယ်၊ သရဲဖမ်းပွဲတော်မှာ ကိုယ့်နံဘေးမှာရှိနေတဲ့ ဆရာသမားလေ'

'အင်း··· သိတယ်'

'အင်း··· သူကင်မရာထဲကနေ မျိုးမင်းမင်းသိန်းအစစ်ရဲ့ဓာတ်ပုံ ကိုယ်ရခဲ့တယ်၊ စူပါမားကက်မှာ stick နဲ့ကူးလာခဲ့တဲ့ ဓာတ်ပုံနဲ့ တိုက်ကြည့်လိုက်တော့ နည်းနည်းကွာဟနေတာ သိလိုက်ရတယ်။ ကိုယ့်မှာ ရုပ်ဖျက်ထားတဲ့လူတစ်ယောက်ရဲ့ နဂိုမူလရုပ်ကို ခန့်မှန်းနိုင်တဲ့ ဆော့ဖ်ဝဲတစ်ခုရှိတယ်'

'ဩော်···'

'အဲဒီဆော့ဖ်ဝဲနဲ့ မျိုးမင်းမင်းသိန်းအတုရဲ့ ဓာတ်ပုံကို



ထည့်စမ်းလိုက်တော့ ဒေတာမကျတကျ ထွက်လာတယ်၊ အရာရာကို ခြုံငုံသုံးသပ်ပြီး ဓာတ်ကွက်ဆင်ဖမ်းလိုက်တာ'

'ဖမ်းနည်းကတော့ Counter intelligence နည်းနဲ့ပဲပေါ့၊ ဟုတ်လား'

'မဟုတ်ဘူး၊ အဲဒါကျတော့ Counter attack သရဲအတုကို တန်ပြန်သရဲအတုနဲ့ ပြန်တိုက်တာ၊ တန်ပြန်သရဲအတုကတော့ ဒီနေ့ထက်ထိကို သူ့ကိုယ်သူ ဘာဖြစ်သွားမှန်း မသိလိုက်ဘူး'

ရယ်ကြပြန်သည်။

ဩော်··· ကြည်နူးတယ်ဆိုတာ ဒါမျိုးလား။

နောက်တော့ နှစ်ယောက်သား တိတ်ဆိတ်သွားကြပြီး တစ်ယောက်ကို တစ်ယောက် မရည်ရွယ်ပါဘဲ ကြည့်မိကြပါသည်။

သစ်ခွနက်ကတော့ မျက်နှာလွှဲသွားသည်။

ဒီအချိန်မှာပဲ ဆရာကြီးက တစ်စခန်းထလာလေတော့၏။

❖ ❖ ❖

www.burmeseclassic.com

www.burmeseclassic.com

အဖြစ်အပျက်က လွန်စွာရိုးစင်းပါသည်။

ထင်ကိုက သစ်ခွနက်ထိုင်နေသည့် ခုံတန်းလျားလေးအား သုံးပတ်ပတ်လိုက်ပြီး သူမနားကပ်ထိုင်ကာ တစ်ဖက်သားခံရခက်အောင် နည်းနည်းပြုံးပါသည်။

သူမ မျက်ခုံးနည်းနည်းတွန့်သွားပြီး…

'ရှင် စောစောတုန်းက ဘာလုပ်လိုက်တာလဲ'

'မင်းကို သုံးပတ်ပတ်လိုက်တာလေ'

'အဲဒါတော့ သိတာပေါ့၊ ဘာအဓိပ္ပာယ်လဲ'

'ဂျပန်ရိုးရာနည်းလေးပါ'

'ဟုတ်ပြီလေ၊ ပြောလေ'

'ဂျပန်မှာ ပိဋကတ်သုံးပုံက စာအုပ်ပေါင်းခုနစ်ထောင်နီးပါးရှိတယ်ကွာ၊ ပညာပါရမီဖြည့်ချင်ကြတဲ့ ပုဂ္ဂိုလ်တွေဟာ အဲဒီစာအုပ်ခုနစ်ထောင်နီးနီးကို ဘယ်ကုန်အောင်ဖတ်နိုင်မလဲ၊ အဲဒီတော့ သူတို့က အဲဒီစာအုပ်တွေကို ပတ်ပတ်လည်လှည့်ပေးလိုက်တယ်၊ အဲဒါဟာ သူတို့ အဲဒီစာအုပ်တွေ ဖတ်ပြီးသွားပြီ



ဆိုတဲ့သဘော၊ ဆိုပါစို့… ဘုရားကျောင်းဆောက်ပေးချင်တဲ့ ဒကာတစ်ယောက်ဟာ ငွေကြေးအားဖြင့် မတတ်နိုင်ရင် ဘုရားဆင်းတုတော်ရှေ့သွားပြီး 'တပည့်တော် အရှင်ဘုရားအတွက် ကျောင်းဆောက်ပေးလိုက်ပါသည်'ဆို ပြောပြီး စရိတ်ငွေကြေးအစား ကျောက်တုံးတစ်တုံးကိုသာ ချပေးထားလိုက်၊ အဲဒါ သူ့ တကယ်ကျောင်းဆောက်ပြီး ရသွားတဲ့ကုသိုလ်နဲ့ အတူတူပဲ'

'ဟင်…'

သူမ တကယ်ပင် အံ့အားသင့်သွားသည်။ ကြည့်စမ်း။

ဒါဆို သူမကို သူ စောစောက သုံးပတ်ပတ်လိုက်တဲ့ ကိစ္စကရော…

'ဒါဆို ရှင် ခုနတုန်းက ကျွန်မကို သုံးပတ်ပတ်လိုက်တာကျတော့ရော'

'သြော်… ဒါလား'

သူက မပြောဘဲ 'သြော်'နေသဖြင့် စိတ်တိုရသေးသည်။

'ပြောနော်၊ မပြောဘူးလား'

'အင်း… ဘယ်လိုတောင်ပြောရပါ့'

'ပြောဆို ပြောနော်'

'အာ… ရှတ်ကြီးပဲ'

BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com



'ရှင် အဲလို လက်တစ်လုံးခြားလုပ်နေတာက ပိုဆိုးတယ်'

'ကောင်းပြီလေ၊ စိတ်ဆိုးမှာလား'

'ဆိုးသင့် ဆိုးမှာပေါ့'

'မဆိုးမှ ပြောမယ်'

'ကောင်းပြီဟာ… မဆိုးဘူး၊ ပြော'

'မင်းဟာ ကိုယ့်ရဲ့ချစ်သူဖြစ်သွားပြီ'

'ဟင်…'

ရှင်တော့ ခုန်ပါသည်။ သို့သော် နည်းနည်းတော့ အောင့်သက်သက်ခံလိုက်ရသည်။

'အံမယ်… အဲလိုတော့ ဘယ်လွယ်မလဲ'

'ကိုယ်ကလည်း ပြောပါတယ်၊ မြန်မာနည်းနဲ့သာ ခက်ချင် ခက်မယ်၊ ဂျပန်နည်းနဲ့ဆို လွယ်ပါတယ်လို့၊ ကိစ္စကလည်း အောင်အောင်မြင်မြင်နဲ့ အထမြောက်တယ်၊ စောစောက စိတ်မဆိုးပါဘူးလို့ စကားကလည်း ခံထားတော့ ပက်ဖီယိုစိတ်ဆိုးလို့လည်းမရဘူး၊ အဟဲ…'

ဘေးကျုပ်နံကျုပ်ကြီးပါလား။

သိပ်တော့ မကျေနပ်ဘူး။ ဒါပေမဲ့ ရင်ထဲမှာ ပီတိဖြစ်နေတာ ခက်၏။

'ရှင် လူလည်'

ဒီလောက်ပဲပြောနိုင်လိုက်သည်။



အင်း… ဒီလောက်ပဲ ပြောနိုင်လိုက်ပါသည်။

နောက်ဆုံးမှာတော့ ဂျစ်ပစီဗေဒင်ထဲက နောက်ဆုံးဟောကိန်းတစ်ခု သူမဆီ ရောက်ရှိလာပါတော့၏။

၁၀.၁၁.၁၁

၂၃း၃၅ (တန်ဆောင်မုန်းလပြည့်ည)

**ညွှေး**

www.burmeseclassic.com